www.burmeseclassic.com

တက္ကသိုလ်

# သိဟာဧဘောင်

## မြို့စားနှင့်ကြေးစား

ဝမ်အင်း၏တိယင်



ဒုတိယပိုင်း
ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၃၄၇/၂၀၀၄(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၆၂၀၅၀၁

၂၀၀၅ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀၀/–ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း၊ ကျော်ပုံနှိပ်တိုက်(၀၄၆၈၂)
၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှိပ်**
ဦးထွန်းလင်း၊
(မိုးဇေအော့ဖ်ဆက်)
အမှတ် ၁၄၇၊ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ် သီဟအောင်

# မြို့စားနှင့် ငကြေးစား

ဒု–ထက်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ဆုံး

နံနက်ခင်း၏ နှင်းရည်များအောက်၌ အိမ်ကလေးသည် ာတိ တိတ်ဆိတ်၍နေသည်။

အိမ်ထဲမှာ လှုသံပင်မဆိုထားနှင့် အရိပ်အယောင်ပင် မတွေ့ ပါ။

သို့သော်...

အခန်းတွင်းမှ မီးလင်းနေသည်ကို ဝေ့ ရလေသည်။

ယခုကဲ့သို့ မီးအိမ်ကိုမငြိမ်းသေးဘဲ ထ ရှိခြင်းဖြင့် တစ်စုံ စ်ယောက်သည် ယမန်နေ့ညကတည်းက ေ ၍ နေမည်ဟု င်းစင်၏စိတ်ထဲတွင် စဉ်းစားမိလေသည်။

ထိုသူသည် ရှောင်တိအား စောင့်နေခြင်း ဖြစ်မည်ဟု မင်း င်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ထိုလူသည် မည်သူနည်း။
ရှောင်စိတ်နှင့် မည်သို့ ပတ်သက်နေသနည်း။

★ ★ ★

ရှောင်တိ။

သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မင်းစင်နှင့် လူချင်းခွာလိုက်သည်။

ပြီးမှ...

"ဒီအိမ်ဟာ ကျွန်မ အခုနေတဲ့ အိမ်ပါ"

မင်းစင်သည် အံ့သြဟန်ဖြင့် ...

"အခုနေတဲ့ အိမ် ဟုတ်လား"

ရှောင်တိ ခေါင်းညိတ်ပြသည်။

"ဒါဖြင့် အရင်နေတဲ့အိမ် ရှိသေးတာပေါ့"

"ဟုတ်တယ်"

ရှောင်တိ ပြောလိုက်၏။

မင်းစင်က သူ၏ဦးခေါင်းအား ခါယမ်းပြီး ...

"အင်း... ခင်ဗျားမှာ အိမ်အတော်များများရှိတယ်ပေါ့ ဟုတ်လား"

ရှောင်တိ ပြုံးလိုက်သည်။



"တကယ်တော့ ကျွန်မမှာ အိမ်တစ်လုံးပဲ ရှိတယ်၊ အခုနေတဲ့ အိမ်ဟာ ကျွန်မအိမ်လို့ မဆိုနိုင်ပါဘူး"

ရှောင်တိ ပြုံးလိုက်သည်။

သူမ၏အပြုံးသည် မချိတင်ကဲ အပြုံးမျိုး ဖြစ်လေသည်။

"ကျွန်မ စွန့်ပစ်တာမဟုတ်ပါဘူး၊ အဲဒီအိမ်က ကျွန်မကို စွန့်ပစ်လိုက်တာပါ"

သူမသည် အတန်ကြာ တိတ်ဆိတ်သွားပြီးမှ ...

"ဒါကြောင့်လဲ ကျွန်မ ရှင့်ကို ဒီအထဲ ခေါ်မလာနိုင်တာပေါ့"

"ဒါဖြင့် အခုဘာဖြစ်လို့ လိုက်ပို့နိုင်ရတာလဲ"

"အခုတော့ ကျွန်မ ဖုံးကွယ်မထားချင်တော့ပေါ့"

"ခင်ဗျားက ဘာကို ဖုံးကွယ်ထားလို့ပဲ"

"ကျွန်မမှာ အချစ်ဆုံးလူတစ်ယောက်ရှိတယ်ဆိုတာ ရှင့်ကို မပြောရသေးဘူးလေ"

"ဒါဖြင့် ကျွန်တော့်ကို အခုလာခေါ်တာ ခင်ဗျားရဲ့ အချစ်ဆုံးလူနဲ့ တွေ့ပေးဖို့ပေါ့ ဟုတ်လား"

ရှောင်တိက ပြုံး၍ ခေါင်းညိတ်ပြသည်။

မင်းစင်၏ တစ်ကိုယ်လုံးသည် တုန်ယင်လာသည်ဟု ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ သူသည် သူ၏ဦးခေါင်းကို တွင်တွင်ခါယမ်းပြီး ...

"ဟင့်အင်း ... မတွေ့ချင်ဘူး"

"အို ... ရှင် သူ့ကိုတွေ့မှဖြစ်မယ်၊ တွေ့ရင်လဲ ရှင်သူ့ကို ချစ်မှာပါ"

ရှောင်တီသည် ဤသို့ပြောရင်း တံခါးအားခေါက်လိုက်လေသည်။

"ခေါက် ... ခေါက် ... ခေါက်"

တံခါးခေါက်သံနှင့်မရှေးမနှောင်းမှာပင် ...

"ဟော ... မေမေ ပြန်လာပြီထင်တယ်"

ကလေးငယ်တစ်ယောက်၏အသံ အိပ်ခန်းအတွင်းထဲမှ ထွက်ပေါ်လာ၏။

ထိုအသံနှင့်အတူ တံခါးပွင့်သွားပြီး အမျိုးသမီးတစ်ယောက်သည် သုံးလေးနှစ်အရွယ်ခန့်ရှိ မိန်းကလေးငယ် တစ်ယောက်အား လက်ဆွဲလျက် တံခါးဝတွင် ရပ်နေသည်ကို တွေ့ရလေသည်။

ထိုအမျိုးသမီးသည် အိပ်ရေးမဝဟန် ပေါ်လွင်၍နေသည်။

သုံးလေးနှစ် အရွယ်ခန့်ရှိ မိန်းကလေး၏ ဝိုင်းစက်သော မျက်နှာသည်လည်း အိပ်ရေးမဝသေးဟန်ဖြင့် အိပ်ချင်မူးတူးဖြစ်၍ နေသည်။



ယင်းမိန်းကလေးသည် သူ့၏ဝတုတ်ပြီး ဖွံ့ဖြိုးသော လက်ကလေးဖြင့် မျက်လုံးအား ပွတ်ကြည့်နေလေသည်။

သူမသည် ရှောင်တီအား တွေ့လိုက်သည်နှင့် ...

"ဟော ... မေမေပြန်လာပြီ"

ဟု အော်ဟစ်ရင်း ရှောင်တီအား အတင်းပြေး၍ ဖက်လေသည်။

ရှောင်တီသည် မိန်းကလေးအား အလိုက်သင့်ပင် မွေ့၍ချီလိုက်လေသည်။

ထို့နောက် မိန်းကလေး၏ပါးဖြင့်နှစ်ဖက်အား နမ်းလိုက်ပြီး

"မေမေ ပြန်လာပြီ ပို့ပို့၊ မေမေ့ကို မွှေ မွှေးပေးပါဦး"

မိန်းကလေးသည် ရှောင်တီအား မွှေးမွှေ ပေးလိုက်သည်။

မိန်းကလေးသည် ရှောင်တီအား မွှေးမွှေးပေးနေရင်း မင်းစင်အား တွေ့သောအခါ ထိတ်လန့်သွားလေသည်။

သူမသည် မင်းစင်အား ထိတ်လန့်စွာ ကြည့်၍နေလေသည်။

မင်းစင်သည် သူမ၏မျက်နှာအား တစ်ဖန်သို့ လှည့်လိုက်လေသည်။

သူ၏ ဦးခေါင်းထဲတွင် ရှုပ်ထွေး၍နေသည်။

သူ၏ရင်ထဲတွင် ဝေဒနာတစ်ရပ်ကို ခံစားနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဝေဒနာသည်...

ခါးသလော... ချိုသလော... ချဉ်သလော။

မည်သို့သော အရသာရှိသည်ကို မင်းစင်ခွဲခြား၍ မရတော့ပါ။

☗ ☗ ☗

မည်မျှကြာသွားသည် မသိ။

မင်းစင် လှည့်ကြည့်လိုက်သောအခါ ရှောင်တီသည် မိန်းကလေး အားပွေ့ချီ၍ထားရင်း သူ့အား ပြုံး၍ ကြည့်နေလေသည်။

သူမ၏မျက်လုံးသည် ပျော့ပျောင်း၍နေသည်ဟု မင်းစင် ထင်မှတ်ရလေသည်။

ထို့ကြောင့်...

ရှောင်တီသည် မိန်းကလေးအား...

"သမီး...ဦးဦးလို့ ခေါ်လိုက်စမ်း"

မိန်းကလေးသည် မင်းစင်အား ပြုံးပြလိုက်ပြီး...

"ဦးဦး..."

ဟု၍ ခေါ်လိုက်သည်။

ထို့နောက် ရှောင်တီအား လှည့်ကြည့်ပြီး...

"မေမေ...ဒီ ဦးဦးက လီမှာရဲ့လား"



ရှောင်တီသည် ချိုလွင်သောအသံဖြင့်...

"လီမှာတာပေါ့ သမီးရဲ့၊ သမီးလိုပဲ ပျော်တဲ့ ဦးဦးပေါ့"

မိန်းကလေးသည် မင်းစင်ထံသို့ လက်နှစ်ဖက်ကို ဆန့်တန်းလိုက်လေသည်။

မင်းစင်သည် မိန်းကလေးအား အလိုက်သင့်ပင် ပွေ့ချီလိုက်လေသည်။

☗ ☗ ☗

ပထမဆုံးအကြိမ်။

ဟုတ်ပါသည်။ မင်းစင်အတွက် ယခုကဲ့သို့ ကလေးချီခြင်းမှာ သူ၏တစ်သက်တာတွင် ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။

သူရင်ထဲ၌လည်း မဖော်ပြနိုင်သော ခံစားချက်တစ်ခုကို ခံစားလိုက်ရလေသည်။

သူ၏စိတ်ထဲတွင် ယင်းကလေးသည် သူ၏ ရင်သွေးဖြစ်ကောင်းလေစွဟု မဆီမဆိုင် တောင့်တလိုက်မိလေသည်။

ရှောင်တီသည် သူတို့အား ကြည့်၍နေသည်။

သူမ၏ မျက်ဝန်းအစုံသည် ပို၍ပေါ့ပျော်ပျောင်းလာသည်။ မျက်ရည်ဥကလေးများသည် သူမ၏ပါးပြင်ပေါ်သို့ တလိမ့်ချင်း လိမ့်၍ ကျလာလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အတန်ကြာသည်အထိ ငေး၍နေရာမှ မျက်ရည်များကို သုတ်လိုက်ပြီး ...

"အပြင်မှာ အေးတယ်၊ ကျွန်မတို့ အထဲဝင်ကြရအောင်" ဟုပြောပြီး အခန်းထဲသို့ ဝင်သွားလေတော့သည်။

မင်းစင်သည် ကလေးအားယုယစွာ ပွေ့ချီရင်း ရှောင်တီ၏ နောက်မှလိုက်၍ ဝင်သွားလေသည်။

* * *

တံခါးပိတ်လိုက်သည်။

အပြင်မှ တိုက်ခတ်နေသော လေအေးသည် အခန်းတွင်းသို့ ရောက်ရှိ မလာတော့ပါ။ အခန်းတွင်း၌ နွေးထွေး၍ နေသည်။

ရှောင်တီသည် တံခါးပိတ်လိုက်ပြီးဖြစ်သည်နှင့် မင်းစင်၏ လက်ထဲမှ ကလေးကိုလှမ်း၍ ပြန်ချီလိုက်ပြီး အိမ်ဖော်အမျိုးသမီး လက်သို့ပေးလိုက်သည်။

ကလေးငယ်သည် အိမ်ဖော်အမျိုးသမီး၏ လက်ကို ဆွဲ ရှောင်တီအား မော့ကြည့်လိုက်ပြီး ...

"မေမေ ... အပြင်သွားဦးမလို့လား"

ရှောင်တီသည် ပြုံးလိုက်ပြီး ...



"မေမေ မသွားပါဘူး၊ ဦးဦးနဲ့ စကား ... နည်းနည်းပြောချင်သို့ပါ"

"မေမေ မလိမ်ရဘူးနော်"

"အို ... သမီးကို မေမေ မလိမ်ပါဘူး"

ကလေးသည် နှစ်ခြိုက်စွာ ရယ်မောလိုက်ပြီး အိမ်ဖော်အမျိုးသမီးနောက်သို့ လိုက်သွားလေသည်။

ကလေးသည် အတွင်းခန်းသို့ ဝင်သွားပြီးမှ ပြန်၍ခေါင်းပြူ ... မင်းစင်အား လက်ဖေ့ယမ်းပြလိုက်သည်၊

မင်းစင်သည် ကလေးငယ်အား ပြန်၍လက်ဖေ့ယမ်းပြလိုက် ... သည်။

... သည် ကလေးငယ်အား ပြုံး၍ပြချင်ပ ... သည်။

သို့သော် ...

သူသည် ပြုံး၍ မပြဖြစ်ပါ။

ဘာကြောင့် မပြုံးဖြစ်သည်ကိုမူ သူမသိ ... ။

ကလေးငယ်သည် အတွင်းခန်းသို့ဝင်သွား ... းမှ မင်းစင်သည် ... တီဘက်သို့ လှည့်လိုက်ပြီး

"သိပ်ချစ်စရာကောင်းတဲ့ ကလေးပဲ"

ရှောင်တီသည် ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပြီးချစ်စရာကောင်းတယ်၊ သိပ်ပြီးလဲလိမ္မာတယ်၊ သိပ်ပြီးတော့ သနားစရာ ကောင်းတယ်"

မင်းစင်သည် သက်ပြင်းကို ဖြည်းညင်းစွာချလိုက်ရင်း ...

"ဟုတ်ပါတယ်၊ သိပ်ပြီး သနားစရာကောင်းတယ်"

ရှောင်တီသည် သူမ၏ဦးခေါင်းကို ငုံ့လိုက်ပြီး ...

"ကျွန်မ ဘာဖြစ်လို့ အိမ်မပြန်ရင် မဖြစ်ဘူးဆိုတာ ရှင်သိပြီမဟုတ်လား"

မင်းစင် ခေါင်းညိတ်လိုက်၏။

ရှောင်တီသည် သူမ၏ ဦးခေါင်းကို ဖြည်းညင်းစွာ မော့လိုက်ပြီး ...

"သူ့မှာ အဖေမရှိတော့ဘူး၊ အမေပါ မရှိရင်တော့ ..."

သူမ၏ အသံတိမ်ဝင်သွား၏။

မျက်ဝန်းမှ မျက်ရည်များကလည်း တလိမ့်ချင်းစီးဆင်းကျလာလေသည်။

မင်းစင်သည် သူမ၏ပခုံးအား ဖျစ်ညှစ်လိုက်ပြီး ...

"ကျွန်တော် နားလည်ပါပြီ"

မင်းစင် တကယ်ပင် နားလည်ခြင်းဖြစ်ပါသည်။

လောကတွင် မိဘမဲ့ကလေးလောက် သနားဖွယ်ကောင်းသည်



ကို သူ့ထက် မည်သူမျှပို၍ မသိပါ။ တကယ်တော့ သူသည်လည်း မိဘမဲ့ကလေးပင် မဟုတ်ပါလော။

သူ့ဘဝသည်လည်း အမိမဲ့သား ရေနည်းငါးဘဝပင် မဟုတ်ပါလား။

★ ★ ★

သူတို့သည် မည်မျှကြာအောင် ငိုင်နေသည်မသိ။

ရှောင်တီက သူ၏ပခုံးအား ဖျစ်ညှစ်ထားသော သူ၏လက်ကို အသာအယာဖယ်လိုက်သောအခါမှ သူသည် သတိပြန်ဝင်လာလေသည်။

ရှောင်တီသည် သူ၏လက်ကို အသာအယာဖယ်လိုက်ရင်း

"မိဘတွေ ဘယ်လိုပဲ မှားကြပါစေ၊ ကလေးတွေမှာတော့ အပြစ်မရှိပါဘူး"

မင်းစင်သည် ပင့်သက်ကိုချပြီး သူ၏လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်လေသည်။

ပြီးမှ ရှောင်တီအား ကြည့်ရင်း ...

"ကျွန်တော် ပြန်တော့မယ်"

ရှောင်တီသည် မင်းစင်အား စိုက်၍ကြည့်လိုက်ပြီးလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မပြန်ခင် ကျွန်မ စကားတစ်ခွန်း မေးချင်တယ်"

"ဘာများလဲ … မေးပါ"

"ဪ … တခြားမဟုတ်ပါဘူး၊ ရှင် ကျွန်မကို လိုချင်သလား၊ ကလေးကိုရော လိုချင်သလား"

မင်းစင်သည် ရုတ်တရက် ငိုင်၍သွားသည်။

အတန်ကြာမှ …

"ခင်ဗျားပြောတာမဟုတ်လား၊ ကလေးမှာ အပြစ်မရှိဘူးလို့"

"ဟုတ်တယ်လေ"

"ခင်ဗျားကလေးဟာ ကျွန်တော့် ကလေးပဲပေါ့ဗျ"

"ရှင် … တကယ်"

"ဟုတ်ပါတယ်၊ တကယ်ပါ"

"ရှင် နောက်မှ နောင်တရနေဦးမယ်"

"ကျွန်တော် သေသွားတောင်မှ နောင်တရမှာ မဟုတ်ဘူး ဆိုတာ ယုံပါ"

ရှောင်တီသည် မင်းစင်၏ ရင်ခွင်ထဲသို့ တိုး၍ဝင်လိုက်သည်။ သူမ၏ မျက်ဝန်းမှ မျက်ရည်များသည် တလိမ့်လိမ့်စီးဆင်းလျက် ကျလာလေသည်။

သူမသည် မင်းစင်၏ ရင်ခွင်ထဲတွင် ငိုကြွေး၍ နေသည်။ ဝမ်းနည်း၍ မဟုတ်ပါ။



ဝမ်းသာ၍ ငိုကြွေးနေခြင်းသာ ဖြစ်ပါသည်။

သူတို့သည် တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ဖက်ထားလေသည်။

တစ်ကမ္ဘာလုံးသည် သူတို့၏ရင်ခွင်ထဲ ပျော်ဝင်နေသကဲ့သို့ ခံစားမှတ်နေသည်လားမသိ။ တဖြည်းဖြည်း တင်းကျပ်သည်ထက် တင်းကျပ်စွာ သိုင်းဖက်ထားလေသည်။

အပြင်ဘက်မှ လေသည် အသာအယာတိုက်ခတ်နေသည်။ မှုန်ဝါးသော နှင်းမှုန်များသည် တဖြည်းဖြည်း လေလွင့်ပျံ့၍ သွားလေပြီ။

အရာရာတိုင်းသည် တဖြည်းဖြည်း ကြည်လင်လာသည်။ ဥယျာဉ်တွင်းမှ ပန်းကလေးများသည် ပို၍ပင် ၍လှပစွာ ဖူးပွင့်၍လာလေသည်။ မွှေးကြိုင်သောရနံ့သည် ပို၍သင်း ဆုံလာလေသည်။

ထိုတဒင်္ဂအချိန်လေးတွင် ကမ္ဘာတစ်ခုလုံးသည် ပို၍တိတ်ဆိတ်ပြီး သာယာ၍နေလေတော့သည်။

* * *

အချိန် မည်မျှကြာသွားသည်မသိ။

အတန်ကြာမှ ရှောင်တီသည် မင်းစင်၏ ရင်ခွင်မှ အသာအသာ ရုန်းထွက်လိုက်ပြီး …

www.burmeseclassic.com



"ကဲ ... ရှင် အရင်ပြန်တော့"

"ဗျာ ... ခင်ဗျားရော"

"ကျွန်မ နောက်မှ လိုက်လာမယ်"

"ဘာဖြစ်လို့လဲ"

"ဒီမှာ အထုတ်အစားတွေ သိမ်းရဦးမယ်၊ ပြီးမှ ကလေး[illegible]ခေါ်ပြီး လာခဲ့မယ်"

"အတူတူသွားတာပေါ့၊ ကျွန်တော် ဒီမှာစောင့်နေမယ်"

"ဘာဖြစ်လို့လဲ ... ရှင်မယုံလို့လား"

"ဟင့်အင်း ... စိတ်မချလို့ပါ"

ရှောင်တိသည် ချိုလွင်စွာ ရယ်မောလိုက်ပြီး ...

"ရှင်နောက်တော်ဆိုးတဲ့လူပဲ ... စိတ်ချပါ၊ ဘာလဲ ကျွန်မ လိမ်ပြောနေတယ်လို့ ထင်နေသလား"

"ခင်ဗျား မလိမ်ဘူးဆိုတာယုံပါတယ်၊ ဒါပေမယ့် တစ်[illegible] တစ်ခုဖြစ်မှာစိုးလို့ပါ"

ရှောင်တိသည် မင်းစင်အား ပြုံး၍စိုက်ကြည့်လိုက်ပြီး [illegible] ပျောင်းသော လေသံဖြင့် ...

"စိတ်ချပါရှင် ... စိတ်ချပြီးသာပြန်ပါ၊ ကျွန်မ အမြန်[illegible] လိုက်ခဲ့ပါမယ်၊ ကျွန်မရှင်နဲ့ တစ်သက်လုံးအတူနေဖို့ ဆုံးဖြ[illegible] လိုက်ပါပြီရှင်"



သူမသည် ယင်းသို့ပြောလိုက်ရင်း သူမ၏ ညာလက်ဝါးကို [illegible]ထောင်လိုက်လေသည်။

မင်းစင်သည် ပြုံးလိုက်ရင်း သူ၏ဘယ်လက်ဝါးကို ထောင်[illegible]လိုက်ပြီး ရှောင်တိ၏ လက်ဝါးနှင့် ပူးကပ်ထ[illegible]လိုက်သည်။

လက်ဝါးနှစ်ခုသည် သံလိုက်ဓာတ်ပမာ ပူးကပ်သွားပြီးနောက် [illegible]င်းကျပ်စွာ ဆုပ်ကိုင်လိုက်လေသည်။

✺ ✺ ✺

တောလမ်းကလေး။

လမ်းသည် ကျဉ်း၍ မတ်စောက်၍နေသည်။

မင်းစင်သည် ထိုလမ်းလေးအတိုင်းလျှောက်နေလေသည်။

သူ၏စိတ်ထဲတွင် ရှောင်တိအတွက် ပူပန်နေမိသည်။

ရှောင်တိအပေါ် မယုံကြည်၍မဟုတ်ပါ။

ရှောင်တိကို သူယုံကြည်ပါသည်။

သို့သော် ...

သူ၏ရင်ထဲတွင် ဖော်မပြနိုင်အောင် စိုးရိမ်မှုက လွှမ်းကဲ၍[illegible]သည်။

ထို့ကြောင့်ပင် ချုံကွယ်တစ်နေရာမှ သူ့အ[illegible]လိုက်၍ ကြည့်[illegible]သော မျက်လုံးတစ်စုံကို သူသည် သတိမပြုမိနိုင်တော့။

✺ ✺ ✺

www.burmeseclassic.com

www.burmeseclassic.com



ချုံနွယ်များ အသာအယာ လှုပ်သွားသည်။

ထို့ကြောင့် ...

ချုံနွယ်အတွင်းမှ မျက်လုံးတစ်စုံ ခုန်၍ထွက်လာသည်။

ထိုမျက်လုံးတွင် တစ်စုံတစ်ခုသော ပြဿနာအား ဆင်ခြင်သုံးသပ်နေသည့် အရိပ်အယောင်များ ပေါ်လွင်၍နေလေသည်။

ယင်းမျက်လုံးပိုင်ရှင်သည် မင်းစင်၏နောက်ကျောအား စိုက်ကြည့်ပြီး မင်းစင်သွားရာလမ်းအတိုင်း ဖြည်းညင်းစွာ လိုက်၍ သွားလေတော့သည်။

* * *

မင်းစင်သည် အိမ်တံခါးအား တွန်းဖွင့်လိုက်သည်။

တံခါးပွင့်သွားသည်နှင့် ရှမ်းကျဲကျဲအား တွေ့မြင်လိုက်ရလေသည်။

ဧည့်ခန်းထဲရှိ ကုလားထိုင်ပေါ်တွင် ရှမ်းကျဲကျဲ ထိုင်နေသည်။ သူမ၏ မျက်နှာတစ်ခုလုံးသည် ပြုံး၍နေသည်။

သူမသည် တံခါးဝတွင် ရပ်လျက်နေသော မင်းစင်အား ခေါင်းညိတ်ပြလိုက်လေသည်။

"လာလေ၊ ဒါနဲ့ မင်း ဘယ်သွားနေတာတုန်း"

မင်းစင်က တံခါးကို ပြန်ပိတ်လိုက်ရင်း ...



"ဒါ မမနဲ့မဆိုင်ပါဘူး"

ရှမ်းကျဲကျဲသည် မင်းစင်အား မျက်လုံးပြူး၍ကြည့်လိုက်သည်။

"အမယ် ... မင်းက ငါ့တောင် အာခံ[illegible]ပြီပေါ့"

"ကျွန်တော် မမကို ဘယ်တုန်းကအာခံ[illegible]လဲ၊ ခုကိစ္စက ကျွန်တော့် ကိုယ်ရေးကိုယ်တာကိစ္စ ..."

ရှမ်းကျဲကျဲက လက်ကာပြလိုက်ပြီး ...

"တော်ပါပြီ၊ မင်းကိစ္စကိုလဲ ငါမသိချင်[illegible]၊ ငါအခုလာတာ မင်းကိုသတိပေးဖို့ပဲ"

"ဘာများလဲ"

ရှမ်းကျဲကျဲသည် ထိုင်ရာမှထလိုက်ပြီး . .

"အခု ဘဘတာပေဆီမှာ လူတွေသိပ်[illegible]နေတယ်၊ အဲဒါ မင်းအတွက် အခွင့်အရေးပဲ၊ မင်းနားလည်ရဲ့[illegible]"

ပြောလိုက်သည်။

ထို့နောက် ...

သူမသည် အိတ်ထဲမှ စာရွက်တစ်ရွက် [illegible]ထုတ်လိုက်ပြီး မင်းစင်ထံ ပစ်၍ပေးလိုက်၏။

"ရော ... ဟောဒီမှာ ကျုံ့အမျိုးရဲ့ ကိုယ်[illegible]ဇဝင်အားလုံး

www.burmeseclassic.com

www.burmeseclassic.com



အခုကစပြီး မင်းနာမည်ဟာ ကျိုးဖူး၊ အဲဒီနာမည်နဲ့ မင်းဘာဘတာမေ
ဆီသွားပေတော့"

ပြောပြီး ရှမ်းကျဲကျဲသည် အခန်းထဲမှ ထွက်သွားလေသော
သည်။

⁂

| | |
|---|---|
| အမည် | ကျိုးဖူး |
| အသက် | နှစ်ဆယ့်လေးနှစ် |
| အဘအမည် | ကျိုးယုံ |
| အမိအမည် | ဖူမား |

ကျိုးဖူးအသက်ဆယ်နှစ်တွင် ဖခင်ဆုံးသည်။

| | |
|---|---|
| အလုပ်အကိုင် | လှေထိုးသား |

မှတ်ချက်။ ယခု ကျိုးဖူး ပင့်လယ်ရပ်ခြားသွားနေသည်။ နောက်သုံးနှစ်တွင် ပြန်ရောက်နိုင်မည် မဟုတ်ပါ။

မင်းစင်သည် ယင်းစာရွက်ပါ အကြောင်းအရာများအား သေချစွာဖတ်၍ မှတ်သားထားလိုက်လေသည်။

ထို့နောက် သူသည် ဘာဘတာမေ့ထံသို့ ကျိုးဖူးအဖြစ်သွားရန် ဆုံးဖြတ် လိုက်လေသည်။

⁂



မင်းစင်သည် အိမ်ရှေ့တွင် ထိုင်နေသည်။

ယခုကဲ့သို့ထိုင်နေခြင်းမှာ ယနေ့တစ်ရို ...းပင်ဖြစ်သည်။ ယင်းကဲ့သို့ထိုင်နေ၍လည်း ရှောင်တိဝင်ဂ...သည်ကို သူလှမ်းမြင်လိုက်ရသည်။

ရှောင်တိသည် လက်တစ်ဖက်ဖြင့် တ... ကိုဆွဲ၍လာနေသည်။

သူမ၏ ကျန်လက်တစ်ဖက်တွင် အထုပ်...ထုပ်ကိုဆွဲထားလေသည်။

သူမသည် နွဲ့နွဲ့လေးလှမ်း၍လာနေသည်။

မင်းစင်၏ မျက်နှာသည် ပီတိဖုံးလွှမ်းသွားသဖြင့် ဝင်းလက်၍လာသည်။

သူသည် ထိုင်ရာမှထလိုက်ပြီး ရှောင်... သို့ ပြေး၍သွားလေသည်။

အနားသို့ရောက်သည်နှင့် သူသည်က...ယ်အား ပွေ့ချီလိုက်ပြီး ကျန်လက်တစ်ဖက်ဖြင့် ရှောင်တိ၏ ...ခုံအား လှမ်းဖက်လိုက်လေသည်။

ထို့နောက် ...

⁂

www.burmeseclassic.com

www.burmeseclassic.com



"ဂျိုင်း ..."

မင်းစင်သည် အိမ်တံခါးအား ပိတ်လိုက်လေသည်။

ထို့နောက် ...

သူသည် ရှောင်တီအား လှမ်း၍ကြည့်လိုက်သည်။

ရှောင်တီသည် သူ့အားကြည့်၍နေသည်။

သူမသည် ကရုဏာသက်သော မျက်လုံးအစုံဖြင့် ကျေနပ် စိတ်ဖြစ်စွာ ကြည့်၍နေလေသည်။

ထိုစဉ် ...

"မေမေ ... ဒါဘယ်သူ့အိမ်လဲဟင်"

ကလေးမသည် ဇိုင်းစက်သောမျက်လုံးအစုံဖြင့် မင်းစင်အား ကြည့်ရင်း ရှောင်တီအား လှမ်း၍မေးလိုက်လေသည်။

ရှောင်တီသည် ပြုံးလိုက်ပြီး ...

"ဒါ မေမေတို့အိမ်ပေါ့ သမီးရဲ့"

ကလေးမသည် ခေါင်းကိုခါယမ်းပြီး ...

"ဟင့်အင်း ... ဒါ ဦးဦးရဲ့အိမ်ပါ၊ သမီးတို့အိမ်က ဟိုမှာ မဟုတ်လား"

မင်းစင်က ပြုံးလိုက်ပြီး ...

"သမီးတို့ အိမ်ပဲပေါ့၊ ဒီနေ့ကစပြီး ဦးဦးအိမ်ဟာ သမီးရဲ့ အိမ်ပဲ၊ ပြီးတော့ သမီးရယ် ... ဦးဦးရယ် ဒီအိမ်မှာပဲ နေရမယ်"



"မေမေရော ..."

ရှောင်တီသည် ကလေးငယ်အား ပြုံး၍ကြည့်လိုက်ပြီး ...

"မေမေလဲ နေမှာပေါ့"

သူမ မျက်ဝန်းအစုံသည် ဖျော့ဖျော့ ရွှန်းနေပေသည်။

နေဝင်ဆည်းဆာ၏ နေရောင်ခြည်ကျနေသည့် ကန့်ရေပြင်ပမာ ဖျော့ဖျော့ရွှန်း၍နေလေတော့သည်။

"အစ်ကို ..."

ရှောင်တီ၏အသံက နူးညံ့နေသည်။

"ဟင် ..."

"ဒီနေ့ကစပြီး ကျွန်မတို့သားအမိ အေးချမ်းသာယာတဲ့ဘဝနဲ့ နေကြပါစို့နော်"

မင်းစင် ခေါင်းညိတ်လိုက်၏။

သို့သော် ...

သူ၏ရင်တွင် ဖော်မပြနိုင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရလေသည်။

ရှောင်တီ တောင်းဆိုသည့်အတိုင်း သူ ဘိုဘဝသည် သာယာနိုင်ပါမည်လား။

ရှောင်တီ တောင်းဆိုချက်ကို သူ့အနေဖြင့် ဖြည့်ဆည်းနိုင်စွမ်း ရှိပါမည်လားဟူ၍ တွေးလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းမေတ္တာသည် ယခုလက်ရှိအိမ်စုတ်ကလေးလို သာယာဝပြောသောအိမ်ကလေးတစ်ခု ဖြစ်လာအောင် ဖန်တီးပေးနိုင်ပါမည်လေ။

ယခု သူသည် တစ်ကိုယ်ရေတစ်ကာယ မဟုတ်တော့ပါ။

သူသည် အိမ်ထောင်ရှင် ဖြစ်လာပြီ မဟုတ်ပါလား။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး အိတ်ထဲသို့လက်နှိုက်လိုက်လေသည်။

သူလက်ပြန်ထုတ်လိုက်သောအခါ သူ့လက်ထဲတွင် ငွေလွှဲလက်မှတ်တစ်ရွက် ပါလာလေသည်။

ထိုငွေလွှဲလက်မှတ်သည် သူ၏နောက်ဆုံးကျန်ရှိနေသော စာရွက်ပင် ဖြစ်လေသည်။

ယင်းစာရွက်သည် သူ၏ရှိသမျှ အချမ်းသာဆုံးသော ငွေမျှသာ ဖြစ်လေသည်။

ထို့ကြောင့် သူသည် ရှေ့ရေးကို တွေးမိလာခဲ့သည်။

ယင်းသို့ တွေးမိသည်နှင့်သူ၏ လက်ဝါးတွင် ချွေးများစို့၍ လာလေတော့သည်။

ရှောင်တိသည် သူ့အား စေ့စေ့ကြည့်နေ၏။

သူမသည် မင်းစင်၏သဘောကိုနားလည်လိုက်ပါသည်။

ထို့ကြောင့် ...



သူမသည် မင်းစင်အား နှစ်သိမ့်ပြုံးကလေးပြုံးပြလိုက်ပြီး

"မပူပါနဲ့ အစ်ကိုရယ်၊ ဘယ်လိုပဲ ဆင်းရဲပါစေ၊ ကျွန်မတို့ ပျော်ပါတယ်"

မင်းစင်က ခေါင်းခါယမ်းလိုက်ပြီး ...

"မဖြစ်သေးဘူး ညီမ၊ အစ်ကိုတို့အတွက် အရေးမကြီးပေမယ့် ကလေးကိုတော့ စားရမဲ့ သောက်ရမဲ့ မဖြစ်စေချင်ဘူး၊ ဒီတော့ အစ်ကို ကြိုးစားမယ်"

မင်းစင်၏စိတ်ထဲတွင် အစ်မကြီးရှမ်ကျွဲ ပေးအပ်ထားသော တာဝန်ကို အပြီးတိုင်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေသည်။

ထိုတာဝန်ပြီးဆုံးမှသာ သူ့အတွက် ငွေရမည်မဟုတ်ပါလော။

မင်းစင်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး ...

"ညီမ ဒီအိမ်မှာ ဆယ်ရက်လောက် စောင့်နိုင်မလားဟင်"

ရှောင်တိသည် မင်းစင်အားမော့ကြည့်လိုက်ပြီး ...

"ရှင် ... ဆယ်ရက် ဟုတ်လား၊ အစ်ကို ဘယ်များသွားမလို့လဲ"

"အစ်ကို့မှာ ကိစ္စတစ်ခုကို လုပ်စရာကျန်သေးတယ်၊ ဒီကိစ္စပြီးရင်တော့ ကလေးရဲ့ နောင်ရေးကို မပူရစေဘူး"

"ဆယ်ရက်ကြီးများတောင် သွားရမှာလား အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီထက်စောစောမြန်ရောက်အောင် အစ်ကို ကြိုးစားပါ့မယ်"

ရှောင်တီသည် သူမ၏ဦးခေါင်းကို ငုံ့လိုက်ပြီး ...

"အရင်တုန်းကဆိုရင် ဆယ်ရက်မပြောနဲ့၊ဆယ်နှစ်တောင် မြန်လွန်းတယ်လို့ထင်ရတာ၊ ဒါပေမယ့် ... အခုတော့"

ရှောင်တီသည် သူမ၏စကားကိုဆက်မပြောတော့ပဲ မင်းစင်၏ ရင်ခွင်တွင်းသို့ တိုးဝင်လိုက်သည်။

ပြီးမှ ...

"အခုတော့ အစ်ကိုနဲ့ ခွဲမနေချင်ဘူး၊ အစ်ကိုမရှိရင် ကျွန်မ နေတတ်မှာ မဟုတ်တော့ပါဘူး"

မင်းစင်သည် သူမကို အသာအယာဖက်ထားပြီး သူမ၏ဆံပင် ကို ပွတ်သပ်ပေးရင်း ...

"အားတင်းစမ်းပါ ညီမရယ်၊ အခု ဆယ်ရက်လောက် ခဏ ခွဲနေရမှာပါ၊ နောက်ဆို ဘယ်တော့မှ မခွဲရတော့ပါဘူး ကွယ်"

ရှောင်တီသည် မင်းစင်၏ရင်ခွင်တွင်း၌ သူမ၏ဦးခေါင်းကို ဝှက်ထားရင်း

"အစ်ကို ဘယ်သွားမယ်ဆိုတာ မပြောနိုင်ဘူးလားဟင်"



"မသိချင်စမ်းပါနဲ့ ညီမရယ်၊ အစ်ကို ဆယ်ရက်လောက် ဆက်စောပြီး အမြန်ဆုံးပြန်လာခဲ့ပါ့မယ်"

ရှောင်တီ၏မျက်ဝန်းအိမ်မှ မျက်ရည်ပူ ၂ သည် တစ်လိမ့် ချင်းလိမ့်၍ လာလေသည်။

ထိုမျက်ရည်များသည် မင်းစင်၏ရင်ခွင်ပေါ်သို့ တစ်ပေါက် ပြီး တစ်ပေါက် ကျလာလေသည်။

မင်းစင်သည် သူမ၏ဆံပင်ကို ယုယစွာ ငုံ၍ နမ်းလိုက်ပြီး လှချင်း ခွာလိုက်သည်။

ထို့နောက် မင်းစင်သည် ရှောင်တီအား သဲသဲကလေးပြုံးပြ လိုက်ပြီး ထွက်ခွာသွားလေတော့သည်။

ရှောင်တီသည် တဖြည်းဖြည်းဝေး၍သွားသော မင်းစင်၏ နောက်ကျောအား ငေး၍ကြည့်ရင်းကျန်ခဲ့လေသည်။

အကယ်၍သာ သူမသည် မင်းစင် သွားမည့်နေရာအား မင်းစင် သွားရောက်သတ်ရမည့်လူမှာ မည်သူဖြစ်သည်ကို သိခဲ့ပါ လျှင် သူမသည် မင်းစင်အား မဖြစ်ဖြစ်သည့်နည်းဖြင့် ဟန့်တား မည်မှာ မလွဲကေန်ဖြစ်ပေသည်။

ယခုမူ ...

www.burmeseclassic.com



ည။

လမင်းကထိန်ထိန်သာလျက်ရှိသည်။

ထို့ကြောင့် ...

ဝန်းကျင်တစ်ခုလုံးအား လမင်း၏အလင်းရောင်က လွှမ်းခြုံထားလေသည်။

ဂန္ဓမာဥယျာဉ်။

ယင်းဥယျာဉ်သည် ဘဘတာပေ၏ ဥယျာဉ်ဖြစ်ပေသည်။

လရောင်အောက်တွင် ထိုဥယျာဉ်သည် ပို၍ လှပနေလေသည်။

မင်းစင်သည် ဘဘတာပေ ဂန္ဓမာဥယျာဉ်ဆီသို့ ဦးတည်၍ လျှောက်လာနေလေသည်။

ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍နေလေသည်။

ဥယျာဉ်၏တံခါးသည် ပွင့်လျက်နေသည်။

ဥယျာဉ်ထဲတွင် သက်ရှိသတ္တဝါဟူ၍ လုံးဝမတွေ့ရပါချေ။

လေနုအေးအေးကလေး တိုက်ခတ်သဖြင့် ပန်းချင်းထိတွေ့သံ၊ သစ်ရွက်ချင်းထိတွေ့သံမှအပ မည်သည့်အသံမှ မကြားရချေ။

မင်းစင်သည် ဝန်းကျင်ကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး ဥယျာဉ်ထဲသို့ ခြေလှမ်းလိုက်လေသည်။



သူသည် ဥယျာဉ်ထဲသို့ ခြေတစ်လှမ်း လှမ်းမိသည်နှင့် ...

"ကလင် ... ကလင်"

ဟူသောအသံသည် ရုတ်တရက်ပေါ်ထွက်လာပြီး မြားအစင်းပေါင်းများစွာသည် ပန်းရုံများကြားမှ ပစ်လွှင့်လာလေသည်။

ရုတ်တရက် ...

မင်းစင်၏ကိုယ်ခန္ဓာသည် မြားတစ်စင်းပျံသည့်အပေါ်သို့ ခုန်တက်သွားလေသည်။

တစ်ချိန်တည်းမှာပင် သူသည် သူ၏ဓားကိုထုတ်ယူပြီး သူ့ကိုယ်ခန္ဓာအား စက်ဝိုင်းသဏ္ဌာန်ဝိုင်း၍ဖြတ် ပိုက်လေသည်။

ထို့နောက် ...

သူသည် ပန်းရုံတစ်ခုထဲသို့ ညင်သာစွာပြန်ဆင်းလာလေသည်။

ဝန်းကျင်သည် ပြန်လည်၍တိတ်ဆိတ်နေလေသည်။

မင်းစင်သည် အတန်ကြာသည်အထိ အန္တရာယ်၏အနံ့ကိုခံ၍ နေသည်။

ပန်းဥယျာဉ်သည် တိတ်ဆိတ်မြဲတိတ်ဆိတ်၍နေသည်။

မင်းစင်သည် သူ၏ဓားအား ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်နှင့် ရုတ်တရက် ပန်းရုံကြားမှ ဓားရောင်တစ်ခု ထွက်ပေါ်လာပြီး ဓားလေးလက်ဖြင့် ချောင်းမြောင်းပစ်ခတ်လိုက်သည်။

သူသည် လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။

www.burmeseclassic.com



လက်ဖျံ၊ တံတောင်၊ ခြေဖျားတို့ကို ဆက်တိုက်လှုပ်ရှားလိုက်လေသည်။

ထိုစဉ် လူလေးယောက်သည် ပန်းရုံများကြားမှ ခုန်၍ထွက်လာပြီး မင်းစင်အား တစ်ပြိုင်တည်းတိုက်ခိုက်လေတော့သည်။

တစ်ယောက်က မင်းစင်၏ခြေထောက်အား ခုတ်လေ၏။

တစ်ယောက်က သူ၏ခါးအား ပိုင်းသည်။

တစ်ယောက်က သူ၏ရင်ဝအား ထိုးစိုက်လေသည်။

ကျန်တစ်ယောက်က သူ၏ဦးခေါင်းအား နောက်မှဝင်၍ပိုင်းလေသည်။

မင်းစင်သည် ခုန်ရှောင်၍ မဖြစ်တော့ပါ။

ထို့ကြောင့် သူ၏ခြေဖျားသည် ဓားတစ်လက်အား ခတ်ထုတ်လိုက်သည်။

သူ၏လက်ဝါးစောင်းသည် ကျန်လူတစ်ယောက်၏ ပခုံးပေါ်သို့ ခုတ်ချလိုက်သည်။

နောက်မှဝင်၍ ပိုင်းသူကို မင်းစင်က တံတောင်ဖြင့်တွတ်လိုက်၏။

ရှေ့မှဝင်ထိုးသူကိုတော့ သူသည် ဖမ်း၍ချုပ်ထားလိုက်သည်။

ထိုစဉ် ...



ပန်းရုံများကြားမှ များစွာသော ဓားများ ပေါ်ထွက်လာလေသည်။

ဓားအလက်ပေါင်း သုံးဆယ်ခန့်သည် မင်းစင်အား ဝိုင်း၍ထားလေသည်။

မင်းစင်သည် ဖမ်းချုပ်ထားသော သူအား ဓားပေးသို့တွန်းထုတ်လိုက်ပြီး တစ်ပြိုင်တည်း သူ၏ ဓားအိမ်မှဓားကိုဆွဲ၍ ထုတ်ယူလိုက်လေသည်။

လရောင်တွင် ဓားရောင်သည် ဝင်းခနဲလက်၍သွားလေသည်။

သူ့လက်ထဲတွင် ဓားတစ်လက်သာရှိသည်။

သူ့အားဝိုင်းထားသည့် ဓားအလက်ပေါင်း သုံးဆယ်ခန့်။

သူ၏ရင်ထဲတွင် တစ်စထက်တစ်စ လေးလံ၍လာလေသည်။

သူ့၏လက်ဖဝါးတွင် ချွေးများစို့၍လာလေသည်။

ဘဘတာမေ့၏ ဥယျာဉ်သည် သူတွေးထင်ထားသည်ထက် ဆယ်ဆမက အန္တရာယ်များလှပေသည်။

ဓားအလက်ပေါင်းသုံးဆယ်သည် သူ့အား ဝက်ဝိုင်းသဏ္ဌာန်ဖြင့်ဖြည်းဖြည်း ကျဉ်း၍လာလေသည်။

သူသည် ယင်းစက်ဝိုင်းအား ထိုးဖောက်၍ ထွက်နိုင်ပါမည်လော။

သူ၏လက်ဝါးသည် ချွေးများကြောင့် စေးကပ်၍နေပြီ။

www.burmeseclassic.com



စက်ဝိုင်းသည် ကျဉ်းသည်ထက်ကျဉ်း၍ လာချေပြီ။

မင်းစင်သည် ယင်းစက်ဝိုင်းအား မည်ကဲ့သို့ထိုးဖောက်ရမည်ကို စဉ်းစား၍မရ။

ယင်းကဲ့သို့ အကျပ်အတည်းဖြစ်နေချိန်တွင် ...

"ရပ်လိုက်"

ဟူသောအသံသည် ဂန္ဓမာဥယျာဉ်တစ်ခုလုံးအား လွှမ်းခြုံသွားလေသည်။

ထိုအသံသည် ဂါထာတစ်ခုလုံးအား ရွတ်ဆိုလိုက်သည့်အလား ဓားအလက် သုံးဆယ်ခန့်သည် လျှပ်တစ်ပြက်အတွင်း ကွယ်ပျောက် သွားလေတော့သည်။

ဂန္ဓမာဥယျာဉ်သည် ပြန်လည်၍ ငြိမ်သက်သွားလေတော့သည်။

မင်းစင်သည် ထိုအသံရှင်မှာ ဘဘတာပေ ဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်လေသည်။

ထို့ကြောင့် သူသည် ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်ရင်း အသံလာရာကို လှည့်၍ကြည့်လိုက်လေသည်။

လရောင်အောက်တွင် ဘဘတာပေ တစ်ယောက်တည်း ရပ်နေသည်ကို တွေ့ရ၏။

သို့ရာတွင် ဘဘတာပေ တစ်ယောက်တည်း ရပ်မနေပါ။



သို့ရာတွင် ဘဘတာပေသည် လူအများနှင့် ရော၍ရပ်နေသော်လည်း မည်သူမဆို သူ့အား ပထမဆုံးတွေ့မြင်တတ်သော လူတစ်ယောက်ပင် မဟုတ်ပါလော။

ထို့ကြောင့် မင်းစင်သည်လည်း ဘဘတာပေအား လူအများနှင့်ရော၍ရပ်နေသော်လည်း ဘဘတာပေကိုသာလျှင် ပထမဆုံး တွေ့လိုက်ရသည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com

# အလုပ်သမား

ဘဘတာပေ။

သူသည် မီးခိုးရောင် အဝတ်အစားများကို ဝတ်ဆင်၍ထား သည်။

သူ၏လက်နှစ်းဖက်ကို နောက်ပစ်လျက် စူးရှသောမျက်လုံး များဖြင့် မင်းစင်အားခြေဆုံးခေါင်းဆုံး အကဲခတ်၍နေသည်။

ပြီးမှ ပြုံးလိုက်ပြီး ...

"မင်းရဲ့ ကိုယ်ဖော့ပညာဟာ မဆိုးပါလား"

မင်းစင်က မဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး ...

"ကျွန်တော်က ဒီပညာကို ဘဘတာပေအတွက် ပေးဖို့လာ တာပါ၊ ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လဲ"



"ဘဘအပေါ် ကျွန်တော် စိတ်ပျက်သွားပြီ"

မင်းစင်သည် ဤသို့ပြောပြီး ချာခနဲလှည့်လိုက်လေသည်။

ဘဘတာပေသည် ရယ်မောလိုက်ပြီး ...

"ဒီနေရာဟာ လာချင်တိုင်းလာပြီး သွားချင်တိုင်းသွားလို့ ရတဲ့နေရာလို့ မင်းထင်နေသလား"

မင်းစင်သည် ဘဘတာပေထံသို့ ပြန်လှည့်လိုက်ပြီးလျှင်

"ဘာလဲ ... ကျွန်တော်က ဘဘပစ္စည်းခိုးသလား"

"မခိုးပါဘူး"

"ဘဘရဲ့လူကို ကျွန်တော် သတ်သလား"

"မသတ်ပါဘူး"

"ဒါဖြင့် ကျွန်တော်ဘာဖြစ်လို့ မသွားနိုင်ရမှာလဲ"

"မင်း ဘာကိစ္စနဲ့ လာတယ်ဆိုတာ ငါမသိရသေးလို့ပေါ့"

"ကျွန်တော်ပြောပြီးပြီလေ၊ ကျွန်တော့်ရဲ့ ကိုယ်ဖော့ပညာကို ဘဘအတွက် ခိုင်းချင်တာခိုင်းဖို့ လာပေးတာလို့"

ဘဘတာပေသည် ပြုံးလိုက်ပြီး ...

"ဒါပေမယ့် မင်းကဘာဖြစ်လို့ ညဥ့်နက်သန်းခေါင်မှ လာ တာလဲ၊ ညဥ့်နက်မှလာတဲ့သူဟာ သူခိုးပဲဖြစ်နေမှာပါ၊ မိတ်ဆွေ ကောင်း မဖြစ်နိုင်ဘူးထင်တယ်"

မင်းစင်သည် သူ၏နှုတ်ခမ်းကို တစ်ချက်မဲ့လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ မိတ်ဖွဲ့ချင်ရင် နေ့ရယ်၊ ညရယ် အချိန်မရွေးဘူး၊ ဪ … တစ်ခုတော့ရှိတယ်၊ ဘာဘာကို ဒုက္ခပေး ချင်တယ် ဆိုရင်လဲ အချိန်ရွေးနေမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့"

"ဘယ်အချိန်မဆို သိပ်မှမထူးဘဲ၊ အသုံးမကျတဲ့လူကသာ ညဥ့်နက်မှာ ကင်းပုန်းတွေ မချထားဘူးလို့ထင်မှာ"

ဘာဘာတာပေ့သည် သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေသည်

"ငါ့မွေးနေ့တုန်းက မင်းလာသေးသားပဲ၊ အဲဒီအချိန်က ဘာဖြစ်လို့ မိတ်ဖွဲ့စကား မပြောတာလဲ"

မင်းစင်၏ ရင်ထဲ ထိတ်ခနဲ တုန်လှုပ်သွားလေသည်။

လက်ဖဝါးတွင်လည်း ချွေးများစို့လာသည်။

ဘာဘာတာပေ့၏ မွေးနေ့ပွဲကျင်းပခဲ့သည်မှာ ကြာပြီဖြစ်သည်။

ဤမျှအချိန်ကြာသည့်တိုင်အောင် မိမိအားမှတ်မိနေခြင်းမှာ ဘာဘာတာပေ့၏ ထူးခြားသောအစွမ်းသတ္တိပင်ဖြစ်ကြောင်း မင်းစင် နားလည်လိုက်လေသည်။

မင်းစင်သည် သူ့ရင်ထဲတွင် ထိတ်လန့်တုန်လှုပ်သွားခြင်း ကို မျက်နှာတွင်မပေါ်အောင် ထိန်းလိုက်ရင်း …

"အဲဒီနေ့က မိတ်ဖွဲ့ရအောင်လာတာမှ မဟုတ်ဘဲဗျ"

"ဒါဖြင့် ငါ့မွေးနေ့ကို လာပြီး ဂုဏ်ပြုတာပေါ့"



"မဟုတ်ဘူး"

"ဒါဖြင့် …"

"ကျွန်တော် ဘာဘာကိုလာကြည့်တာ"

"ဘာကြောင့် …"

"ဘာဘာနဲ့ သိမ်းငှက်မြို့စားကြီး ဘယ်သူ့ကို မိတ်ဖွဲ့ရရင် ကောင်းမယ်ဆိုတာ လာကြည့်တာ"

"ဘာ့ကြောင့် ငါ့ကိုရွေးရတာလဲ"

"ကျွန်တော်မှ သိမ်းငှက်မြို့စားကြီးကို တွေ့ခွင့်မရဘဲ"

ဘာဘာတာပေ့သည် ရယ်မောလိုက်ပြီး ရှင်းစွမ်းဘက်သို့ လှည့်ကာ …

"ဟော … ဒီသူငယ် မဆိုးဘူးကွ၊ သူ့နာမည် မှတ်မိသေးရဲ့လား"

ရှင်းစွမ်းသည် သူ၏ပခုံးကို တွန့်လိုက်ပြီး …

"ဘာဖြစ်လို့လဲ … မှတ်မိပါတယ်၊ ဒါပေမယ့် ကျွန်တော် မေ့လိုက်ပါပြီ"

ဘာဘာတာပေ့က မျက်ခုံးအား လှုပ်လိုက်ပြီး …

"ဘာဖြစ်လို့"

"အဲဒီနေ့က သူပေးခဲ့တဲ့နာမည်ဟာ နာမည်ရင်းမဟုတ်လို့ ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘဘတာပေသည် ခေါင်းကို တဆတ်ဆတ် ညိတ်ရင်း ပြော၏။

"သူပြောတဲ့စကားကို မင်းယုံသလား"

ရှင်းစွမ်းသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ အခု သူပြောတဲ့စကားဟာ နားထောင်လို့ မကောင်းဘူး၊ ဒါပေမယ့် နားထောင်လို့ မကောင်းတဲ့ စကားကာ မှသားမပါဘူးလို့ ယုံတယ်"

ဘဘတာပေသည် မေးစေ့အား လက်ဖြင့်ပွတ်လိုက်ပြီး ...

"မင်းကရော ဒီလူနဲ့ မိတ်ဖွဲ့ချင်သလား"

ရှင်းစွမ်းက ...

"ဟုတ်ကဲ့"

မင်းစင်သည် ရှင်းစွမ်းအား ပြုံးပြလိုက်ပြီး ...

"ကျွန်တော်လဲ ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့ချင်ပါတယ်"

ဘဘတာပေသည် တဟားဟား ရယ်မောပြီး ...

"ကဲ ... ရှင်းစွမ်း၊ ဒီသူငယ်ကို မင်းပဲတာဝန်ယူပြီး နေရာချထားပေးလိုက်ပါ"

ပြောပြီး ထွက်ခွာသွားလေတော့သည်။

ဥယျာဉ်ထဲတွင် လူသားနှစ်ဦးသာ ကျန်ခဲ့သည်။

မင်းစင်နှင့် ရှင်းစွမ်းတို့သာ ဖြစ်ပါသည်။



သူတို့သည် တစ်ဦးကိုတစ်ဦး အတန်ကြာအောင် ကြည့်နေပြီးမှ ရှင်းစွမ်းက စတင်၍ ပြုံးလိုက်ပြီး ...

"ဒါနဲ့ ဒီကမိတ်ဆွေရဲ့ နာမည်က ...

"ကျိုးဖူး"

"အသက်"

"နှစ်ဆယ့်လေးနှစ်"

"အဘအမည်"

"ကျိုးယုံ"

"အမိအမည်"

"ဖူမား"

"ဇာတိက"

"လုတုံး"

"ဒါဖြင့် လုတုံးက ဟုဟွားကိုသိသလား"

"ကျိုးတုဟွားလား"

"အေး"

"သိတယ်၊ သူဟာ ကျွန်တော့် ဦးလေ"

"မင်းသူ့ကို ဒီတလော တွေ့ခဲ့သေးလား"

"ဟုတ်ကဲ့ တွေ့ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဟိုတလောက တိမ်စွဲလို့ ခွဲထားတဲ့ သူ့ မျက်လုံးရော သက်သာသွားပြီလား"

"သူ့မှာ ဘယ်တုန်းကမှ မျက်လုံးကို တိမ်မစွဲခဲ့ပါဘူး"

ရှင်းစွမ်းသည် သဘောကျစွာခေါင်းညိတ်လိုက်လေသည်။

ထိုစဉ်

"ဟား ... ဟား ... ဟား"

ရယ်မောသံကျယ်လောင်စွာ ထွက်ပေါ်လာပြီး ...

"ကဲ ... ကဲ ... ဒီကနေ့ကစပြီး မင်းဟာ ငါ့ရဲ့မိတ်ဆွေဖြစ်ပြီ"

ပြောလိုက်သော ဘာဘတာပေ့၏အသံကို သူဝို့ကြားလိုက်ရသည်။

မင်းစင်သည် ဘာဘတာပေ့အား အံ့သြ၍သွားလေသည်။

ဘာဘတာပေ့သည် သူ၏မျက်စိအောက်မှ ထွက်ခွာ၍သွားခဲ့သည်။

ယခု ဘာဘတာပေ့သည် သူနောက်တွင် ရောက်၍နေသည်။ မည်သည့်အချိန်ကတည်းက ရောက်နေမှန်း မင်းစင် မသိသော် တစ်ခုတော့ မင်းစင် သိလိုက်ပါသည်။

၎င်းသည်မှာ ဘာဘတာပေ့၏ ကိုယ်ဖျောက်ပညာမှ ထိပ်တန်းထက် သာလွန်နေခြင်းပင်ဖြစ်ပေသည်။

❖ ❖ ❖



သပ်ရပ်သန့်ရှင်းသော အခန်းထဲသို့ ရှ ှုမ်းသည် မင်းစင်အား လိုက်လံပို့ဆောင်ပြီး ...

"ကဲ ... ကျုံးဖူး၊ ခင်ဗျား နေသာသလ ် နေပေတော့၊ အဲဒီမှာ အရက်လဲ ရှိတယ်၊ တရေးတမော အိပ် ိုက်ဦးပေါ့ဗျာ"

ပြောထွက်သွားလေသည်။

မင်းစင်သည် အခန်းအား ဖော်စ်ချက် ှေ့ရှုကြည့်လိုက်ပြီး ခုတင်ရှိရာသို့ လျှောက်လာသည်။

ထို့နောက် ခုတင်ပေါ်တွင်လဲလျောင်းတ ာ အိပ်စက်လိုက်လေသည်။

သို့သော် ...

သူသည် အိပ်စက်၍မရသေးပါ။

သူ၏စိတ်မာတ်သည် တက်ကြွလျက် နေသည်။

သူတွေးထင်ထားသည့်ထက် လွယ်ကူ ေ၍လည်း သူ၏ စိတ်သည် ရှုပ်လန်း၍နေလေသည်။

ဘာဘတာပေ့သည် သူတွေးထင်ထားသ ို ်ါးနပ်ခြင်းမရှိဟု သူတွေးမိသည်။

ထို့ကြောင့် သူသည် ယဲ့ယဲ့ကလေးပြုံ လိုက်မိသည်။

ထိုစဉ် ...

သူ၏အတွေးထဲသို့ ရောင်တိ ဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်လောက်ဆိုလျှင် ရှောင်တီတစ်ယောက် ကလေး ချော့သိပ်နေပြီလော။

အိပ်၍ပျော်နေပြီလော။

သူသည် ယင်းအတွေးကိုဖြတ်လိုက်ပြီး သူဆောင်ရွက်ရမည့် တာဝန်ကိုအမြန်ဆုံးပြီးအောင် ဆောင်ရွက်ရန် ဆုံးဖြတ်လိုက်လေ သည်။

သို့မှသာ ရှောင်တီထံသို့ သူအမြန်ဆုံးပြန်နိုင်မည် မဟုတ် ပါလော။

✱ ✱ ✱

ဖျတ်ခနဲ လန့်သွားသည်။

ထို့ကြောင့် မင်းစင်သည် အိပ်ရာမှ ဆတ်ခနဲထ၍ ထိုင်လိုက် သည်။

ခုတင်ဘေးတွင် ရှင်းစွမ်းသည် ရပ်လျက်သူ့အားပြုံးစိစိဖြင့် ကြည့်နေသည်ကို သူတွေ့လိုက်ရသည်။

ရှင်းစွမ်းသည် မည်သည့်အချိန်ကတည်းက ရောက်နေသည် ကို သူမသိပါ။

သူသည် ရှင်းစွမ်းအား ပြုံး၍ပြလိုက်သည်။

ရှင်းစွမ်းကလည်း သူ့အားပြုံး၍ ...



"ဘယ်နှယ်လဲ ... အိပ်လို့ တော်တော် ကောင်းရဲ့လား"

"ဒါဆို ထပြီး မျက်နှာသစ်ဗျာ၊ ဘဘတာပေက ခင်ဗျားနဲ့ နံနက်စာ အတူတူစားဖို့ စောင့်နေတယ်"

မင်းစင်၏ မျက်ခုံးမွေးသည် နဖူးသို့မြင့်၍တက်သွားသည်။

အတော်လေး အံ့ဩ၍သွားလေသည်။

သူလေ့လာထားဖူးသည့်အတိုင်းဆိုလျှင် ဘဘတာပေ့သည် အလွန်ရင်းနှီးသော မိတ်ဆွေများနှင့်ပင် ထမင်း အတူတူမစားခဲ့ချေ။

ယခု သူနှင့် နံနက်စာအတူတူစားရန် စောင့်နေပေသည်။

ယခုကဲ့သို့ မိမိအား နံနက်စာအတူတူစားသောက်ရန် ဖိတ် ခေါ်သည်မှာ မည်သည့်အကြောင်းများကြောင့်ပေနည်း။

မင်းစင်သည် တွေးရင်းတွေးရင်း သူ၏ရင်သည်တဖြည်းဖြည်း လေးလံ၍လာလေတော့သည်။

✱ ✱ ✱

မင်းစင်သည် အခန်းထဲသို့လှမ်း၍ ဝင်ရောက်လိုက်သည်။

သူ၏စိတ်ထဲတွင် လေးလံနေသော်လည်း သူ၏ခြေလှမ်းသည် သွက်လက်၍နေလေသည်။

ဤအခန်းသည် ဘဘတာပေ့၏ သီးသန့် အခန်းပင်ဖြစ်လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဘတာပေ့သည် စားပွဲတွင်ထိုင်လျက် နံနက်စာကို စတင်စားသောက်နေပြီဖြစ်လေသည်။

ဘဘတာပေ့သည် မင်းစင်အား လှမ်းတွေ့လိုက်သည်နှင့် စားလက်စ ထမင်းကို ရပ်နားလိုက်ပြီး

"ကဲ ... လာ ... လာ၊ ငါနဲ့ အတူတူထမင်းစားရအောင်"

မင်းစင်သည် ဘဘတာပေ့နှင့် မျက်နှာချင်းဆိုင်ဝင်၍ ထိုင်လိုက်လေသည်။

ဘဘတာပေ့သည် သူ့အားပြုံး၍ကြည့်ပြီး ...

"ကဲ ... စားလေကွာ၊ မင်းတို့က လူငယ်တွေဆိုတော့ ကြက်တစ်ကောင်လုံး ပြုတ်အောင် လုပ်ခိုင်းထားရတယ်"

မင်းစင်သည် ခေါင်းညိတ်လိုက်ပြီး ပန်းကန်ကိုယူကာ စတင်စားသောက်လေသည်။

အတန်ကြာမှ ဘဘတာပေ့သည် မင်းစင်အားလှမ်း၍ ...

"ဪ ... မင်း သင်္ဘောလိုက်တုန်းက ဟင်းကောင်းကောင်းနဲ့ စားရရဲ့လား"

"ဟုတ်ကဲ့ ... မဆိုးပါဘူး"

"အဒီသင်္ဘောက ထမင်းချက်ဟာ တို့ရွာကပဲကွ၊ သူက ဟင်းချက်အလွန်ကောင်းတာပဲ ၊ တစ်ခါတစ်ရံ ခရီးထွက်ရာက ပြန်လာရင် ငါ့အတွက် ပုစွန်ကောင်ကြီးရယ်၊ ငါးခြောက်ရယ်



သာလာပို့တယ်၊ ခုတလော သူ မရောက်တာကြောင်း အတော်ကြာသွားပြီ"

ယင်းစကားကို ကြားလိုက်ရသောအခါ မင်းစင်၏ ကျောပြင်တစ်ခုလုံးသည် အေးစက်၍ တောင့်တင်းသွားလေသည်။

ခြေးများသည် အေးစက်၍ တောင့်တင်းသွားလေသည်။

တကယ်တော့ ဘဘတာပေ့သည် သူ့ဘေး ထင်ထားသည်ထက် အဆပေါင်းများစွာ ကြောက်မက်ဖွယ်ကောင်းနေသည်ကို သူသိလိုက်ရလေသည်။

သူသည် ဣန္ဒြေကိုဆယ်လိုက်ပြီး ဘဘတာပေ့အား ပြုံးပြကာ ...

"ဟုတ်ကဲ့ ... သူ့ဟင်းစားမိတာနဲ့ ခံတွင်းကိုတွေ့သွားတာပဲ"

မင်းစင်သည် ဤသို့ပြောပြီးမှ မိမိစကားမှားသွားကြောင်း သတိရမိလေတော့သည်။

ထိုသင်္ဘောပေါ်တွင် ဘဘတာပေ့ပြောသော ထမင်းချက်သည် တကယ်ပင်ရှိနေသလော။

သို့တည်းမဟုတ် ဘဘတာပေ့သည် မိမိအား တမင်အကွက်ဆင်၍ မေးနေခြင်းပေလော။

တွေးမိသည်နှင့် မင်းစင်သည် ခေါင်းငုံ၍ ထမင်းကိုသာ စတင်စားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ခေါင်းငုံ့၍ ထမင်းစားနေရာမှ ဘဘတာပေ့အား လှမ်း၍ မသိမသာ အကဲခတ် ကြည့်လိုက်လေသည်။

ဘဘတာပေ့သည် အပြုံးမပျက်ချေ။

မင်းစင်၏ ရုတ်တရက် အမူအရာပျက်သွားသည်ကိုလည်း သိဟန်မပေါ်ချေ။

သူသည် ကြက်ပေါင်ကြော် တစ်ခုကို တူဖြင့်ညှပ်လျက် မင်းစင်၏ ပန်းကန်ထဲသို့ ထည့်ပေးလိုက်လေသည်။

ယင်းသို့ ထည့်ပေးရင်း ...

"ကဲ ... စားပြီးရင်တော့ ခြံထဲကို ရှင်းစွမ်းလိုက်ပြလိမ့်မယ်။ မင်းရဲ့တာဝန်ကတော့ ဒီခြံတစ်ပိုက်ကို စောင့်ရှောက်ဖို့ပဲ"

မင်းစင်သည် ဦးခေါင်းကို ညိတ်ပြလိုက်သည်။

ထို့နောက်သူသည် နဖူးမှချွေးများကို မသိမသာသုတ်ရင်း သက်ပြင်းကို ဖြည်းညင်းစွာ ချလိုက်လေသည်။

★ ★ ★

တစ်ရက်။

နှစ်ရက်။

သုံးရက်။



မင်းစင်သည် ဘဘတာပေ့ထံသို့ ရောက်ခဲ့သည်မှာ သုံးရက် ပင်ရှိနေပြီ ဖြစ်ပါသည်။

မင်းစင်သည် ဘဘတာပေ့၏ ဂန္ဓမာဉယျာဉ်တွင် တာဝန်ကို ထမ်းဆောင်နေရသည်။

ယခု ဂန္ဓမာဉယျာဉ်တွင် ဘဘတာပေ့သည် ပန်းများကို ပြုပြင်၍ နေရသည်။

မင်းစင်သည် ဘဘတာပေ့၏အနီးတွင် ရပ်လျက်ရှိနေသည်။

ထိုစဉ် ...

ခေါင်းလောင်းသံတစ်သံကို ကြားလိုက်ရလေသည်။

ဘဘတာပေ့သည် ပန်းပင်များကို ပြုပြင်နေရာမှ ရပ်လိုက်ပြီး လက်ခုပ်တစ်ချက် တီးလိုက်သည်။

လက်ခုပ်သံနှင့်တစ်ပြိုင်တည်း ပန်းရုံများကြားမှ အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက်သည် ခုန်၍ထွက်လာလေသည်။

"အပြင်မှာ ခေါင်းလောင်းသံ ကြားတယ်၊ သွားကြည့်စမ်း"

ဘဘတာပေ့၏စကားဆုံးသည်နှင့် အနက်ရောင်ဝတ်ဆင်ထား သူသည် တံခါးဆီသို့တစ်ဟုန်ထိုး ပြေးသွားလေသည်။

ဘဘတာပေ့သည် မင်းစင်အား လှည့်၍ ပြုံးပြလိုက်လေသည်။

"ခေါင်းလောင်းသံကြားတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မင်းစင်သည် ခေါင်းညိတ်လိုက်ပြီး ...

"ဟုတ်ကဲ့ ကြားပါတယ်"

ဘဘတာပေ့က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဘာထူးခြားသလဲဆိုတာကော သိလား"

မင်းစင်ခေါင်းကို ခါရမ်းလိုက်သည်။

"ဟင့်အင်း မသိဘူး ဘဘ"

ဘဘတာပေ့သည် နှစ်ခြိုက်စွာပြုံးလိုက်ရင်း ...

"ဒီခေါင်းလောင်း ခေါက်တဲ့လူဟာ လူသတ်သမား တစ်ယောက် ဖြစ်ရမယ်"

"ဗျာ ..."

မင်းစင်၏ မျက်ခုံးမွေးသည် နဖူးသို့မြင့်တက်၍ သွားလေ သည်။

ထို့နောက် ...

သူသည် ဘဘတာပေ့အား အံ့ဩစွာကြည့်လိုက်လေသည်။

ဘဘတာပေ့သည် ပြုံးလျက် ...

"အေး ... မင်းကအသက်ငယ်သေးတော့ အတွေ့အကြုံ နုသေးတယ်၊ အတွေ့အကြုံရင့်လာရင် လူတစ်ယောက်ရဲ့စိတ်ထဲက အကြောင်းအရာကို မှန်းဆကြည့်နိုင်တယ်ကွယ့်၊ လူတစ်ယောက် ဟာ သူ့ရဲ့စိတ်ထဲမှာ လူသတ်ချင်တဲ့ဆန္ဒရှိရင် အဲဒီလူရဲ့စကား



သုံးလုံးတဲ့ လုပ်ရပ်တွေထဲမှာ သူ့ရဲ့စိတ်ဆန္ဒဟာ အလိုလိုပေါ်ထွက် လာတာပဲကွယ်"

မင်းစင်သည် ဘဘတာပေ့၏စကားကြောင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားလေသည်။

သို့သော် ...

သူသည် အတတ်နိုင်ဆုံး စိတ်ကိုထိန်း၍ ထားလိုက်သည်။

ထိုအချိန်တွင် အနက်ရောင်ဝတ်ဆင်ထားသောသူသည် လူ တစ်ယောက်အား ခေါ်ဆောင်၍လာသည်။

ထိုလူသည် မီးခိုးရောင်အဝတ်အစားများကို ဝတ်ဆင်ပြီး အောက်ကို ခပ်ငိုက်ငိုက်ဆောင်းလျက် လက်ထဲတွင် ခေါင်းလောင်း ငယ်တစ်ခုကို ကိုင်ထားလေသည်။

ဘဘတာပေ့သည် ထိုလူအား သေချာစွာစိုက်ကြည့်ပြီး ...

"မင်း ဘာလုပ်ဖို့လာတာလဲ"

"ကျုပ် ဗေဒင်ဆရာပါ"

"ကဲ ... ဆိုစမ်းပါဦး၊ မင်းရဲ့ဗေဒင် ဘယ်လောက်မှန်တယ် ဆိုတာ"

ထိုလူသည် ဘဘတာပေ့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး

"ကျုပ်က ဗေဒင်အပြင် အင်္ဂဝိဇ္ဇာလဲ တတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘဘတာပေ့သည် တစ်ချက်ပြုံးလိုက်ပြီး ...

"အင်း ...တယ်ဟုတ်ပါလား"

ထိုလူသည် သူ၏နှာခေါင်းကို တစ်ချက်ပွတ်လိုက်ပြီး ...

"အင်း ... ခင်ဗျားမှာ အသက်အန္တရာယ်စိုးရိမ်ရတယ်"

"ရှင်းရှင်းပြောစမ်းပါ"

"ခင်ဗျားကို သတ်မယ့်သူရှိတယ်"

ဘဘတာပေ့သည် ပြုံးရင်း ...

"ဟုတ်လား၊ ဘယ်သူလဲဆိုတာကော သိလား"

ထိုလူသည် ခေါင်းညိတ်လိုက်ပြီး ...

"သိတယ်"

"ဒါဖြင့် ဘယ်သူလဲ"

"ကျုပ်ပေါ့"

မင်းစင်သည် ရင်ထဲ ထိတ်ခနဲ တုန်လှုပ်သွားလေသည်။

သူသည် ထိုလူမှာ ရှက်ယုဖြစ်ကြောင်း သိလိုက်ရသောကြော င်ပင် ဖြစ်ပါသည်။

ဗေဒင်ဆရာယောင်ဆောင်ထားသော ရှက်ယုသည် ဆ... လက်၍

"ဒါပေမယ့် ...ခင်ဗျားမသေနိုင်ပါဘူး၊ ဒါကြောင့်ကျုပ်က... မသတ်ချင်သေးပါဘူး"



ထိုစဉ် ...

ဘဘတာပေ့သည် လှုပ်ရှားမှုတစ်ခုကို ပြုလုပ်လိုက်သည်။

ဘဘတာပေ့၏လှုပ်ရှားမှုသည် လေအလျင်ပမာ လျင်မြန်...သည်။

အသက်အရွယ်နှင့် မလိုက်အောင် အံ့သြဖွယ်ကောင်းလေ...သည်။

လျှပ်တစ်ပြက်အတွင်း ရှက်ယုခေါင်းတွင်ဆောင်းထားသော ...ဆောက်သည် ဘဘတာပေ့၏ လက်တွင်းသို့ ရောက်သည်။

ဘဘတာပေ့သည် ရှက်ယုဆောင်းထားသော ခမောက်ကို ...တ်တရက် ဆွဲချွတ်လိုက်ခြင်းဖြစ်သည်။

"ဩော် ... မင်းကိုး"

ဘဘတာပေ့၏ အသံသည် ဟိန်းထွက်ထွက်လာ၏။

ထို့နောက် ...

"မင်းကို ဟန်တန်က ဘာပြောခဲ့သလဲ၊ ဘယ်တော့မှ ဒီကို ...ာနဲ့လို့ ပြောခဲ့တယ် မဟုတ်လားကွ"

"ဟုတ်တယ်"

ရှက်ယု၏အသံသည် မာ၍နေသည်။

"ဒါဖြင့် ဘာဖြစ်လို့လာတာလဲ ... သေချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မသေချင်သေးဘူး"

ဘာဘတာပေ့သည် ရှက်ယု၏ အကျီစကို ဆုပ်ကိုင်ဆောင်ဆွဲလိုက်ပြီး ...

"မင်း မှန်မှန်ပြောစမ်း၊ ရှောင်တိရဲ့ကလေးဟာ မင်းရဲ့ကလေးလား"

"ဟုတ်တယ်၊ ခင်ဗျားကသာ ခင်ဗျားရဲ့ နာမည်ဂုဏ်ကို မက်မောပြီး ခင်ဗျားရဲ့ သမီးကိုစွန့်တယ်၊ မြေးကိုပစ်တယ်၊ ကျုပ်တို့ရဲ့ ချစ်ခြင်းကို ခွဲတယ်"

"တိတ်စမ်း"

ဘာဘတာပေ့၏ အသံသည် ဟိန်း၍ထွက်ပေါ်လာလေသည်။

သို့သော် ...

ရှက်ယုသည် လုံးဝတိတ်ဆိတ်မသွားဘဲ ...

"မတိတ်နိုင်ဘူး၊ ခင်ဗျားမှာ သားသမီးဆိုတဲ့သံယောဇဉ်ရှိသေးရဲ့လား၊ အားလေ ကိုယ့်သမီးကို စွန့်ပစ်ထားတယ်ဆိုတဲ့နောက် သံယောဇဉ်ကင်းမဲ့တယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒီလိုဆိုလဲ သူ့ဘဝသာယာနေတာကို ဘာလို့ဖျက်ဆီးပစ်ရတာလဲ။ ခင်ဗျား ..."

ရှက်ယု စကားဆုံးအောင် မပြောလိုက်ရပါ။



ဘာဘတာပေ့၏လက်သည် လျှပ်တစ်ပြက် မှုပ်ရှား၍သွားပြီး ...

"ဝုန်း ..."

ဟူသောအသံနှင့်အတူ ရှက်ယု၏ကိုယ်ခန္ဓာသည် မြေပေါ်သို့ကျသွားလေသည်။

သူသည် ဘာဘတာပေ့အား လက်သီးဖြင့်ထိုး၍ ...

"ခင်ဗျား ... ခင်ဗျား"

ဘာဘတာပေ့သည် ရှက်ယု၏ပါးအား လက်သီးတစ်လုံးဖြင့် လှမ်းပိတ်လိုက်လေသည်။

"ဝုန်း ..."

ဟူသောအသံနှင့်အတူ ရှက်ယု၏ခန္ဓာကိုယ်သည် အဝေးသို့လွင့်စင်သွားလေသည်။

ဤအဖြစ်အပျက်သည် လွန်စွာမှ မြန်ဆန်လှသဖြင့် မင်းစင်သည် ရုတ်တရက်ကြောင်၍ကြည့်နေရာမှ သွေးများဆူပွက်လာပြီး ဘာဘတာပေ့အား တိုက်ခိုက်ရန်စိတ်ကူးပေါ်လာသည်။

သို့သော် ...

သူသည် ဘာဘတာပေ့အား မတိုက်ခိုက်ဖြစ်ပါချေ။

သူသည် သူ၏စိတ်ကို အတတ်နိုင်ဆုံးထိန်းချုပ်ထားနိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ရွက်ယုသည် မြေပေါ်မှခုန်၍ထလိုက်ပြီး သူ၏လက်တစ်ဖက်အား ဝှေ့ယမ်းလိုက်လေသည်။

“ဗိုး . . . ဗိုး . . . ဗိုး”

ဟူသောအသံများနှင့်အတူ အဖြူရောင်အလင်းတန်းကလေးဆယ့်လေးငါးခုသည် ဘာဘတာပေ့ထံသို့ ပြေးလွှားသွား၍သွားလေသည်။

တစ်ချိန်တည်းမှာပင် သူသည်ဓားကိုဆွဲထုတ်လိုက်ပြီး ဘာဘတာပေ့ထံသို့ တစ်ဟုန်ထိုးပြင်းရောက် တိုက်ခိုက်လေသည်။

ရွက်ယု၏ တိုက်ခိုက်ပုံသည် အရှိန်အဟုန် ပြင်းထန်ပြီး အားမာန်ပါလေသည်။

ထို့ကြောင့် သူ၏ဓားသွားအား မတွေ့မြင်ရဘဲ အလင်းရောင်တန်းတာ စုခု လူးလွန့်လှုပ်ရှားနေသည်ကိုသာ တွေ့ရလေသည်။

ဤကဲ့သို့ ရွက်ယု၏တိုက်ခိုက်ခြင်းကို မည်သူမျှခုခံနိုင်စွမ်းရှိမည်ဟု မင်းစင် မထင်ပါချေ။

မင်းစင်သည် ရွက်ယု၏အကြောင်းကို ကောင်းကောင်းသိခဲ့သည်။

ရွက်ယုသည် မိမိထက် ဓားရေး၌ထက်ပြီး ကြောက်စရာကောင်းသော ဓားသမားတစ်ယောက်ဖြစ်သည် မဟုတ်ပါလော။

သို့သော် . . .



မင်းစင်သည် ရွက်ယု၏တိုက်ခိုက်ပုံကို မျက်မြင်ကိုယ်တွေ့ ရှိခဲ့ပါ။ ယခုတစ်ကြိမ်သာ ရွက်ယု၏တိုက်ခိုက်မှုကို မင်းစင်ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရပြီဖြစ်လေသည်။

ရွက်ယု၏တိုက်ခိုက်ပုံသည် မိမိထက်သာလွန်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရလေသည်။

ရွက်ယုသည် တိုက်ခိုက်ရာတွင် မမျှော်လင့်သောအချိန်ကို ရွေးသည်။

မယုံကြည်နိုင်လောက်အောင် မြန်ဆန်သည်။

တိကျလွန်းသော အခွင့်အရေးကိုရယူသည်။

တစ်ဖက်လူအား နောက်ဆုတ်နိုင်စွမ်းမရှိအောင် ပိတ်ဆို့ထားသည်။

ရက်စက်ကြမ်းကြုတ်ပြီး အားမာန်အပြည့်ပါဝင်လေသည်။

ရွက်ယု ဓားမကိုင်ခဲ့သည်မှာ ကြာပြီဖြစ်သည်။

သူသည် ဓားအစား အရက်အိုးကို ကိုင်ခဲ့သည်။

အရက်သမားဘဝနှင့် အတော်ကြာကြာနေခဲ့သည်။

သို့တိုင်အောင် သူ၏ဓားရေးသည် လျင်မြန်လွန်း၊ တိကျလွန်းလှသည်။

အကယ်၍များ သူသည် အရက်သမားဘဝမဖြစ်ခင် အချိန်က

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် သူ၏ဓားသည် မည်မျှထက်၍ မည်မျှကြောက်မက်ဖွယ်ကောင်းလေမည်နည်းဟု မင်းစင် တွေးမိလေသည်။

❖ ❖ ❖

ဘဘတာပေ့သည် သူ့ထံသို့ပြေးဝင်လာသော အလင်းရောင်တန်းများကို သံချပ်ကာအင်္ကျီလက်ဖြင့် ခတ်ထုတ်လိုက်သည်။

သို့တိုင်အောင် အလင်းရောင်တန်းလေးငါးခုသည် ဘဘတာပေ့၏ ခန္ဓာကိုယ်သို့ ထိမှန်ခဲ့လေသည်။

ဤသည်ကို မင်းစင် တွေ့မြင်လိုက်ရသည်။

ရွက်ယု၏ လက်နက်ပုန်းလေးငါးခုသည် ဘဘတာပေ့၏ ကိုယ်ခန္ဓာအား ထိမှန်သောအခါ ...

"ထန်း...ထန်း"

ဟူသောအသံနှင့်အတူ မြေပေါ်သို့ကျရောက်သွားခဲ့လေသည်။

တကယ်တော့ ဘဘတာပေ့၏အပေါ်အင်္ကျီအောက်တွင် သံမဏိအင်္ကျီတစ်ထည်အား ထပ်၍ဝတ်ဆင်ထားခဲ့သောကြောင့် ဖြစ်လေသည်။

ရွက်ယုသည် ဘဘတာပေ့အား တစ်ဟုန်ထိုးပြေးဝင် တိုက်ခိုက်လိုက်လေသည်။



ရွက်ယု၏ဓားသည် အလင်းရောင်တန်း( )ခု လှုပ်ရှားနေသည့်ပမာ လူးလွန့်၍ ဘဘတာပေ့အား ရစ်သိုင်းထားသည်။

ဘဘတာပေ့၏ ကိုယ်ခန္ဓာသည် လှုပ်ရှားနေသည်ဆိုရုံမျှသာ လူးလွန့်၍သွားပြီး ...

"ဝုန်း ..."

ဟူသောအသံနှင့်အတူ ရွက်ယု၏ကိုယ်ခန္ဓာအား အဝေးသို့ လွင့်စင် သွားစေလေသည်။

ရွက်ယုသည် ရုတ်တရက် မြေပေါ်မှ ခုန်ထလာသည်။

သူသည် သူ၏ဓားကို ဘဘတာပေ့ထံသို့ ချိန်ရွယ်၍ထားလေသည်။

မင်းစင်သည် ပွဲကြည့်ပရိသတ်တစ်ဦးပမာ ဝေး၍ကြည့်နေမိသည်။

သူသည် ရွက်ယုအားကြည့်မိသောအခါ သူ၏မျက်ခုံးမွေးအစုံသည် နဖူးထက်သို့ မြင့်တက်၍သွားလေတော့သည်။

သူသည် အံ့သြမှုကို ဟန်မဆောင်နိုင်တော့ချေ။

အဘယ့်ကြောင့်ဆိုသော် ရွက်ယုတွင် ဓားတစ်ချောင်းသည် ကိုက်စင်လျက်ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။

ရွက်ယုသည် ဘဘတာပေ့အား ဓားဖြင့်ချိန်ရွယ်ထားရင်း

www.burmeseclassic.com

www.burmeseclassic.com



ကျန်လက်တစ်ဖက်ဖြင့် စိုက်လျက်ရှိနေသော ဓားအား ဆွဲနုတ်လိုက်ပြီး လွှင့်ပစ်လိုက်သည်။

ထို့နောက် ...

ဘဘတာပေ့ထံသို့ တစ်လှမ်းချင်းတိုး၍ လာလေသည်။

တစ်လှမ်း။

နှစ်လှမ်း။

သုံးလှမ်း။

ရှက်ယုသည် ခြေလှမ်းသုံးလှမ်းလှမ်းပြီးသည်နှင့် သူ၏ကိုယ်ခန္ဓာသည် မြေပေါ်သို့အရုပ်ကြိုးပြတ်ပမာ လဲကျသွားလေတော့သည်။

သူသည် ဘယ်သောအခါမှ ထနိုင်မည်မဟုတ်တော့ပါ။

သူ၏ဝိညာဉ်သည် သူ၏ခန္ဓာကိုယ်မှ ထာဝရခွဲခွာသွားလေပြီ။

မင်းစင်သည် ဘဘတာပေ့အား လှမ်း၍ကြည့်လိုက်၏။

ဘဘတာပေ့သည် မူလရပ်ခဲ့သည့်နေရာတွင် ရပ်လျက်ရှိပေသည်။

မင်းစင်သည် ရှက်ယု၏အလောင်းအားကြည့်ရင်း ရှက်ယု၏လုပ်ဆောင်ချက်ကို တဖြည်းဖြည်းနားလည်၍လာလေတော့သည်။

ရှက်ယု၏လျှို့ဝှက်သော ဘဝ တစ်စိတ်တစ်ပိုင်းကိုလည်း နားလည်၍ လာလေသည်။



ရှောင်တီသည် ဘဘတာပေ့၏ [illegible]ပစ်ထားခဲ့သော သမီး။

ရှောင်တီ၏သမီးသည် ရှက်ယု[illegible]ခဲ့သမီး။

ဘဘတာပေ့၏မြေး။

ထို့အပြင် ဘဘတာပေ့အား မည်[illegible] မရနိုင်ကြောင်းကို ရှက်ယုသည် သူ၏အသက်ကို အ[illegible]သွားလေသည်။

မင်းစင်သည် မိတ်ဆွေကောင်းပီသသော[illegible]ယုအား ကြည့်ရင်း သူ၏ရင်ထဲတွင် ဖော်မပြနိုင်စွမ်းသော [illegible]တစ်ရပ်ကို ခံစားရလေတော့သည်။

"အင်း ... ဒီအလောင်းကို မြှုပ်ပေးရဦးမှာ[illegible]"

ဟူသည့် ရှင်းစွမ်း၏ စကားသံကိုကြားမှ [illegible]သည် သတိပြန် ဝင်လာလေတော့သည်။

ထိုအချိန်တွင် ဘဘတာပေ့သည် ဥယျာဉ်တွင်း၌[illegible]။

မင်းစင်သည် ရှင်းစွမ်းအား လှည့်ကြည့်လိုက်သည်။

ရှင်းစွမ်းသည် သူ၏ဦးခေါင်းကို ခါယမ်း၍ ပခုံးအား[illegible]လိုက်လေသည်။

ဂန္ဓမာဥယျာဉ်သည် ပကတိတိတ်ဆိတ်လျက်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com



တာဝန်။

အစ်မကြီး ရှမ်းကျဲကျဲက ပေးအပ်ထားသောတာဝန်။

ယင်းတာဝန်မှာ ဘဘတာပေ့အား သတ်ရန်။

မင်းစင်သည် ယင်းတာဝန်အား မကြေသေးပါ။

ဘဘတာပေ့ထံသို့ ရောက်နေသည်မှာ သုံးရက်နှင့်တစ်ည ရှိနေပြီဖြစ်သည်။

သို့သော် ..

ဘဘတာပေ့အား မင်းစင် မသတ်ဖြစ်သေးပါ။

မင်းစင်၏ရင်ထဲတွင် မဖော်ပြနိုင်သော ဝေဒနာမျိုးကို ခံစားနေရသည်။

တကယ်တော့ မင်းစင်သည် အစ်မကြီးရှမ်းကျဲကျဲပေးလိုက်သောတာဝန်အရ ဘဘတာပေ့အား သတ်ပေးပြီးလျှင် သူသည် ဤလူသတ်လက်နက်ဖြစ်သော ဓားကိုစွန့်လွှတ်ရန် စိတ်ပိုင်းဖြတ်ထားသည်။

ပေါက်ပြား၊ပေါက်တူးကိုကိုင်၍ ရှောင်တိနှင့်အတူ တစ်နယ်တစ်ကျေးတွင် ဓာတ်မြှုပ်ရန်ကိုလည်း စိတ်ကူးထားပြီးဖြစ်လေသည်။

ထို့ကြောင့် ...



သူသည် ဘဘတာပေ့အား သတ်ရန် ကျုံးဖူးအဖြစ် လာခဲ့သည်။

သို့သော် ...

ယခုသူသည် ဘဘတာပေ့အား သတ်နိုင်ပါမည်လော။

ဘဘတာပေ့သည် ရှောင်တိ၏ဖခင်၊ သူ၏ယောက္ခမ။

သည်တော့ မင်းစင်၏မူလအစီအစဉ်သည် ရှုပ်ထွေး၍နေလေပြီ။

ရှက်ယုသည် မင်းစင်အားနှုတ်မှဖွင့်မပြောသော်လည်းသူ၏လုပ်ဆောင်ချက်များဖြင့် ဖော်ပြ၍သွားခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် မင်းစင်သည် သူ၏ဓာတ်ပြဿနာအား မည်ကဲ့သို့ဆက်ရမှန်းမသိအောင် ဖြစ်၍နေလေသည်။

ယခုအချိန်တွင် ဘဘတာပေ့၏ အားကောင်းရဆုံးသော လူယုံများသည်လည်း တစ်ယောက်ပြီးတစ်ယောက် သေဆုံး၍နေပြန်လေသည်။

ဤအကြောင်းကို စဉ်းစားမိပြန်သောအခါ မင်းစင်သည် ဘဘတာပေ့ အပေါ်၌ ကရုဏာ သက်မိလေပြန်လေသည်။

မင်းစင်သည် သက်ပြင်းတစ်ချက်ကိုချလိုက်ပြီး စိတ်ထဲမှလည်း တစ်စုံတစ်ခုကို ပြုလုပ်ရန်ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓမာဥယျာဉ်။

ညနေဆည်းဆာ၏ နေရောင်ခြည်သည် ဂန္ဓမာဥယျာဉ်ပေါ် သို့ကျရောက်၍နေသည်။

ဘဘတာပေ့သည် ယင်းဥယျာဉ်ထဲတွင် ပန်းပင်များကို ပြုစု၍ နေလေသည်။

ထိုစဉ် ...

ဘဘတာပေ့နားသို့ မင်းစင် ရောက်လာလေသည်။

ဘဘတာပေ့သည် မင်းစင်အား လှည့်ကြည့်လိုက်ပြီး ...

"ဒီလိုအချိန်မှာ ဒီကိုမလာရဘူးလို့ မင်းကို ရှင်းစွမ်းက ပြောမထားဘူးလား"

"ပြောထားပါတယ်"

"ဒါဖြင့် မင်းကဘာဖြစ်လို့ လာရတာလဲ"

"ကျွန်တော် ဘာဖြစ်လို့လာရတယ်ဆိုတာ ဘဘ ဘယ်တော့မှ သိရမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ဒီကိုလာကတည်းက ဘဘကိုသတ်ဖို့လာတာ"

ဘဘတာပေ့က မင်းစင်အား ဆတ်ခနဲ မော့ကြည့်လိုက်လေသည်။



သို့သော် ဘဘတာပေ့သည် မင်းစင်အား အကန့်ကြာစိုက် ကြည့်ပြီးမှ နှစ်လိုဖွယ်ပြုံးရင်း ...

"မင်းက ငါမသိဘူး ထင်နေလို့လား"

ယင်းစကားကိုကြားလိုက်ရသောအခါ မင်းစင်သည် အံ့သြ၍ သွားလေတော့သည်။

"ဘဘသိတယ် ဟုတ်လား"

ဘဘတာပေ့သည် ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ..

"မင်းနာမည် ကျူးဖူး မဟုတ်ဘူး"

"ဘဘ ဘယ်လိုသိသလဲ"

"မင်းရဲ့အသားအရေဟာ ပင်လယ်ပြင်မှာ ပင်လယ်လေ တိုက်ခတ်ပြီး နေရောင်အတိုးခံရတဲ့ လှေထိုးသားနဲ့ ပုံသမှမတူဘူး"

မင်းစင်၏ရင်သည် ထိတ်ခနဲ လန့်၍သွားလေသည်။

အစ်မကြီး ရှမ်းကျဲကျဲသည် အလုပ်တစ်ခုကို လုပ်ကိုင်သည့် အလွန်စေ့စပ်သည်။

အစစအရာရာ တွက်ချက်ပြီးမှ လုပ်ကိုင်သည်။

သို့သော် ...

ယခု ရှမ်းကျဲကျဲသည် ဤတစ်ချက်ကို မတွက်မိခဲ့ချေ။

ထိုမတွက်မိခဲ့သော အချက်အား ဘဘတာပေ့သည် ဆက် ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ...

မင်းစင်သည် ဘဘတာပေ့အား မချီးကျူးဘဲ မနေနိုင်တော့ပါ။

မင်းစင်သည် ဘဘတာပေ့အား လေးစားစွာကြည့်လိုက်ပြီ

"ဘဘက ကျွန်တော့်ရဲ့အကြံကိုသိရက်သားနဲ့ ဘာဖြစ်လို့ လက်ခံထားရတာလဲ"

ဘဘတာပေ့သည် ပြုံးလိုက်ပြီး ...

"အခုအချိန်မှာ ငါယုံကြည်ရမယ့်လူဟာ ငါ့ကိုသတ်ဖို့ ဝံ့တဲ့သူပဲ ရှိတော့တယ် မဟုတ်လား"

မင်းစင် အံ့အားသင့်၍သွားလေသည်။

ဘဘတာပေ့သည် စကားကိုဆက်၍...

"မင်းက သူများအတွက် ငါ့ကိုသတ်ဝံ့တဲ့ သတ္တိရှိရင် ငါ့အတွက်လဲ သူများက သတ်ဝံ့တဲ့သတ္တိရှိရမှာပေါ့"

"ကျွန်တော်က ဘယ်သူ့ကိုသတ်ရမှာတုန်း"

"ငါသတ်ဖို့အတွက် မင်းကိုစေလွှတ်တဲ့လူကိုပေါ့"

မင်းစင်သည် ခေါင်းကိုခါယမ်းလိုက်ပြီး ...

"ဟင့်အင်း၊ အခု ကျွန်တော် လူသတ်တဲ့အလုပ် မလုပ်ချင်တော့ဘူး"



"ဘာဖြစ်လို့လဲ"

"ဘဘ သမီးကြောင့်ပါ"

"ဘာကွ"

ဘဘတာပေ့၏အသံသည် ဟိန်း၍ထွက်လာသည်။

"ငါ့မှာ သမီး မရှိဘူးကွ"

"ရှောင်တီဟာ ဘဘရဲ့သမီးပေါ့၊ ဘာဖြစ်လို့ စွန့်ပစ်ထားတယ်ဆိုတာတော့ ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် သမီးဟာ သမီးပါပဲ"

"ရှောင်တီဟာ ငါ့သမီးဖြစ်တော့ကော မင်းနဲ့ဘာဆိုင်လဲ"

"ရှောင်တီဟာ ကျွန်တော့်ရဲ့ဇနီးပါ"

"ဘာကွ"

ဘဘတာပေ့သည် ဓါးသတကြီးဖြင့် ကြိမ်းမောင်းလိုက်ပြီး မင်းစင်၏ အင်္ကျီစကို ဆောင့်ဆွဲလိုက်လေသည်။

ပြီးမှ ...

"မင်းက သေချင်နေလို့ ဒီစကားပြောတာလား"

"ကျွန်တော် မသေချင်သေးဘူး၊ ရှောင်တီအတွက် အသက်ရှင်နေဦးမယ်၊ တကယ်လို့ ဘဘဟာ ကျွန်တော့်ကို သတ်လိုက်ရင် ဘဘတစ်သက်လုံး နောင်တရလို့ဆုံးမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘဘတာပေ့သည် ဤသို့ပြောလိုက်ပြီး မင်းစင်၏မျက်ဝန်းအစုံအား စိုက်၍ကြည့်လိုက်သည်။

မင်းစင်၏မျက်လုံးအစုံသည် ရိုးသားပြီး ကြောက်ရွံ့ခြင်းလုံး၀ မရှိပါ။

သူသည် ဘဘတာပေ့အား ပြန်၍ကြည့်လိုက်ပြီး

"ဘဘမှာ ရင်သွေးဆိုလို့ ဒီသမီးပဲရှိတော့တယ်မဟုတ်လား ဘဘရဲ့သားဆိုရင်လဲ မရှိတော့ဘူး"

"သူဟာ အပျိုမဟုတ်ဘူး၊ ကလေး..."

မင်းစင်သည် ဘဘတာပေ့၏စကားကိုဖြတ်၍

"ဒါက သူ့ရဲ့အတိတ်ပါ၊ သူဟာ အတော်ကံဆိုးခဲ့ပါတယ်၊ သနားစရာလဲ ကောင်းပါတယ်၊ သူ့ကိုတစ်သက်လုံးစောင့်ရှောက်ဖို့ ကျွန်တော် စိတ်ပိုင်းဖြတ်ထားပါတယ်"

မင်းစင်၏အင်္ကျီစကို ဆွဲထားသော ဘဘတာပေ့၏လက်များသည် တဖြည်းဖြည်းလျော့သွားပြီး သူ၏မျက်နှာတွင်လည်း ဒေါသများ လွင့်ပျောက်သွားလေတော့သည်။

"ဒီကလေးရဲ့အဖေဟာ ဘယ်သူဆိုတာ မင်းသိရဲ့လား"

"ကျွန်တော် သိဖို့မလိုဘူးထင်ပါတယ်"

"မင်း သူ့ကိုချစ်သလို ကလေးကိုလဲ ချစ်ရဲ့လား"



"သူ့ကလေးဟာ ကျွန်တော့်ကလေ...

"မင်းက တကယ်ပဲ ငါ့သမီးကို စော...ဘူး"

"သူ့အတွက်ကြောင့် ကျွန်တော် စားသမ...မှာပါ"

...ဘူး"

"မင်းသာ သစ္စာရှိမယ်ဆိုရင်တော့ မင်း...ကို ငါ့ရဲ့သွေး...အနေနဲ့ အသိအမှတ်ပြုရမှာပေါ့"

"ကျွန်တော်အသက်နဲ့ ထပ်တူစောင့်ရှောက်ပါ့မယ်"

ကတိပေးလိုက်လေသည်။

ဘဘတာပေ့က မေးလိုက်သည်။

"မင်း သူ့ကို ဘယ်ခေါ်သွားမလဲ"

"ကျွန်တော် သိုင်းလောကနဲ့ ဝေးတဲ့ တစ်နေရာကို ခေါ်သွားမယ်လို့ စိတ်ကူးထားပါတယ်"

"ကောင်းတယ်၊ မင်းဟာ ငါ့သားမက်ဖြစ်နေတော့ အသက်အန္တရာယ်ရှိတဲ့ ငါနဲ့ မနေစေချင်ဘူး"

ဘဘတာပေ့သည် သူ့အား သားမက်...ခေါ်လိုက်သဖြင့် သူ၏စိတ်ထဲတွင် ဖော်မပြနိုင်သော ခံစားမှု ဂဏ်နှုဖြစ်ပေါ်လာလေသည်။

"ကဲ ... မင်းပြန်တော့၊ ရှောင်တိ မင်းကို မျှော်နေလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘဘတာပေ့သ...တ်ပြလိုက်၏။

အစုံအား စိုက်၍...ရတဲ့အခါ ရှောင်တီကို ငါ့ဆီခေါ်...

မင်းစ...

လုံး... ...းစင်သည် သူ၏ဦးခေါင်းကိုညိတ်လိုက်ပြီးဂန္ဓမာဉယျာဉ်...မှ ထွက်ခွာသွားလေတော့သည်။

■ ■ ■

အရုဏ်ဦးသည် တဖြည်းဖြည်းနှင့်အမှောင်ထုအား ကွယ်ပျောက်စေသည်။

အရုဏ်ဦး၏ လေပြည်ကလေးသည် လန်းဆန်းလျက်ရှိသည်။

မင်းစင်သည် ထိုလေနုအေးကို တစ်ဝကြီးရှိုက်လိုက်ပြီး သူ၏...အားတွင်ထိုင်နေသော ရှောင်တီ၏ လက်ကလေးအားဆွဲ၍ ဆုပ်နယ်လိုက်သည်။

မင်းစင်က ...

"အခုဆို အစ်ကိုတို့ ဘယ်သွားသွား သွားနိုင်ပြီ၊ ကဲ ... ညီမ ဘယ်ကိုသွားချင်သလဲ ပြော၊ အစ်ကို လိုက်ပို့ပေးမယ်"

ရှောင်တီက ပြုံးလိုက်ပြီး ...

"ကျွန်မ စကားတစ်ခွန်းပြောချင်တယ်"



"ပြောလေ"

"ကျွန်မအဖေ ဘယ်သူဆိုတာ အစ်ကိုသိလား"

"အစ်ကို မသိဘူး"

"ကျွန်မအဖေဟာ ကျွန်မတို့အကြောင်းသိရင် မလွယ်ဘူး"

မင်းစင်သည် ပြုံးလိုက်ပြီး

"ဘဘတာပေ့ဟာ အင်မတန်သဘောကောင်းပါတယ်"

"ရှင် ..."

ရှောင်တီ၏မျက်ဝန်းကလေးများ ဝိုင်းစက်၍သွား၏။

"အစ်ကို ဖေဖေနဲ့ တွေ့ပြီးပြီ ဟုတ်လား"

"ဟုတ်တယ်၊ ပြီးတော့ ဘဘတာပေ့က မှာ...က်သေးတယ်"

"ဘာမှာလဲဟင်"

"အစ်ကို ကလေးရတဲ့အခါမှာ ညီမကို သ...ခေါ်ခဲ့ပါတဲ့"

ရှောင်တီ၏ မျက်လုံးကလေးပြူး၍ သွား...လေသည်။

ထိုမျက်ဝန်းနက်ကလေးထဲမှ မျက်ရည်ဥကလေးများတစ်လိမ့်...င်းလိမ့်၍စီးဆင်းလာလေသည်။

သူမ၏နှုတ်ခမ်းနှစ်လွှာသည် တဖြည်းဖြည်း နှင့်ပြုံး၍လာလေ...တော့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးပုံ တစ်ပုံ။

ယင်းပုံကို မှီးစတွင် ရေးဆွဲထားပြီး အနီရောင်ခြယ်သထားသည်။

ယင်းအမှတ်အသားကို တွေ့လိုက်သည်နှင့် သွေးလက်ဝါးအဖွဲ့အစည်း၏ အမှတ်အသားမှန်း သိကြလေသည်။

ယင်းအဖွဲ့အစည်းသည် လျှို့ဝှက်သိပ်သည်းပြီး အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းသော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း လူတိုင်းနားလည်သည်။

ယင်းအဖွဲ့အစည်းသည် ယခုသုံးလေးလအတွင်း၌ ပေါ်ပေါက်လာသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

ယင်းအဖွဲ့သည်

ဖူးကျူးကမ်းရိုးတန်းတစ်လျှောက်တွင် လှုပ်ရှားလျက်ရှိပြီး ဘဘတာပေ့၏ ဖူးကျူးနယ်တွင် မွှေနှောက်လျက်ရှိလေသည်။

ယင်းအဖွဲ့အစည်းသည် တစ်စထက် တစ်စ ပိုမို၍ရဲတင်းလာကြပြီ ဖြစ်လေသည်။

ယင်အဖွဲ့ အစည်းသည်မည်သည့်နေရာတွင် တည်ရှိပြီး ခေါင်းဆောင်မှာ မည်သူမည်ဝါမှန်း မည်သူမျှ မသိကြချေ။

သို့သော် ...



ယင်းသွေးလက်ဝါးအဖွဲ့အစည်းသည် မျက်နှာဖြူများနှင့် ပူးပေါင်း၍နေခြင်းမှာတော့ သေချာလှပေသည်။

ယခု ယင်းအဖွဲ့အစည်း၏ လက်ဝါးပုံ အမှတ်အသားတံဆိပ်သည် ဘဘတာပေ့၏ အားထားရသော လူယုံတော်လုမန်းထင်း၏ ကိုယ်ခန္ဓာပေါ်တွင် နေရာယူလျက်ရှိနေလေသည်။

လုမန်းထင်း။

သူ၏မျက်လုံးများသည် ပြူးကျယ်၍ ကြည့်နေသည်။

သို့သော် သူသည် ဘာကိုမျှမြင်နိုင်မည် မဟုတ်တော့ပါ။

သူ၏ဝိညာဉ်သည် သူ၏ကိုယ်ခန္ဓာမှ ထာဝရထွက်ခွာသွားခဲ့ပြီ မဟုတ်ပါလော။

ရှင်းစွမ်းသည် လုမန်းထင်း၏အလောင်းကို ကြမ်းပေါ်တွင် ချထားလိုက်ပြီး ဘဘတာပေ့အား မော့၍ကြည့်လိုက်လေသည်။

ဘဘတာပေ့၏မျက်လုံးတွင် ဝမ်းနည်းခြင်းများ ထင်ဟပ်နေသည်ကို တွေ့လိုက်ရပေသည်။

ဘဘတာပေ့သည် လုမန်းထင်းအား တစ်ချက်စိုက်ကြည့်လိုက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းစွမ်း"

"ဟုတ်ကဲ့ ဘာဘာ"

ရှင်းစွမ်းသည် ဦးခေါင်းကိုညွှတ်၍ ဘာဘာတာပေ့ပြောမည့် စကားကိုနားစွင့်နေလေသည်။

ဘာဘာတာပေ့သည် လုမန်းထင်းကိုယ်ခန္ဓာပေါ်မှ လက်ဝါးပုံ အမှတ်အသားကို ညွှန်ပြရင်း ...

"ရှင်းစွမ်း၊ ဒီအမှတ်အသားဟာ ဘယ်အဖွဲ့အစည်းရဲ့ အမှတ်အသားလဲ သိလား"

"ဟုတ်ကဲ့ ... သွေးလက်ဝါးရဲ့ အမှတ်အသားပါ"

"အဲဒီအဖွဲ့အစည်း ဘယ်မှာရှိဘယ်ဆိုတာကော သိသလား"

"မသိပါဘူး"

"ဒါဖြင့် လုမန်းထင်းဟာ အဲဒီအဖွဲ့အစည်းရဲ့ သစ္စာခံ တစ်ယောက် မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူး"

ဤစကားသည် ရှင်းစွမ်းက ပြောလိုက်ခြင်းမဟုတ်ပါ။

အခန်းတံခါးဝမှ ပေါ်ထွက်လာသော အသံဖြစ်၏။

ထို့ကြောင့် ...

ဘာဘာတာပေ့သည် အခန်းဝသို့ လှမ်းကြည့်လိုက်လေ၏။

ရှင်းစွမ်းသည်လည်း လှမ်း၍ကြည့်လိုက်သည်။



အခန်းတွင်း၌ရှိသော လူအားလုံး၏ ...လုံးများသည် အခန်းဝသို့ တစ်ပြိုင်တည်း ရောက်ရှိသွားလေ...သည်။

စူးရှသော မျက်လုံးတစ်စုံသည် အခန်း...ပေါ် ဝင်ရောက်၍ လာလေသည်။

ထိုမျက်လုံးပိုင်ရှင်ကား ရေနက်ခေါ် စွီး...င်ဖြစ်ပါသည်။

* * *

စွီးလုံးသည် အခန်းတွင်းသို့ တစ်လှမ်...ျင်းဝင်ရောက်၍ လာလေသည်။

သူသည် ဘာဘာတာပေ့ရှေ့သို့ ရောက်သော...အခါ ဒူးထောက် အရိုအသေ ပေးလိုက်ပြီး ...

"ဘာဘာ လုမန်းထင်းဟာ သွေးလက်ဝ... ရဲ့ သစ္စာတော်ခံ တစ်ယောက် မဟုတ်ပါဘူး"

သူက အခန်းတွင်းရှိ လူများကို ဝေ့ကြ...ည့်လိုက်ပြီးမှ ...

"လုမန်းထင်းဟာ သူ့တာဝန်ကို သူ...ကျေပွန်ခဲ့ပါတယ်၊ သူစုံစမ်းလို့ရသမျှသတင်းတွေကို ကျွန်တော့်...ပေးပို့ခဲ့ပါတယ်၊ ကျွန်တော်လဲဘာဘာစီမံချက်အတိုင်း လုမန်းထင် ...ပေးပို့တဲ့သတင်းကို ခြေရာခံပြီး စုံစမ်းခဲ့ပါတယ်၊ဒါကြောင့် ...အဖွဲ့အစည်းရဲ့ ...ခေါင်းဆောင်ဟာ ..."

www.burmeseclassic.com



စွီးလုံးသည် သူ့စကားကို ဖြတ်ထားလိုက်သည်။

သူ၏မျက်နှာသည် အေးစက်၍လာသည်။

"ရှင်းစွမ်း ဖြစ်ပါတယ်"

ဟုဆိုကာ ရှင်းစွမ်းအား လက်ညှိုးဖြင့်ထိုးလေသည်။

"ဟား ... ဟား ... ဟား ... ခုပြောနေတာတွေဟာ မင်းရဲ့ လုပ်ကြံဇာတ်လမ်းတွေလားကွ"

ရှင်းစွမ်းက မေးလိုက်၏။

စွီးလုံးသည် ဘာမှမပြောတော့ဘဲ လက်ခုပ်တစ်ချက် တီးလိုက်လေသည်။

စွီးလုံး၏ လက်ခုပ်သံဆုံးသည်နှင့် အခန်းထဲသို့လူသုံးယောက် ဝင်လာသည်။

အလယ်မှ လူအား ကြိုးဖြင့်ချည်နှောင်ထားပြီး ဘေးနှစ်ဖက်မှ ညှပ်၍ခေါ်လာခြင်းပင် ဖြစ်ပါသည်။

ယင်းကြိုးဖြင့် တုပ်နှောင်ခြင်းခံရသောလူသည် သိမ်းငှက်ပြီးစားကြီး၏ လူယုံ လျှံရှမ်းပင် ဖြစ်ပါသည်။

စွီးလုံးသည် လျှံရှမ်းအား လက်ညှိုးဖြင့်ညွှန်ပြပြီး ...

"သွေးလက်ဝါး အဖွဲ့ခေါင်းဆောင် ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာကို ခင်ဗျားကိုယ်တိုင် လျှံရှမ်းကို မေးကြည့်ပေတော့"



"အင်း ... တကယ်လို့ ငါဟာ သွေးလက်ဝါးဆိုရင်ရော"

"ခင်ဗျားကို ကျုပ်ကိုယ်တိုင် သတ်မှာပေါ့"

"မင်းက ကျုပ်ကိုမသတ်ခင် မင်းရဲ့ပတ်ဝန်းကျင်ကို ကြည့်လိုက်ပါဦး"

စွီးလုံးနှင့် ဘာဘတာပေတို့သည် အခန်းထဲရှိလူများအား ဆေ့၍ ကြည့်လိုက်လေသည်။

အခန်းထဲရှိလူများသည် သူတို့၏အပေါ်ဝတ်ရုံအား တစ်ပြိုင်တည်း ချွတ်လိုက်ကြလေသည်။

ထိုအခါ သူတို့၏လက်မောင်းပေါ်တွင် သွေးလက်ဝါးအမှတ်အသားရိုက်နှိပ်ထားသော ဝတ်စုံများချည်နှောင်ထားသည်ကို တွေ့ရလေတော့သည်။

သူတို့အားလုံးသည် သူတို့၏ဓားများကို တစ်ပြိုင်တည်း ထုတ်လိုက်လေတော့သည်။

✱ ✱ ✱

ဘာဘတာပေ၏ မျက်နှာသည် ပကတိတည်ငြိမ်၍နေသည်။

ကြောက်ရွံ့သည့်ဟန် လုံးဝမရှိပါ။

ရှင်းစွမ်းသည် အောင်နိုင်သူတစ်ယောက်လို ရယ်မောနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ...

ရုတ်တရက် အခန်းထဲသို့ လူနှစ်ဆယ်ခန့် ပြေးဝင်လာလေသည်။

ရှင်းစွမ်းသည် အခန်းထဲသို့ ရှေ့ဆုံးမှ ပြေးဝင်လာသူအား မြင်တွေ့လိုက်သည်နှင့် သူ၏မျက်ခုံးမွေးနှစ်ခုသည် နဖူးထက်သို့ မြင့်တက်သွားလေသည်။

အဘယ့်ကြောင့်ဆိုသော် ရှေ့ဆုံးမှဝင်လာသူမှာ သိမ်းငှက်မြို့စားကြီးကိုယ်တိုင်ပင် ဖြစ်လေသည်။

ရှင်းစွမ်းသည် အခြေအနေမဟန်မှန်းသိလျှင် သူ့လူများအား အမိန့်ပေးလိုက်လေသည်။

ပြီးနောက် သူကိုယ်တိုင် ဘဘတာမေ့ထံသို့ တစ်ဟုန်ထိုးပြေးဝင်သွား၏။

ထိုစဉ် လူရိပ်တစ်ခုက သူ့အား တိုက်ခိုက်လာ၏။

ထိုလူရိပ်သည် စွီးလုံးပင် ဖြစ်ပါသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အလွတ်မပေးဘဲ တိုက်ခိုက်နေလေသည်။

ရှင်းစွမ်းသည် မိမိတို့ဘက်မှ တစ်စထက်တစ်စ အရေးနိမ့်လာသည်ကို တွေ့ရသဖြင့် သူသည်နောက်သို့ တစ်ပတ်ကျွမ်းပြင့်ထိုးကာ အလုံးလေးနှစ်လုံးအား ပစ်ပေါက်လိုက်သည်။



ထိုအခါ ...

"ဝုန်း"

ဟူသောအသံနှင့်အတူ ယမ်းငွေ့များသည် အခန်းတစ်ခုလုံးအား ဖုံးလွှမ်း၍သွားလေသည်။

အခန်းတစ်ခုလုံးသည်လည်း သံသံချင်း [illegible]တွေ့သည့်အသံ၊ အော်ဟစ်သည့်အသံ၊ ပေါက်ကွဲသည့်အသံတို့ ဖြင့် တဒင်္ဂအတွင်း ဆူညံသွားလေတော့သည်။

⁂ ⁂ ⁂

တဒင်္ဂအတွင်း ...

ဆူညံခဲ့သောအသံတို့သည် ယခုအခါ တိတ်ဆိတ်ငြိမ်သက်၍ နေလေသည်။

သွေးလက်ဝါးအဖွဲ့သားများသည် သူတို့အား လက်နက်များကို ချ၍ အညံ့ခံပြီးဖြစ်နေလေသည်။

သိမ်းငှက်မြို့စားကြီးသည် သွေးလက်ဝါးအဖွဲ့သားများကို တစ်ချက်ဝေ့ကြည့်ပြီး ဘဘတာမေ့ထံသို့ လှမ်းလာလေသည်။

ဘဘတာမေသည် သူ၏ဓားကို ဓားအိမ်တွင် ပြန်လည်ထည့်လိုက်ပြီး သိမ်းငှက်မြို့စားကြီးအား ကြိုဆိုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်မြို့စားကြီးသည် ဘဘတာဝေ၏ လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်ရင်း ...

"ကျွန်တော်တို့ အချင်းချင်းအင်အားပြိုင်နေမယ့်အစား အခုလို ပူးပေါင်းပြီး တိုင်းပြည်အတွက် ကျွန်တော်တို့ရဲ့ အင်အားကို အသုံးပြုရအောင်လားဗျာ"

"ခင်ဗျားပြောတာမှန်ပါတယ်၊ ကျုပ်တို့မသင့်မြတ်တာကို အခွင့်ကောင်းယူပြီး ကျုပ်တို့အမျိုးသားထဲက သစ္စာဖောက်တွေကို ရော နောက်ပြီး ဖုကျူးကမ်းရိုးတန်းကို နယ်ချဲ့လာတဲ့ မျက်နှာဖြူတွေကိုပါ အခုအချိန်ကစပြီး ကျုပ်တို့နှစ်ယောက် ပူးပေါင်းပြီး တိုက်ထုတ်ကြတာပေါ့"

ဘဘတာပေ့သည် ယင်းသို့ပြောရင်းမှ အခန်းတစ်ခုလုံးအား ဝေ့ယမ်းကြည့်လိုက်သည်။

ရုတ်တရက် ...

ဘဘတာပေ့၏ မျက်နှာသည် တည်ကြည်၍သွားလေသည်။

တစ်စုံတစ်ခုအား အလေးအနက်ထား၍ တွေးတောနေလေသည်။

ပြီးမှ ...

စွီးလုံးအားလှမ်း၍ မေးလိုက်လေသည်။

"ရှင်းစွမ်းကော မတွေ့ပါလားဟေ့၊ ရှာကြည့်စမ်း"



စွီးလုံးသည် ဘဘတာပေ့အား အရိုအသေပြုရင်း ...

"အတ်ရာရသူတွေထဲမှာရော သေတဲ့လူတွေထဲမှာရော ရှင်းစွမ်းကို မတွေ့ပါဘူး ဘဘ"

ပြောလိုက်၏။

ဘဘတာပေ့သည် သူ၏မေးစေ့ကိုပွတ်သပ်ရင်း ...

"ကိစ္စမရှိပါဘူး၊ သူထွက်ပြေးနိုင်မယ့် လမ်းတစ်လမ်းပဲရှိတယ်၊ ဒါပေမယ့် သူ ဝေးဝေးမပြေးနိုင်ပါဘူး၊ ခုတောင် ..."

ဘဘတာပေ့သည် သူ၏စကားကိုဖြတ်ပြီး ပြုံးလိုက်လေသည်။

သူ၏အပြုံးသည် တောက်ပ၍နေလေသည်။

လမ်းတစ်ခုအတွင်း၌ လူတစ်ယောက်ပြေးလွှားနေ၏။

ထိုလူမှာ ရှင်းစွမ်းပင်ဖြစ်သည်။

ရှင်းစွမ်းသည် ဘဘတာပေ့နှင့် နှစ်ပေါင်းများစွာနေခဲ့ရသဖြင့် အလုပ်တစ်ခုကို ပြုလုပ်မည်ဆိုလျှင် နောက်ဘက်မှ ဟာကွက်မရှိအောင် ပြုလုပ်တတ်လေသည်။

သူသည် ယခုလည်း သူ၏ထွက်ပေါက်ကို ကြိုတင်စီစဉ်ထားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လူများအား ထွက်မပြေးနိုင်အောင် ထွက်ပေါက်မှန်သမျှ ပိတ်ဆို့၍ထားသည်။

သို့သော် ရှင်းစွမ်းသည် တစ်ခုသော ထွက်ပေါက်မှ ထွက်ပြေးလွတ်မြောက်ခဲ့လေသည်။

ယင်းထွက်ပေါက်ကို သိထားသူမှာ ရှမ်းချမ်းနှင့်ဘာဘာတာမေ တို့သာ ဖြစ်၏။

ထို့ကြောင့် ရှင်းစွမ်းသည် ယင်းထွက်ပေါက်မှ ထွက်ပြေး လွတ်မြောက်ခဲ့ခြင်း ဖြစ်ပေသည်။

သူသည် ဘာဘာတာမေနှင့် ဝေးနိုင်သမျှ ဝေးစေရန် မရပ်မနား ဘဲ ပြေးနေသည်။

သူသည် ဘာဘာတာမေ့ထံမှ အမှန်တကယ်ပင် လွတ်အောင် ပြေးနိုင်ပါမည်လော။

* * *

# မျောက်ဆိုးခြင်း

ဆွေးလက်ဝါးအဖွဲ့ကား မရှုမလှပျက် စီး ပြိုကွဲသွားပြီဖြစ် ပါသည်။

သိမ်းငှက်မြို့စားကြီးနှင့် စုကျူးမြို့စားတို့ အောင်ပွဲခံနိုင် လိုက်ကြပြီဖြစ်သည်။

စုကျူးမြို့စားသည် သိမ်းငှက်မြို့စားအား မယုံနိုင်အောင် ကြည့်မိလေသည်။

"မိတ်ဆွေက"

သိမ်းငှက်မြို့စား လက်ကာပြလိုက်သည်။

"မအံ့သြပါနဲ့ဗျာ၊ ကျုပ်ရဲ့လက်အောက် မှာလည်း လူတော် လူကောင်းတွေရှိပါတယ်၊ ခင်ဗျားနဲ့ ကျုပ်အထင်မှားပြီးထိပ်တိုက် ရင်ဆိုင်တွေ့အောင် တစ်စုံတစ်ယောက်က ကြားဝင်ဖန်တီးပေးနေ

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ကျုပ်ဆီကို သတင်းပို့ခဲ့ကြတယ်၊ ကျုပ်ကတမင် မသိချင်ဟန်ဆောင်ပြီး စုံစမ်းနေခဲ့တာ နောက်ဆုံးတော့”

စုကျူးမြို့စား မရိုးမရွ ဖြစ်လာလေသည်။

“အသားထဲက လောက်ထွက်တယ်ဆိုတာ ဒါမျိုးပေါ့ဗျာ ကျုပ်က ရှင်းစွမ်းကို ယုံကြည်တော့ စိတ်ချခဲ့တယ်၊ ဒါပေမယ့် သူက သစ္စာဖောက်ဖြစ်နေတယ်”

သိမ်းငှက်မြို့စား ခေါင်းညိတ်လိုက်သည်။

“ကျုပ်က ခင်ဗျားကို သတိပေးရအောင် အချိန်မီလာခဲ့တာပဲ”

“မြို့စားကြီးကို ကျေးဇူးတင်ပါတယ်ဗျာ”

စုကျူးမြို့စားက လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်၏။

သိမ်းငှက်မြို့စား ရယ်မောလိုက်သည်။

“ကိုယ့်အချင်းချင်းတွေပဲဗျာ ကျေးဇူးဆိုတဲ့စကားကို ပြောစရာမလိုပါဘူး၊ ရှင်းစွမ်းကိုသာ ...”

“စိတ်ချ သူထွက်ပြေးလို့ မရနိုင်ပါဘူး၊ ကျုပ်က မင်းစင်ကို တာဝန်ပေးထားပါတယ်”

သိမ်းငှက်မြို့စား၏ မျက်နှာတည်ကြည်လေးနက် သွားလေသည်။



“မင်းစင်ဆိုတာ ခင်ဗျားကိုလုပ်ကြံဖို့လာတဲ့ ကြေးစားမဟုတ်လားဗျာ”

စုကျူးမြို့စား သက်ပြင်းချလိုက်လေသည်။

သိမ်းငှက်မြို့စားသည် ခေသူမဟုတ်ဘဲ အရာရာကို သိနားလည်နေသည် မဟုတ်ပါလား။

“အရင်ကတော့ ဟုတ်ပါတယ်ဗျာ”

“မြို့စားကြီး သတိထားရင် ကောင်းမယ်၊ မင်းစင်ကို ကြိုးကိုင်နေတဲ့ အမျိုးသမီးဟာ အနက်ရောင်သိုင်း လောကမှာ အစဉ်အလာရှိတယ်၊ အတော်ကို ကြောက်စရာကောင်းတယ်လို့ သတင်းကြီးနေတာပဲ”

စုကျူးမြို့စား ခေါင်းညိတ်လိုက်သည်။

“ကျုပ်သိပါတယ်၊ မင်းစင်ဟာ ခုတော့ လူကောင်းတစ်ယောက်ဖြစ်နေပါပြီ၊ ရှင်းရှင်းပြောရရင် ကျုပ်ရဲ့ သားမက်ဖြစ်နေပါပြီ”

“ဪ ...”

သိမ်းငှက်မြို့စားသည် ပြောမိလိုက်သော စကားကြောင့် အားတုံ့အားနာ ဖြစ်သွားပုံရှိလေသည်။

“ကျုပ်ရဲ့စကားကို ပြန်ပြီးရုပ်သိမ်းပါတယ်ဗျာ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးဗျာ"

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့က မင်းစင်ကို ကူညီနိုင်တာပေါ့၊ သူတို့နောက်ကို လိုက်သွားကြရင် မကောင်းဘူးလား"

"ကောင်းသားပဲ ... သွားကြတာပေါ့"

စုကျူးမြို့စားက လက်ထောက်တစ်ယောက်အား မေးလိုက်သောအခါ မင်းစင် ထွက်သွားသော နေရာကို သိလိုက်ရ၏။

ထိုနေရာတွင် ရှင်းစွမ်း ရှိနေမည်သာဖြစ်ပါသည်။

စုကျူးမြို့စားက သိမ်းငှက်မြို့စားဘက်သို့လှည့်လိုက်၏။

"ရှမ်းချွမ်းက အရှေ့တောင်ဘက်ကုန်းဆီကို ဦးတည်သွားနေတယ်၊ အဲဒီဘက်မှာ တောတောင်လျှိုမြောင်တွေ ဖုံးလွှမ်းနေတာကြောင့် သူထွက်ပြေးလို့ရမယ်လို့ ထင်နေပုံရှိတယ်၊ ကျုပ်တို့လိုက်သွားကြတာပေါ့"

"ကောင်းပြီ"

စုကျူးမြို့စားသည် အရှေ့ဘက်တောင်ကုန်းများဆီသို့ လိုက်သွားရန် ပြင်ဆင်လိုက်လေတော့သည်။

* * *

အရှေ့ဘက်တွင် တောင်ကုန်း တောင်ပူစာလေးများ၊ သစ်တောများ၊ လျှိုမြောင်ချောက်ကမ်းပါးများ နေရာယူထား၏။



စုကျူးမြို့စား ဦးဆောင်၍ သိမ်းငှက်မြို့စ ...့လူစုလိုက်ပါသကြရင်း အရှေ့ဘက်တောင်ကုန်းများဆီ ... ရောက်ရှိလာသော်လည်း မင်းစင်နှင့် ရှင်းစွမ်းတို့၏ အရိ ...ယောင်ကိုပင် တွေ့ရသေးပါချေ။

စုကျူးမြို့စားက လက်ဝဲယမ်းပြလိုက် ...ည်။

ထိုအခါ ...

လက်ရွေးစင်သိုင်းသမားများသည် လူခွဲက ... တောအုပ်ထဲသို့ ပြေးဝင်သွားကြလေသည်။

မင်းစင်တို့အား လိုက်လံရှာဖွေကြခြင်း ... စ်သည်။

စုကျူးမြို့စားက သိမ်းငှက်မြို့စားအား ပြောလိုက်သည်။

"သူတို့ ဒီအနီးပတ်ဝန်းကျင်မှာပဲ ရှိနေ ...ပါ"

ရှင်းစွမ်း ထွက်ပြေးလို့ မရပါဘူး"

သိမ်းငှက်မြို့စား ခေါင်းညိတ်လိုက်သည်။

"ကျုပ် ယုံကြည်ပါတယ်ဗျာ"

ထိုစဉ် ...

"ရှီ ..."

မလှမ်းမကမ်းရှိ စိမ်းလန်းသော သစ် ...များဖုံးလွှမ်းထားသည့် တောင်ကုန်းတစ်ခုပေါ်မှ လေချွန် ... တစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုကျူးမြို့စား လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

"သူတို့ကို တွေ့ပြီ"

သိမ်းငှက်မြို့စား ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ"

ထို့နောက် ...

နှစ်ယောက်သား ကိုယ်ဖျောက်ပညာကို အသုံးပြုကာ တဟုန်တိုးပြေးသွားလိုက်ကြလေသည်။

"ဟူး ... ဟူး"

ထို့နောက် ...

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာလေသည်။

ကိုယ်ဖျောက်ပညာ ထိပ်တန်းအဆင့် ရောက်နေပြီဖြစ်သော သိမ်းငှက်မြို့စားနှင့် စုကျူးမြို့စားတို့သည် တစ်ခဏအတွင်းမှာပင် တောင်ကုန်းပေါ်သို့ ရောက်ရှိသွားကြလေသည်။

လက်ရွေးစင်သိုင်းသမားတစ်ယောက်က အသင့်စောင့်ကြိုနေပါသည်။

သိုင်းသမားက ဦးညွှတ်လိုက်သည်။

"သူတို့သည် တောင်ကုန်းပေါ်ကို ရောက်လာခဲ့ကြပါတယ် မြို့စားကြီး"

စုကျူးမြို့စား ခေါင်းညိတ်လိုက်သည်။



ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပေသည်။

ထိုအခါ ...

မလှမ်းမကမ်းရှိ သစ်ပင်များကြား၌ ထူးခြားသော အခြေအနေ တစ်ရပ် ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

မြေပေါ်၌ ခြေရာများ ရှုပ်ပွနေ၏။

သစ်ကိုင်းသစ်ခက်များ ကျိုးပြတ်ကျကာ မွစာကျဲနေ၏။

ထိုနေရာ၌ တိုက်ပွဲတစ်ခုဖြစ်ပွားခဲ့ကြောင်း ထင်ရှားနေ၏။

ရှင်းစွမ်း ထွက်ပြေးရင်း ဤနေရာသို့ အရောက်တွင် မင်းစင်က ဟန့်တားရာ တိုက်ပွဲဖြစ်ခဲ့ကြောင်း ထင်ရှားလေသည်။

"မင်းစင် ဘယ်မှာလဲ"

စုကျူးမြို့စား စိုးရိမ်သွား၏။

သူက တိကျပြတ်သားသူဖြစ်ရကား အသည်းမာသူ၊ သံယောဇဉ် ကင်းမဲ့သူဟုပင် ပြောဆိုခံခဲ့ရသည်။

အမှန်တော့ စုကျူးမြို့စားသည်လည်း လူသားတစ်ယောက်ပင် ဖြစ်ပါသည်။

သူ၏အခြေအနေက အသည်းနှလုံးကင်းမဲ့သော လူတစ်ယောက်ပမာ နေရမည်မို့ အထင်မှားခံရခြင်း ဖြစ်သည်။

သူ၏သမီး လိပ်ပြာလေး ရှောင်တီကို အလွန်ချစ်မြတ်နိုးခဲ့လေသည်။

www.burmeseclassic.com



သမီးဖြစ်သူက ကြေးစားတစ်ယောက်နှင့် ပေါင်းသင်းခဲ့သော အခါ သူ၏ဘဝတစ်ခုလုံး ပျက်စီးသွားရမတတ် ဖြစ်ခဲ့ရလေသည်။

ထိုစဉ်က ...

ကိုယ့်ကိုကိုယ်ပင် အဆုံးစီရင်လိုစိတ်များဖြစ်ပေါ်ခဲ့သည်။

နောက်ဆုံးမှ အမှန်ကန်ဆုံးဖြစ်ကာ သမီးဖြစ်သူအား စွန့်လွှတ်လိုက်ခြင်းဖြစ်ပါသည်။

သမီးကို စွန့်လွှတ်ပြီးနောက် သားဖြစ်သူမှာ သူ၏ဘဝဖြစ်ခဲ့ရသည်။

ကံဆိုးချင်တော့ သူ၏သားမှာ ကောက်ကျစ်စဉ်းလဲသော ရှင်းစွမ်း၏လက်ချက်ဖြင့် သေဆုံးခဲ့ရပြန်သည်။

ယခုတော့ ရှင်းစွမ်း၏ဓာတ်ပုံကို ဖော်ထုတ်နိုင်ပြီဖြစ်သလို မင်းစင်သည် သူ၏ဘဝထဲ ဝင်ရောက်လာခဲ့ပြီ ဖြစ်လေသည်။

မင်းစင်သည် ကံမကောင်းအကြောင်းမလှသဖြင့် ကြေးစား တစ်ယောက်ဖြစ်ခဲ့သည်။

သူက လိပ်ပြာလေးရှောင်တိနှင့်တွေ့ဆုံပြီး နောက် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သည်။

လူဆိုးဘဝမှ လူကောင်းဘဝပြောင်းလဲသွားသူတစ်ယောက်မှာ အဆိုးတော့ အကောင်းပေါ် နားလည်နေပြီဖြစ်၍ ယုံကြည်စိတ်ချရသည်ဟု တရက်စက်အားပုံတစ်ခု ရှိ၏။



ခုကျူးမြို့စားက မင်းစင်ကို လက်ခံရန် ဆုံး...ပြီဖြစ်သည်။

မင်းစင်က ရှင်းစွမ်းအား ဆုံးမနိုင်လိမ့်မည်... ည်း ယုံကြည်သားလေသည်။

သို့သော် ...

သူ့သံယောဇဉ်ရှိသူများ ကံဆိုးသွားတတ်...ည်ဟူ၍ စိတ်ထဲတွင် စိုးရိမ်ပူပန်နေမိတော့သည်။

ခုကျူးမြို့စား တွေးတောနေစဉ်မှာပင် သိုင်း...အားတစ်ဦးက အနီးသို့ရောက်ရှိလာပြီး ဦးညွှတ်လိုက်လေသည်

"မြို့စားကြီးခင်ဗျာ ရှင်းစွမ်းတော့ မင်းစင်ပါ...စ်ယောက်စလုံးကို ရှာမတွေ့ပါဘူး၊ သူတို့ ပျောက်ဆုံးနေကြပ...ယ်"

"ဟင် ..."

ခုကျူးမြို့စား လှုပ်လှုပ်ရှားရှား ဖြစ်သွား...လေသည်။

"မင်းတို့ သေသေချာချာ ရှာပြီးကြပြီလား"

"မှုတ်ကဲ့ ရှာပြီးပါပြီ မြို့စားကြီး"

"ဒါဖြင့် သူတို့ ဘယ်ရောက်သွားကြသလဲ"

လာရောက်သတင်းပို့သော သိုင်းသမား ...မပေးနိုင်ဘဲ ...နေ၏။

ထိုစဉ် ...

"မြို့စားကြီး ...မြို့စားကြီး"

www.burmeseclassic.com

www.burmeseclassic.com



လက်ရွေးစင်သိုင်းသမားတစ်ယောက်က တစ်ဟုန်ထိုး ပြေးလာ၏။

ထိုလူမှာ ထိတ်လန့်တုန်လှုပ်ဖွယ်ရာ တစ်စုံတစ်ခုနှင့်ကြုံတွေ့ခဲ့ရပုံ ရှိလေသည်။

စုကျူးမြို့စား မျက်မှောင်ကုပ်သွား၏။

"မင်း ဘာဖြစ်လာတာလဲ ပြောစမ်း"

သိုင်းသမားက ဦးညွတ်လိုက်သည်။

"အရှေ့ဘက်တောင်ထိပ်မှာ ရှင်းစွမ်းတို့ရောက်ရှိခဲ့တယ်ဆိုတဲ့ အထောက်အထားတွေတွေ့ခဲ့ရပါတယ်၊ ဒါပေမယ့် ရှင်းစွမ်းကိုကော မင်းစင်ကိုပါ ရှာမတွေ့ခဲ့ပါဘူးခင်ဗျာ"

"တခြားနေရာတွေမှာကော"

"လုံးဝ ရှာမတွေ့ပါဘူး"

စုကျူးမြို့စား ပင့်သက်ရှိုက်လိုက်၏။

ရှင်းစွမ်းတို့ နောက်ဆုံးရောက်ရှိသွားခဲ့သော အရှေ့ဘက်တောင်ထိပ်သို့ လိုက်သွားရန်ဆုံးဖြတ်လိုက်၏။

သူက သိမ်းငှက်မြို့စားအား ဖိတ်ခေါ်လိုက်၏။

"ကျုပ်တို့ အခြေအနေသွားကြည့်ရအောင်"

"ကောင်းပြီ..."

ထို့နောက်...



နှစ်ယောက်သား ဦးဆောင်ကာ အရှေ့ဘက်တောင်ထိပ်သို့ ဦးတည်ထွက်သွားကြလေတော့သည်။

တောင်ပေါ်လေ တဟူးဟူး တိုက်ခတ်နေသည်။

နေရောင်ခြည် ထိုးကျနေသော်လည်း အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

တောင်အမြင့်ပိုင်းတွင် မြူခိုးများ လွှမ်းခြုံနေ၏။

တောင်ထိပ်ပေါ်သို့ ရောက်လာသည်နှင့် မြေပေါ်တွင် သွေးကွက်များ တွေ့လိုက်ရလေသည်။

မင်းစင်နှင့် ရှင်းစွမ်းတို့ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြောင်း ထင်ရှားနေ၏။

မင်းစင်၏ အခြေအနေ မည်သို့ရှိပါသနည်း။

ကောက်ကျစ်စဉ်းလဲလှသော ရှင်းစွမ်းအား ရင်ဆိုင်နိုင်ပါမည်လော။

ရှင်းစွမ်းသာ မင်းစင်ကို အနိုင်ယူကာ ထွက်ပြေးလွတ်မြောက်သွားမည်ဆိုပါလျှင်...

စုကျူးမြို့စားက ပတ်ဝန်းကျင်ကို အကဲခတ်ရင်း ရှေ့သို့သွားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်မြို့စားကလည်း သတိနှင့်လိုက်သွား၏။

မြူခိုးများက သူတို့အား လွှမ်းခြုံထားလိုက်လေသည်။

မြေပေါ်တွင် နောက်ထပ်သွေးကွက်များတွေ့ရပြန်သည်။

ရှင်းစွမ်းအား လွယ်လင့်တကူ အနိုင်ရဖို့တော့လွယ်မည် မဟုတ်ပါချေ။

မင်းစင်အား တစ်ယောက်တည်း စိတ်ချလက်ချ လွှတ်ထားခဲ့သည်မှာ မှားယွင်းနေပြီလားဟု စုကျူးမြို့စား သံသယဝင်လာလေတော့သည်။

သူ၏ခြေလှမ်းများသွက်လာသည်။

✱ ✱ ✱

အရှေ့ရာယ်အား ရင်ဆိုင်ရန် အသင့်ပြင်ရင်း ရှေ့တိုးသွားလိုက်၏။

ရုတ်တရက် လေပြင်းများ တိုက်ခတ်လာ၏။

စုကျူးမြို့စား၏ အဝတ်အစားများ တဖျပ်ဖျပ်လှုပ်လွန့်သွား၏။

တောင်ထိပ်တဘက်ကမ်းပါးအနီးသို့ ရောက်၍လာပြီဖြစ်သည်။

ရှေ့ဆက်သွားလျှင် ချောက်ထဲကျသွားဖို့သာ ရှိတော့သည်။



စုကျူးမြို့စား ခြေလှမ်းရပ်လိုက်လေသည်။

ထက်ကြပ်မကွာလိုက်လာသော သိမ်းငှက်မြို့စားလည်း ခြေလှမ်းရပ်လိုက်လေသည်။

မင်းစင်ကော ရှင်းစွမ်းပါ အရိပ်အယောင်ပင် မတွေ့ရတော့ပါ။

သူတို့ မည်သည့်နေရာသို့ ရောက်ရှိသွားကြပါသနည်း။

သိမ်းငှက်မြို့စားက မြေပေါ်မှ တစ်စုံတခုကောက်ယူလိုက်၏။

တစ်ဖန်

သေသေချာချာ စစ်ဆေးကြည့်လိုက်ပြီး …

"ဒါ … အဆောင်လက်ဖွဲ့လေးတစ်ခုပဲ"

ဟူ၍ တီးတိုးရေရွတ်လိုက်လေသည်။

စုကျူးမြို့စားကြည့်လိုက်ရာ မင်းစင်ဆောင်နေကျ အဆောင်လက်ဖွဲ့လေး ဖြစ်နေကြောင်း တွေ့လိုက်ရ၏။

စုကျူးမြို့စားက ရင်ထိတ်သွား၏။

"မင်းစင်"

လွှတ်ခနဲ ခေါ်လိုက်မိသည်။

တစ်ဖန် ချောက်ထဲသို့ ငုံ့ကြည့်လိုက်၏

ပတ်ဝန်းကျင်တွင် မင်းစင်ကော ရှင်းစွမ်းကော်ပါ မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်စလုံး ချောက်ထဲကျသွားပြီ ဖြစ်ကြောင်း ထင်ရှားနေသည်။

ချောက်က နက်ရှိုင်းလှသည်။

စုကျူးမြို့စား အာခေါင်များ ခြောက်သွေ့လာ၏။

"ချောက်ထဲကို ရောက်ဖူးတဲ့လူ ရှိသလား"

လက်ရွေးစင်သိုင်းသမားများ တုတ်တုတ်မျှမလှုပ်ကြချေ။

စုကျူးမြို့စား သက်ပြင်းချလိုက်သည်။

သိမ်းငှက်မြို့စားဘက်သို့လှည့်ကာ ပြောလိုက်၏။

"ချောက်က ပေပေါင်းသုံးထောင်ကျော်လောက် နက်ရှိုင်းတယ်၊ တောင်ပေါ်ကနေဆင်းသွားလို့ မလွယ်ဘူး၊ တောင်အောက်ကို ဆင်း ပြီးကွေ့ပတ်သွားရင်တောင် အနည်းဆုံး ငါးရက်လောက် ကြာလိမ့်မယ်၊ အောက်ဘက်မှာ သားရဲတိရစ္ဆာန်တွေလည်း ပေါများ တယ်၊ သူတို့ ချောက်ထဲကျသွားကြပြီဆိုရင် အရိုးအသား ရှာဖို့ မလွယ်ဘူး"

သိမ်းငှက်မြို့စား သက်ပြင်းချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဒီလောက်နက်ရှိုင်းလှတဲ့ ချောက်ထဲကို ကျသွားမှတော့ ဘယ်လောက်တော်တဲ့ သိုင်းသမားဖြစ်ပါစေ အသက် ရှင်ဖို့ မလွယ်တော့ပါဘူး၊ မင်းစင်အတွက် ကျုပ်စိတ်မကောင်း ပါဘူးဗျာ"



စုကျူးမြို့စား လက်ကာပြလိုက်၏။

"ခုချိန်မှာ မင်းစင်ထက် ရှင်းစွမ်းကပိုပြီး အရေးကြီးနေတယ်၊ သူ လွတ်သွားလို့ မဖြစ်ဘူး"

"ဒီလောက်လည်း စိတ်မပူပါနဲ့လေ၊ မင်းစင်တောင် မလွတ် နိုင်ဘူးဆိုရင် ရှင်းစွမ်းကော ဘယ်လိုနည်းနဲ့ သူ့ဘက်မြောက်နိုင်ပါ တော့မလဲ"

စုကျူးမြို့စား ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် သူသေသွားပြီဆိုမှ စိတ်ချရ မယ့်အခြေအနေရှိတယ်"

"ခင်ဗျားရဲ့လူတွေကိုလွှတ်ပြီး တောင်အောက်မှာ အခြေအနေ ကြည့်ခိုင်းပေါ့ဗျာ"

"ကောင်းပြီ"

စုကျူးမြို့စားသည် လက်ရွေးစင်သိုင်းသမားများအား တောင် အောက်သို့ သွားရောက်စစ်ဆေးကြည့်ရန် စေလွှတ်လိုက်လေသည်။

တစ်ရက်။

နှစ်ရက်။

သုံးရက်။

www.burmeseclassic.com

www.burmeseclassic.com



နေ့ရက်အလီလီ ကုန်ဆုံးသွားပြီဖြစ်ပါသည်။

စုကျူးမြို့စားနှင့် သိမ်းငှက်မြို့စားတို့ ပူးပေါင်းကာ သွေးလက်ဝါးအဖွဲ့ကို ဖြိုခွင်းနိုင်ခဲ့သည်။

ပြည်မသို့ကျူးကျော်ရန် ကြံစည်နေသော တိုင်းတစ်ပါးသားများသည်လည်း အခြေအနေမဟန်သည့်နှင့် ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြတော့သည်။

ဒုစရိုက်သမားများ ကင်းစင်သွားပြီဖြစ်၍ အနယ်နယ်အရပ်ရပ်မှာ အေးချမ်းသာယာသွားလေသည်။

သို့သော် ...

စုကျူးမြို့စား၏ ရင်ထဲ၌ မသာယာမချမ်းမြေ့နိုင်ပါ။

ရှင်းစွမ်းကော မင်းစင်ပါပျောက်ချင်းမလှ ပျောက်ဆုံးနေခြင်းကြောင့်ဖြစ်ပါသည်။

ငါးရက် ...

တိုက်ပွဲများပြီးဆုံးသွား၍ သိမ်းငှက်မြို့စားကြီးလည်း ပြန်လည် ထွက်ခွာသွားပြီး ငါးရက်မြောက်သောနေ့တွင် အရှေ့တောင်အောက်၌ ရှာဖွေနေကြသော သိုင်းသမားများထံမှ ထူးခြားသော သတင်း တစ်ခုရရှိလာခဲ့လေသည်။

တောင်အောက်ချောက်ထဲ၌ ရှုပ်ပွကာ သားရဲတိရစ္ဆာန်များ



ကိုက်ဆွဲထားသဖြင့် ကိုယ်လက်အင်္ဂါ မစုံတော့သော လူသေအလောင်းတစ်လောင်းအား တွေ့ရခြင်းဖြစ်လေသည်။

ထိုလူသေအလောင်းမှာ ပျက်စီးနေပြီဖြစ်သော မည်သူမည်ဝါဖြစ်ကြောင်း မပြောနိုင်တော့ပေ။

မင်းစင် သို့မဟုတ် ရှင်းစွမ်းသာဖြစ်ရပေမည်။

ရှင်းစွမ်းဆိုသူက အရေးမကြီးပါ။

မင်းစင် သေဆုံးသွားပြီး ရှင်းစွမ်း လွတ်မြောက်သွားမည်ဆိုပါလျှင် ...

မင်းစင်နှင့် ရှင်းစွမ်းတို့ နှစ်ယောက်အနက် တစ်ယောက်သေဆုံးသွားပြီး တစ်ယောက်က လွတ်မြောက်သွားပေမည်။

စုကျူးမြို့စား အကျပ်ရိုက်သွား၏။

အလောင်းကိုကြည့်ပြီး မင်းစင်လော ရှင်းစွမ်းလော ခွဲခြားရနိုင်တော့သည့်နောက်ဆုံး မင်းစင် သေဆုံးသွားပြီး ရှင်းစွမ်းလွတ်မြောက်သွားပြီဟု ဆုံးဖြတ်လိုက်ရတော့သည်။

ထိုသတင်းအား သိမ်းငှက်မြို့စားထံသို့ အကြောင်းကြားပြီး သူ၏လက်ရွေးစင်သိုင်းသမားများအား ရှင်းစွမ်းအား မြေလှန်ရှာဖွေရန် တာဝန်ပေးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးထဲ၌ တီးတိုး ငိုရှိုက်သံများ ပျံ့လွင့်နေ၏။

လိပ်ပြာလေးရှောင်တိက ကျိတ်ငိုနေခြင်းဖြစ်သည်။

သူမ၏ဘဝတွင် တွယ်တာရမည့်ယောက်ျားနှစ်ယောက်နှ
ဆုံတွေ့ခဲ့ရသည်။

ထိုနှစ်ယောက်စလုံးက သူမအား ခွဲခွာသွားခဲ့ကြပြီ ဖြစ်၏
ရုတ်တရက် ခြေသံများ ထွက်ပေါ်လာ၏။

ရှောင်တိက ခေါင်းမော့လိုက်ရာ စုကျုံးမြို့စားကြီးက အ
သို့ ရောက်ရှိလာနေသည်ကို တွေ့လိုက်ရလေသည်။

"ဟင် ... ဖေဖေ"

ရှောင်တိ ချက်ချင်းပင် ထိုင်ရာမှ ထကာ ကြမ်းပေါ်
ထောက်ကာ ဂါရဝပြုလိုက်လေသည်။

ဖခင်ကြီးက သူ့အားပစ်ထားခဲ့သည်မှာ အတော်ကြာသွာ
ပြီ ဖြစ်ပါသည်။

သူမနှင့် မင်းစင်တို့ တွေ့ကြပြီး နောက်ပိုင်းမှသာ လို
လားလား ပြန်လည်ဆက်ဆံလာခဲ့ခြင်း ဖြစ်ပါသည်။

ယခုတော့ မင်းစင် မရှိတော့ချေပြီ။

"သမီး"

"ရှင် ... ဖေဖေ"

"သမီး အိမ်ပြန်လိုက်ခဲ့ဖို့ ဖေဖေ လာခေါ်တာ"



ဖခင်၏စကားကြောင့် ရှောင်တိ လှုပ်လှုပ်ရှား ဖြစ်သွား၏။

စုကျုံးမြို့စားက တည်ကြည်သော မျက်နှာထား ပြောင်းပြော၏။

"သမီးအိမ်ကို ပြန်လိုက်ခဲ့မယ် မဟုတ်လား"

ရှောင်တိ ခေါင်းငုံ့သွားလေသည်။

အိမ်ကလေးထဲ၌ အပ်ကျသံ ကြားရလောက်အောင်ပင်
တိတ်ဆိတ်ငြိမ်သက်သွား၏။

ရှောင်တိက အဖြေမပေးဘဲ ငြိမ်နေ၏။

ထိုသို့ ငြိမ်နေခြင်းက သူမ၏သဘောထားကို လှုပ်ကြဲရာ
ရောက်နေပါတော့သည်။

စုကျုံးမြို့စား မျက်နှာပျက်သွားလေသည်။

"ရှောင်တိ သမီး အိမ်ကိုပြန်လိုက်ခဲ့မယ်မဟုတ်လား"

အဖြေကိုသိနေပါလျက် ထပ်မေးလိုက်၏။

ရှောင်တိ မငိုသက်ရှိုက်လိုက်၏။

"သမီးကို ခွင့်လွှတ်ပါ၊ ဒီမှာ နေသားကျနေပါပြီ၊ သမီး
လိုက်ချင်တော့ဘူး"

စုကျုံးမြို့စားက သမီးဖြစ်သူအား စိုက်ကြည့်လိုက်၏။

"ဖေဖေ့ကို စိတ်ဆိုးနေလို့လား"

"အို ... မဟုတ်ပါဘူးဖေဖေ၊ သမီးအိမ်ကို မပြန်ချင်လို့ပါ၊
နေရာမှာပဲ အေးအေးချမ်းချမ်း နေသွားချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်တိက ဖျာဖျာသလဲ ပြောလိုက်လေသည်။

စုကျုံးမြို့စား ခေါင်းညိတ်လိုက်၏။

"သမီး ဘယ်လိုခံစားနေရတယ်ဆိုတာကို ဖေဖေနားလည်ပါတယ်၊ သမီးကို အိမ်ပြန်လာဖို့ပြောတာကလည်း သမီးကို ဖေဖေက ပစ်မထားဘူးဆိုတဲ့ သဘောပါ"

"ဟုတ်ကဲ့ သမီးနားလည်ပါတယ် ဖေဖေ"

စုကျုံးမြို့စား ပြုံးလိုက်သည်။

"အင်းလေ သမီး အိမ်မပြန်ချင်သေးဘူးဆိုရင်လည်း စိတ်ချမ်းသာသလိုနေလိုက်ဦးပေါ့၊ အိမ်ပြန်ချင်တယ်ဆိုရင်လည်း အချိန်မရွေးပြန်လာနိုင်တယ်၊ ဒါမှမဟုတ်လည်း အလည်အပတ်သဘောပေါ့ ဖေဖေ့ရဲ့ မြေးလေးကိုလည်း ခေါ်လာခဲ့ပေါ့"

"ကောင်းပါပြီ သမီးလာခဲ့ပါ့မယ်"

"ဒါဖြင့် ဖေဖေ သွားမယ်"

ရှောင်တိသည် ဖခင်ဖြစ်သူအား အိမ်ပေါက်ဝသို့တိုင်အောင်လိုက်လံပို့ဆောင်ပေးလိုက်လေသည်။

စုကျုံးမြို့စားအား နှုတ်ဆက်ပြီးပြန်သွားသည်။

ရှောင်တိ မငိုတော့ပါ။

သူမ ချစ်ခဲ့ရသည့် ယောကျ်ားသား နှစ်ယောက်စလုံးအား သေဆုံးသွားခဲ့ကြချေပြီ။



သို့သော် . . .

ဆုံးရှုံးခဲ့ရသော ဖခင်မေတ္တာကို ပြန်လည်ရရှိခဲ့ပြီ ဖြစ်ပါသည်။

ရှောင်တိ၏ ရင်ထဲမှ အထီးကျန်ဆန်မှုများ ပျောက်ကွယ်သွား၏။ သာယာပျော်ရွှင်မှုများက ရှိနေပါသေး၏။

ရှောင်တိသည် ဖခင်ကြီးထွက်သွားပြီး... ဧည့်ခန်းရှိ ထိုင်ခုံပေါ်၌ ပြန်လည်ထိုင်ချလိုက်သည်။

မင်းစင်ကို ဖျပ်ခနဲသတိရလိုက်၏။

မင်းစင်က သူမထံသို့ ဘယ်သောအခါမှ ပြန်လာနိုင်တော့မည်မဟုတ်ချေ။

ချောက်ထဲ၌ တွေ့ခဲ့ရသော အလောင်းသည် မင်းစင်လော၊ ရှင်းစွမ်းလော မည်သူမှ အတတ်မပြောနိုင်ပါ။

သို့တိုင် . . .

မင်းစင်သေဆုံးသွားကာ ရှင်းစွမ်းလွတ်မြောက်သွားပြီဟု အဘယ်ကြောင့် ယုံကြည်နေကြပါသနည်း။

ရှင်းစွမ်းက လွတ်မြောက်ပြီး ရှောင်သွားမည့်သူတစ်ယောက် ဖြစ်ပါသည်။

မင်းစင်အား ထွက်ပြေးမည့်လူတစ်ယောက် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်းစွမ်းသေဆုံးသွားပြီး မင်းစင်သာအသက်ရှင်နေမည်ဆို ပါလျှင် သူမထံသို့ မလွဲမသွေပြန်လာလိမ့်မည်ဟု ရှောင်တိယုံကြည်ထားခြင်းကြောင့် ဖြစ်ပါသည်။

ယခုတော့ မင်းစင် ပြန်ရောက်မလာပါ။

ထို့ကြောင့် ...

မင်းစင် သေဆုံးသွားပြီး ရှင်းစွမ်း လွတ်မြောက်သွားခြင်းဟု သတ်မှတ်လိုက်ခြင်းပင်။

BURMESE CLASSIC

ရုတ်တရက် ...

ရှောင်တိက ဓားရိုင်ရာမှထကာ အခန်းတွင်းသို့ ခန္ဓာကိုယ်တစ်ဘက်လှည့်ကာ စတင်လိုက်လေသည်။

သူမ၏ လေ့လာလှုပ်ရှားမှုသည် တစ်စထက်တစ်စ လျင်မြန်လာသည်။

ကကြိုးကကွက်များက ညက်ညောပြီး ရင်သပ်ရှုမောဖွယ်ကောင်းနေသည်။

လိပ်ပြာအက

ရှောင်တိက လိပ်ပြာအကကို တရိုက်မက်မက် စွဲမက်ဖွယ်ရာ က၍ နေလေတော့သည်။

* * *



နွေဥတု

နွေဥတုကား ပူလောင်ပျင်းပြလှသည်။

ပျင်းရိစရာလည်း ကောင်းလှသည်။

အပူဒဏ်ကြောင့် လူအများက မိုးရွာပါစေ ... ဟု ဆုတောင်းကြရသည်အထိပင်

အချိန်ကာလ ယန္တရားလည်ပတ်မှုကြောင့် နွေရာသီကုန်ဆုံးသွားသည်နှင့် မိုးဥတုဝင်ရောက်လာတော့သည်

မိုးဥတု ...

စွတ်စိုအေးချမ်းသော မိုးဥတုသည် နွေကို ... ယ်ရှားကာ နေရာယူလိုက်ပြီးနောက်များမကြာမီ ဆောင်းဥတုကို ... ဖယ်ပေးလိုက်ရလေသည်။

ဆောင်းသည် ဖြူဖွေးသော နှင်းပွင့်များ ... ၎် အတူကမ္ဘာမြေတစ်လွှားသို့ ဝင်ရောက်လာလေသည်။

နွေ၊ မိုး၊ ဆောင်း ရာသီ အလီလီပြောင်း ... သွားခဲ့သည်မှာ သုံးရာသီစက်ဝန်း တိုင်ခဲ့ချေပြီ။

သုံးနှစ်။

သုံးနှစ်ဟူသော အချိန်ကာလမှာ တဖြည်း ... ည်းကုန်ဆုံးသွားခဲ့လေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းသော လူတစ်ယောက်

အေးစိမ့်မှုက ဝန်းကျင်တစ်ခုလုံး လွှမ်းခြုံထားလေသည်။

ဖြူဖွေးသော နှင်းများကို နေရာအနှံ့တွင် လက်ညှိုးထိုး မလွဲအောင် တွေ့မြင်နေရ၏။

လူတိုင်းလူတိုင်သည် အအေးဒဏ်ကို ကာကွယ်နိုင်ရန် ထူထဲသောအနွေးထည့်များ ဝတ်ဆင်ထားကြပါသော်လည်း လူငယ် တစ်ယောက်က ပါးလွှာသော ချည်ထည်အဝတ်အစား တစ်ထည်ဖြင့် နှင်းဖုံးနေသော လမ်းမကြီးအတိုင်း လျှောက်လှမ်း လာခဲ့လေသည်။

ထိုလူငယ်မှာ နာတာရှည်ဝေဒနာခံစားနေရသည့် အသွင်မျိုး ရှိနေ၏။

ကြောင်စီစီမျက်လုံးများဖြင့် ပတ်ဝန်းကျင်ကို ငေးမောကာ လျှောက်လှမ်းလာရင်း စားသောက်ဆိုင်လေးတစ်ဆိုင်ရှေ့သို့ ရောက် လျှင် ခြေလှမ်းရပ်တန့်သွားလေသည်။



ဆိုင်ထဲမှ ချက်ပြုတ်ကြော်လှော်သည့် ဟင်းရနံ့များမှာ ဆိုင်အပြင်ဘက်သို့တိုင်အောင် လွင့်ပျံ့လာနေသ ည် မဟုတ်ပါလား။

လူငယ်မှာ ဗိုက်ထဲဆာလောင် မွတ်သိ ်ဟာပုံရှိသည်။

တစ်ခဏတာ တွေတွေကြီးဖြစ်နေပြီးမှ စ ားသောက်ဆိုင်ဆီသို့ လှမ်းသွားလိုက်သည်။

ဆိုင်ထဲ၌ လူရှင်းနေပါ၏။

ဆိုင်လုလင်တစ်ယောက်က ပြာပြာသလ ြ်ဆိုကာ နေရာခ ပေးလိုက်သည်။

"အစ်ကိုလေး ဘာများသုံးဆောင်မလဲ အာမိန့်ရှိပါခင်ဗျာ"

"အသားကင်၊ အရက်"

ဆိုင်လုလင်၏ အမေးစကားကို လူငယ ်က တုံးတိတိအဖြေ ပေးလိုက်သည်။

"ကောင်းပါပြီ ခင်ဗျာ"

ဆိုင်လုလင်က ချက်ချင်းပင် အသားပ ်ငါးတစ်ပွဲနှင့် အရက် တစ်အိုး သွားယူ၏။

လူငယ်ထံသို့ သွားရောက်ပို့ဆောင်မည် အ ပြုတွင် ဆိုင်ရှင်က လှမ်းခေါ်လိုက်၏။

"ဒီကိုလာဦး"

www.burmeseclassic.com



ဆိုင်လုလင်အနီးသို့ ရောက်လာသောအခါ အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"မင်းလူကို မင်းကြည့်စမ်းပါဦး၊ ဒီလောက်အေးတဲ့ရာသီမှာ အနွေးထည်တောင် မဝတ်နိုင်ဘူး၊ သူ့မှာ ပိုက်ဆံ ပါပုံမလား"

ဆိုင်လုလင် ဘာမှ မပြောသာအောင် ဖြစ်သွား၏။

ဆိုင်ရှင်အား အမိန့်ထုတ်လိုက်သည်။

"သူ့ဆီက ပိုက်ဆံအရင်တောင်းပါ၊ ငွေပါမှ စားစရာတွေ ချပေး၊ ဒါမှမဟုတ်ရင် ဆိုင်ထဲက မောင်းထုတ်လိုက်ပေတော့"

"ကောင်းပါပြီ ခင်ဗျာ"

ဆိုင်လုလင်သည် ဘာမှမတတ်နိုင်ပဲ လူငယ်အနီးသို့ ရောက်ရှိလာခဲ့လေသည်။

"အစ်ကိုလေး မှာထားတဲ့ အသားကင်နဲ့ အရက်ရပါပြီ၊ ဒါပေမယ့်"

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ကာ မျက်နှာ ငိုင်သွားလိုက်၏။

လူငယ် မျက်မှောင်ကြုတ်သွား၏။

"ခင်ဗျား ဘာပြောချင်လို့လဲ"

ဆိုင်လုလင် အားတုံ့အားနာဖြင့် ပြောလိုက်သည်။



"ကျွန်တော်တို့ဆိုင်မှာ ကျသင့်ငွေကို အရင်ရှင်းပေးရတဲ့ ထုံးစံ ရှိနေလို့ပါခင်ဗျာ"

လူငယ် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ"

ချက်ချင်းပင် သူ၏အင်္ကျီအိတ်ထဲမှ ရွှေဒင်္ဂါးပြားတစ်ပြား ထုတ်ယူလိုက်လေသည်။

"ကျုပ်မှာ ငွေတော့ပါမလာဘူး၊ ဒီရွှေဒင်္ဂါးပြားတစ်ပြားလေးကိုပဲ ယူပါဗျာ"

"ကောင်းပါပြီ ... ကောင်းပါပြီ"

ဆိုင်လုလင်သည် ရွှေဒင်္ဂါးပြားကို ကောက်ယူကာ စားစရာများကို လူငယ်၏ရှေ့၌ ချပေးလိုက်လေသည်။

လူငယ်က ဘာကိုမှ အမှုမထားတော့ပဲ စားသောက်လိုက်၏။

ဆိုင်လုလင်က ဆိုင်ရှင်ထံသို့ ပျာပျာသလဲ ပြန်သွားလိုက်၏။

"ဆရာ သူက ရွှေဒင်္ဂါးတစ်ပြား ပေးတယ်"

"ပြစမ်း ..."

ဆိုင်ရှင်က ရွှေဒင်္ဂါးပြားကို ယူကြည့်လိုက်လေသည်။

ရွှေဒင်္ဂါးပြားကား ငွေတစ်သောင်းအထက် တန်ဖိုးရှိသော ဒင်္ဂါးပြား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ် မှာကြားစားသောက်သည်က ငွေတစ်ရာဖိုးပင် မရှိပါချေ။

ဆိုင်ရှင်၏ မျက်နှာ ရှုံ့မဲ့သွားလေသည်။

"ငါက ဘယ်လိုလုပ်ပြီး ပြန်အမ်းရမှာလဲ"

ဆိုင်လုလင်က အကြံပေးလိုက်သည်။

"ကျင့်ရုံ ရတနာဆိုင်မှာ ငွေနဲ့ သွားလဲလိုက်ရမလား ဆရာ"

ဆိုင်ရှင်လည်း သဘောတူလိုက်လေသည်။

"ကောင်းပြီ... မင်းကမ္ဘည့်သည်ကို ဂရုစိုက်ပါ၊ လိုတာလုပ်ပေးလိုက်၊ ငါကိုယ်တိုင်ပဲ သွားလဲလိုက်မယ်"

"ဟုတ်ကဲ့ ဆရာ"

ဆိုင်ရှင်က ရွှေဒင်္ဂါးပြားအား ငွေသားအဖြစ် ပြောင်းလည်းပစ်ရန် ကျင့်ရုံရတနာဆိုင်သို့ ကတိုက်ကရိုက် ထွက်သွားလေတော့သည်။

❖ ❖ ❖

လေထဲတွင် နှင်းပွင့်များ ပလူပျံနေသည်။

ဆိုင်ရှင်က အင်္ကျီရင်ဘတ်ကို တင်းတင်းဆုပ်ကာကျင့်ရုံရတနာဆိုင်သို့ ထွက်လာရင်း ဦးခေါင်းထဲ အကြံတစ်ခုရလာ၏။



"ဒီကောင်လေးကိုကြည့်ရတာ မအူမလည် ... ရွှေဒင်္ဂါးရောင်းရသမျှငွေကို အကုန်မပေးဘဲ ငါ့အတွက် ချ ... ားလိုက်မယ်"

ယနေ့နံနက်တွင် ...

အချောင်ရမည့် အခွင့်အရေး ပေါ်ပေါက် ... သဖြင့် ဆိုင်ရှင်ပျော်ရွှင်သွားလေသည်။

သူ၏ခြေလှမ်းများလည်း ပိုသွက်လာ ... ။

ကျင်းရုံရတနာရွှေဆိုင်နှင့် နီးကပ်လာ ... သောအခါ ရွှေဒင်္ဂါးလေးအား ထုတ်ကြည့်လိုက်၏။

"အနည်းဆုံး ငွေတစ်သောင်းလောက်ဝ ... န်မှာပါ၊ သည်ထက် ပိုတောင်ပိုဦးမယ်၊ သူ့ကို ငါးထောင်လေ ... ပဲ ပြန်ပေးလိုက်မယ်"

ငွေငါးထောင်သာ ပြန်ပေးလျှင် လူငယ်က ... ာများပြောလေမည်နည်းဟု တွေးကာ ခြေလှမ်း မမှန်တော့ ... ။

ရုတ်တရက် နှင်းဖုံးနေသောကြောင့် မြေ ... ကျောက်ခဲလေးတစ်လုံးကို မမြင်ဘဲ ခလုတ်တိုက်လဲလိုက်လေ ... ည်။

"အင့်..."

ဆိုင်ရှင် လဲကျမလို ဖြစ်သွားသကဲ့သို့ ... ထဲမှ ရွှေဒင်္ဂါးလေးလဲ လွင့်စင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဒင်္ဂါးလေးသည် အဝေးသို့လွင့်စင်သွားကာ လမ်းဖြတ်ကူးလာသူ တစ်ယောက်ရှေ့သို့ ကျသွားလေသည်။

လမ်းကူးလာသူကား တောင်းရမ်းစားသောက်နေသူ တစ်ဦးဖြစ်ပါသည်။

သူတောင်းစားသည် ရွှေဒင်္ဂါးလေးအား တွေ့လိုက်ရာတွင် ဝမ်းသာအားရ ဖြစ်သွားလေသည်။

"ဟာ ငါတော့ ချမ်းသာပြီ"

ချက်ချင်းကောက်ယူကာ ပြေးထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

"ရပ်လိုက်စမ်း"

ဆိုင်ရှင်က အော်ငေါက် ဟန့်တားလိုက်၏။

သူတောင်းစားအနီးသို့ ရောက်သွားပြီး ရွှေဒင်္ဂါးလေးကို လုယူဖို့ ဟန်ပြင်လိုက်လေသည်။

သူတောင်းစား မကျေမနပ် ဖြစ်သွား၏။

"ဒါ ဘာလုပ်တာလဲ"

ဆိုင်ရှင်ကလည်း ပြန်အော်လိုက်၏။

"ငါ့ပစ္စည်း ငါယူတာပေါ့"

"ဘာဗျ"



"ငါခုလုတ်မိပြီး လက်ထဲကလွတ်ထွက်သွားလို့ ရွှေဒင်္ဂါးလေးက မင်းရဲ့ရှေ့ကိုကျသွားတာကွ"

သူတောင်းစား လက်မခံပါ။

"လမ်းမပေါ်မှာ ကျနေတာ ကျုပ်ကောက်ရတာကို တွေ့လို့ ခင်ဗျား အချောင်ယူဖို့ ကြိုးစားတာမဟုတ်လား ... ရှိဘူးဗျ မပေးနိုင်ဘူး"

"မင်း ..."

"ခင်ဗျား ဘေးဖယ်လိုက်ပါ၊ ကျုပ်သွားမယ်"

"ဘာကြောင့် ဘေးဖယ်ရမှာလဲ ... ပြန်ပေး"

"ခင်ဗျား မတရားလုပ်လို့မရဘူး မပေးဘူး"

"မင်း ..."

ဆိုင်ရှင် စိတ်မရှည်တော့ပဲ ထိုးကျိတ်လိုက်တော့သည်။

သူတောင်းစားကလည်း အားကျမခံ ပြန်လည်ထိုးကျိတ်ရာ နှစ်ယောက်သား လူချင်းလုံးထွေးပြီး လဲကျသွား၏။

သူတောင်းစား၏လက်ထဲမှ ရွှေဒင်္ဂါးလေး သည်လည်း လွတ်ထွက်သွားပြီး အဝေးသို့ ရောက်ရှိသွားလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားနှင့်ဆိုင်ရှင်တို့ လုံးထွေးသတ်ပုတ်နေကြချိန်တွင် အစိမ်းရောင်အင်္ကျီရှည်ဝတ်ဆင်ထားသူတစ်ယောက်က လမ်းတစ်ဖက်မှ လျှောက်လာနေပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုရွှေဒင်္ဂါးလေးသည် ထိုလူ၏ရှေ့သို့ကျသွားလေသည်။

ထိုလူခြေလှမ်းရပ်သွားပြီး ရွှေဒင်္ဂါးလေးကို ကောက်ယူလိုက်လေသည်။

ထိုအချိန်တွင် ဆိုင်ရှင်နှင့်သူတောင်းစားတို့မှာလည်း လူးလိမ့်ထလာကြပြီး ရွှေဒင်္ဂါးလေးအား လိုက်လံရှာဖွေနေကြသည်။

မလှမ်းမကမ်း၌ ရပ်နေသည့် အစိမ်းရောင်အင်္ကျီရှည်ဝတ်ထားသူအား တွေ့မြင်သွားကြလေသည်။

သူတောင်းစား အော်ပြောလိုက်၏။

"ကျုပ်ရဲ့ ရွှေဒင်္ဂါးလေးပြန်ပေး"

ဆိုင်ရှင်ကလည်း အားကျမခံ အော်ပြောလိုက်သည်။

"ကျုပ်ပစ္စည်းပြန်ပေး"

နှစ်ယောက်သား အစိမ်းရောင်ဝတ်ထားသူရှေ့သို့ ချက်ချင်းရောက်ရှိသွားကြလေသည်။

အစိမ်းရောင်ဝတ်ထားသူက စကားတစ်ခွန်းမှမပြောဘဲဆိုင်ရှင်နှင့် သူတောင်းစားတို့အား စိုက်ကြည့်လိုက်၏။



သူ၏အကြည့်က ဓားပါးလေးများ ပစ်လွှတ်လိုက်သည့်ပမာရှိနေပါသည်။

သူ့အကြည့်ကြောင့် ဆိုင်ရှင်ကော သူတောင်းစားပါ ပါးစပ်ပိတ်သွားကြလေသည်။

ထိုလူကအေးစိမ့်သော လေသံဖြင့် မေးလေသည်။

"ဒါ ... ဘယ်သူ့ပစ္စည်းလဲ"

သူ၏စကားအဆုံးတွင် ...

"ကျုပ် ..."

"ကျုပ်ပစ္စည်း"

ဆိုင်ရှင်ကော သူတောင်းစားပါ ပြိုင်တူပြောလိုက်ကြ၏။

ထိုလူခေါင်းခါယမ်းလိုက်သည်။

"ပစ္စည်းတစ်ခုတည်းကို လူနှစ်ယောက်က ပိုင်ဆိုင်ကြတယ်ဆိုတာ သိပ်ပြီး မဖြစ်နိုင်ဘူး"

"ကျုပ်ပိုင်တာ"

"ကျုပ်ကမှ ပိုင်ရှင်အစစ်ပဲကွ"

ဆိုင်ရှင်နှင့် သူတောင်းစားတို့ ရှေ့တိုးကာ ပြောကြလေသည်။

ထိုလူ ခေါင်းညိတ်လိုက်၏။

"ဒါဆိုရင် ခင်ဗျားတို့ နှစ်ယောက်စလုံး အရေးယူခံရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ဘာဗျ"

ဆိုင်ရှင်တို့ မကျေမနပ်ဖြစ်သွားကြလေသည်။

"နေပါဦး၊ ကျုပ်တို့က ရွှေဒင်္ဂါးတစ်မြားပိုင်တာနဲ့ ဘာကြောင့် အပြစ်ပေးခံရမှာလဲပြောစမ်းပါဦး"

"ဟုတ်တယ်"

သူတောင်းစားက ခေါင်းညိတ်လိုက်၏။

ထိုလူက ...

"လွန်ခဲ့တဲ့ ခြောက်နှစ်ကျော်က နေပြည်တော်က ဘုရင့်ဘဏ္ဍာတော်အချို့ စားပြတိုက်ခံခဲ့ရတယ်၊ ဘုရင့်ဘဏ္ဍာဖြစ်တဲ့ ရွှေဒင်္ဂါးတွေမှာ အမှတ်တံဆိပ်တွေ ပါနေတယ်"

ထိုစကားကြားလျှင် ဆိုင်ရှင်နှင့်သူတောင်းစားတို့ ဇဝေဇဝါဖြစ်သွားကြလေသည်။

ထိုလူက ဆက်ပြောလိုက်သည်။

"ဘုရင့်ဘဏ္ဍာရွှေဒင်္ဂါးတွေကို လုယက်သွားကဲ့ စားပြတွေကို ဖမ်းမိလို့အပြစ်ပေး အရေးယူပြီးပြီ၊ ဘဏ္ဍာတွေလဲတချို့တဝက် ပြန်ရခဲ့ပေမယ့် လုဆိုးစားပြတွေသုံးဖြုန်းပစ်ခဲ့လို့ ဘဏ္ဍာတချို့ဆုံးရှုံးခဲ့ရတယ်၊ အဲဒီရွှေဒင်္ဂါးတွေကို ပြန်လည်ရှာဖွေသိမ်းဆည်းဖို့ အမိန့်ထုတ်ထားတယ်၊ လက်ခံထားတဲ့လူ သုံးစွဲနေသူတွေဟာ အပြစ်ပေး



အရေးယူခံရလိမ့်မယ်၊ ကဲ ... ဒီရွှေဒင်္ဂါးကို ဘယ ားပိုင် သလဲဆိုတာ ပြောပါ"

ဆိုင်ရှင်နှင့်သူတောင်းစားတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

သူတောင်းစား မျက်နှာပျက်နေ၏။

"ဒါကျုပ်ပစ္စည်းမဟုတ်ဘူး"

အော်ပြောရင်း ချက်ချင်းထွက်ပြေးသွားလေ ာ၏။

အစိမ်းရောင်ဝတ်ဆင်ထားသူက ဆိုင်ရှင်အား မေးလိုက်၏။

"ခင်ဗျားကော"

ဆိုင်ရှင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ပစ္စည်း မဟုတ်ပါဘူးဗျာ"

ငြင်းဆန်ရင်း ချာခနဲလှည့်ထွက်လာခဲ့လေ သည်။

သို့သော် ခြေသုံးလေးလှမ်းမျှသာလှမ်းရ ေ သည်။ သူ၏ ခြေလှမ်းများ ရပ်တန့်သွား၏။

ဆိုင်ထဲ၌ စားသောက်ကာ ကျန်ရစ်ခဲ့သေ ၊ သူငယ်အား ည်သို့ ရှင်းရမည်ဆိုသည်ကို တွေးမိလာခြင်းကြောင့်ဖြစ်သည်။

"သူက ငွေပြန်အမ်းဖို့ပြောလာရင် ကြားထဲ ါစိုက်ငွေလျော် ရတော့မှာပဲ"

သူကနောက်လှည့်ကြည့်လိုက်ရာ အစိမ်းရောင်ဝတ်ထားသူ

www.burmeseclassic.com

www.burmeseclassic.com



က မျက်တောင်မခတ်ကြည့်နေသည်ကို တွေ့ရသဖြင့် မျက်နှာပျက်သွား၏။

ထိုလူပြုံးလိုက်သည်။

"ခင်ဗျား နှမြောနေတာလားဗျ"

ဆိုင်ရှင် သက်ပြင်းချလိုက်၏။

"ဒါ ကျုပ်ပစ္စည်း မဟုတ်ပါဘူးဗျာ"

ထိုလူခေါင်းညိတ်လိုက်၏။

"ဒါဖြင့် ဘယ်က ရလာသလဲဆိုတာကိုတော့ ခင်ဗျားပြောပြနိုင်ရမှာပေါ့"

"ပြောနိုင်ပါတယ်၊ ကျုပ်က ..."

ဆိုင်ရှင်က အကျိုးအကြောင်းရှင်းပြလိုက်၏။

ထိုလူ စိတ်ဝင်စားသွားလေသည်။

"လူငယ်တစ်ယောက်ဆီက ရခဲ့တာဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"အသက်ငါးဆယ်လောက်ရှိတဲ့ လူကြီးတစ်ယောက်ဆီက ရလာတာ မဟုတ်ဘူးလား"

"ဟင့်အင်း မဟုတ်ဘူး၊ အသက်နှစ်ဆယ်ကျော်လောက်ပဲရှိသေးတဲ့ လူငယ်တစ်ယောက်ဆီကဗျ"

ထိုလူ မျက်မှောင်ကြုတ်သွား၏။



"ရှင်းရှင်းပြောရရင် ဘုရင့်ဘဏ္ဍာတွေကို လုယူခဲ့ကြတဲ့ ဓားပြအဖွဲ့ရဲ့ခေါင်းဆောင်ဟာ လွတ်မြောက်နေသေးတယ်၊ သူ့ဆီမှာ ရွှေဒင်္ဂါး အတော်များများ ပါသွားတယ်၊ ကျုပ်က ဓားပြခေါင်းဆောင်ကို လိုက်ရှာနေတာ"

ဆိုင်ရှင်က မဝံ့မရဲမေးလိုက်သည်။

"မိတ်ဆွေက နေပြည်တော်က အထောက်တော်တစ်ယောက်လား"

ထိုလူ ပြုံးလိုက်၏။

"မှန်ပါတယ်၊ ကျုပ်နာမည် ကျင်းတုံးလို့ ခေါ်တယ်၊ သက်တော်ရှည်အမတ်ကြီးရဲ့လက်အောက်မှာ အမှုထမ်းနေတဲ့ အထောက်တော်တစ်ယောက်ပါ၊ ဓားပြခေါင်းဆောင်ဟာ အသက်ငါးဆယ်ကျော်လောက်ရှိတယ်၊ ခင်ဗျားရဲ့ ဆိုင်ရောက်လာတဲ့ လူငယ်ဟာ ဓားပြခေါင်းဆောင်နဲ့ ပတ်သက်ကောင်း ပတ်သက်နေလိမ့်မယ်"

ဆိုင်ရှင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်ရဲ့ဆိုင်ကိုလိုက်ခဲ့ပါလား၊ အဲဒီလူငယ်ကို မေးမြန်းစုံစမ်းလို့ရတာပေါ့"

"ကောင်းပြီ"

အထောက်တော်ကျင်းတုံးဆိုသူက သဘောတူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်သည် အရေးယူခံရမည့်ဘေးမှ ကင်းဝေးပြီဟု စိတ်သက်သာရာရသွားလျက်

"ကျုပ် နောက်ကိုလိုက်ခဲ့ပါဗျာ"

ကျင်းတုံးအား သူ၏ဆိုင်ထဲသို့ လမ်းပြခေါ်ဆောင်သွားလေတော့သည်။

* * *

စားသောက်ဆိုင်လေး။

စားသောက်ဆိုင်လေးသို့ ဆိုင်ရှင်နှင့်ကျင်းတုံးတို့ ရောက်ရှိသွားကြသောအခါ ဆိုင်ထဲ၌ လူရှင်းနေပြီး စားသောက်နေခဲ့သော လူငယ်မရှိတော့ပါ။

ဆိုင်ရှင် အံ့သြသွားလေသည်။

"ဟော့ … ဟိုကောင်လေး ဘယ်ရောက်သွားပြီလဲ"

ဆိုင်ရှင်က ခုံသုတ်နေသော ဆိုင်လုလင်ကို အလောတကြီး မေးလိုက်လေသည်။

ဆိုင်လုလင်ကလည်း ချက်ချင်းပင် ဆိုင်ရှင်ထံသို့ ပြေးလာကာ အလောတကြီးပြောလေသည်။

"သူထွက်သွားပြီ"

"သူထွက်သွားပြီ ဟုတ်လား၊ ဘယ်ကိုသွားတာလဲ"



"မသိဘူး"

"ဟော …"

ဆိုင်လုလင်က အံ့သြနေကြောင်း ထင်ရှား၏။

"သူထွက်သွားတယ်၊ စားသောက်ပြီးတာနဲ့ ထွက်သွားတာပဲ ဘာမှပြောမသွားဘူး"

"နေပါဦး၊ မင်းကကော သူ့ကိုမတားခဲ့ဘူးလား"

"ဟင့်အင်း"

"ဘာဖြစ်လို့ မတားရတာလဲကွ"

ဆိုင်လုလင် ခေါင်းကုပ်လိုက်လေသည်။

"သူ… သူ"

"သူကပါတဲ့ငွေကို ပြန်မတောင်းဘဲထွက်သွားတာဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"သူမသွားရင် ပိုက်ဆံပြန်မအမ်းရတော့ဘူးဆိုပြီး မင်းက မတားခဲ့တာ မဟုတ်လား"

ဆိုင်လုလင်က မဖြေချင်ဖြေချင် ဖြေလိုက်၏။

"ဟုတ်ပါတယ်ဗျာ"

"တော်တော် အကျင့်မကောင်းတဲ့ကောင်"

ဆိုင်ရှင်က ကျင်းတုံးဘက်သို့ လှည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟို ကောင်လေး မရှိတော့ဘူးဗျ"

ကျင်းတုံး မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို ဒီလိုလှည့်စားလို့ရမလား"

"ဗျာ"

"ရွှေဒင်္ဂါးကို ခင်ဗျား ရလာတာမဟုတ်လား၊ ခင်ဗျားဟာ စားပြခေါင်းဆောင်နဲ့ ဘယ်လိုပတ်သက်နေသလဲပြောပါ"

"ဟား ... ဟား ... မဟုတ်ပါဘူးဗျာ"

ဆိုင်ရှင်က ကပျာကယာ လက်ကာပြလိုက်သည်။

ကျင်းတုံး၏မျက်နှာ တင်းမာခက်ထန်သွား၏။

"ခင်ဗျား အူကြောင်ကြောင်မလုပ်နဲ့"

"မ ... မလုပ်ဝံ့ပါဘူးဗျာ"

"ကောင်းပြီ၊ ခင်ဗျားမဟုတ်ရင် ဟိုကောင်လေး ဘယ်မှာလဲ ဆိုတာပြောပါ"

ဆိုင်ရှင် အဖြေမပေးနိုင်အောင် ဖြစ်နေပါတော့သည်။

ထိုစဉ်

"ဟာ ... ဟိုမှာ ... ဟိုမှာ"

ဆိုင်လုလင်က တစ်နေရာဆီသို့ ညွှန်ပြကာ အော်ပြောလိုက်လေသည်။



ကျင်းတုံးနှင့်ဆိုင်ရှင်တို့ လှမ်းကြည့်လိုက်ကြလျှင် နှင်းတောထဲ၌ ခြေလှမ်းကျဲကျဲဖြင့်လှမ်းသွားနေသော လူငယ်တစ်ယောက်အား တွေ့လိုက်ရလေသည်။

"သူပဲ ... သူပဲ"

ဆိုင်ရှင်က ဝမ်းသာအားရပြောလိုက်၏။

ကျင်းတုံး ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ သူ့ကိုသွားတွေ့ကြရအောင်၊ ခင်ဗျားပါလိုက်ခဲ့"

ချက်ချင်းပင် ဆိုင်ရှင်၏လက်ကိုဆွဲကာပြေးလွှားသွားလေသည်။

ဆိုင်ရှင်မှာ ကျင်းတုံး၏ ဖမ်းဆုပ်လိုက်သောလက်များက သန်မာလှသဖြင့် မရုန်းနိုင်တော့ပါ။

ကျင်းတုံးခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရလေတော့သည်။

❖ ❖ ❖

ကျင်းတုံးသည် ဆိုင်ရှင်အား ဆွဲခေါ်သွားသော်လည်း သူ၏လှုပ်ရှားမှု နှေးကွေးလေးလံခြင်းမရှိသည့်အပြင် အံ့သြစရာ ကောင်းအောင် လျင်မြန်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် အနွေးထည်မပါသော လူငယ်အနီးသို့ ရောက်ရှိသွားလေသည်။

"ရပ်လိုက်စမ်း"

ကျင်းတုံး၏ အော်ငေါက်သံကြောင့် လူငယ်၏ ခြေလှမ်းတုံ့ခနဲ ရပ်တန့်သွားလေသည်။

ရီဝေနေသော မျက်လုံးများဖြင့် လှည့်ကြည့်လာ၏။

ကျင်းတုံးက ဆိုင်ရှင်အား မေးလိုက်၏။

"ခင်ဗျားပြောတာ သူပဲလား"

ဆိုင်ရှင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

"ကောင်းပြီ"

ကျင်းတုံးက လူငယ်လေးအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်၏။

တစ်ဖန် ...

"ဟောဒီ ရွှေဒင်္ဂါးဟာ မင်းပစ္စည်းလား"

ဟူ၍မေးလိုက်လေသည်။

လူငယ် ကြောင်အမ်းအမ်းဖြစ်သွား၏။

ကျင်းတုံး၏ လက်ထဲမှ ရွှေဒင်္ဂါးကို ငုံ့ကြည့်လိုက်၏။



ဆိုင်ရှင်က ဝင်ပြောလိုက်သည်။

"ငါ့ရဲ့ စားသောက်ဆိုင်မှာ မင်းပေးသွားတာ မမှတ်မိတော့ဘူးလားကွ"

လူငယ်ခေါင်းညိတ်လိုက်၏။

"ဪ ... ဟုတ်ပါတယ်ဗျာ"

ဆိုင်ရှင် ဝမ်းသာသွားလေသည်။

"ကဲ ... ကြားတဲ့အတိုင်းပဲ၊ သူ့ရဲ့ပစ္စည်း ဆိုတာကို ဝန်ခံနေပြီ"

လူငယ်က ဟုတ်မှန်ကြောင်းပြောလိုက်၍ ရာဇဝတ်သင့်နိုင်သည့် အေးအန္တရာယ်မှ လွတ်ကင်းပြီဟု ဆိုင်ရှင် ဝမ်းသာသွားခြင်းဖြစ်ပါတော့သည်။

ကျင်းတုံးက ဆိုင်ရှင်အား အမှုမထားတော့ပါချေ။

"သည်ရွှေဒင်္ဂါးလေးဟာ မင်းရဲ့ပစ္စည်းဆိုတော့ မင်းဘယ်က ရလာသလဲဆိုတာ ပြောရမယ်"

"ဗျာ ..."

"သည်ရွှေဒင်္ဂါးလေးကို မင်းဘယ်ကရလာတာလဲ"

"ကျွန်ုပ် ..."

လူငယ် တွေဝေသွား၏။

လက်တစ်ဖက်က သူ၏အိတ်ထဲသို့ နှိုက်ပိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းတုံး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းက ကျုပ်ကို တိုက်ခိုက်ဖို့ကြိုးစားရင်တော့ မှားသွားလိမ့်မယ်"

ခြိမ်းခြောက်သလိုပြောရင်း ဆိုင်ရှင်ဘက်သို့လှည့်လိုက်လေသည်။

"ခင်ဗျား သွားနိုင်ပြီ"

"ကျေး ... ကျေးဇူးပါပဲဗျာ"

ဆိုင်ရှင်ဝမ်းသာအားရဖြစ်သွားကာ ချက်ချင်းပြေးထွက်သွားလေတော့သည်။

လူငယ်က မလှုပ်မယှက်ရပ်နေသည်။

ကျင်းတုံး ပြုံးလိုက်သည်။

"မင်း ဘာမှမစိုးရိမ်ပါနဲ့ကွာ၊ ကျုပ်က မင်းရဲ့ မိတ်ဆွေတစ်ယောက်ပါ"

"ဗျာ ..."

"ဘာလဲ၊ မင်း အံ့သြနေတာလား"

"ကျုပ် ..."

"ဟား ... ဟား ... ဟား"

ကျင်းတုံးက ရယ်မောလိုက်သည်။

"မကြောက်ပါနဲ့၊ ကျုပ်တို့ဟာ အချင်းချင်းတွေပါကွာ"



"ဗျာ ... အချင်းချင်းတွေ"

"ဟုတ်တယ်၊ လာ ... တို့ဟိုဘက်ကိုသွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင်"

ကျင်းတုံး ထွက်သွားရာ လူငယ်ကြောင်အမ်းအမ်းဖြစ်နေရာမှ တစ်ချက်သက်ပြင်းချပြီး လိုက်ပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အစိတ်က ကိစ္စ

နှင်းဖုံးနေသော လမ်းကလေးအဆုံးတွင် အရက်ဆိုင်လေးတစ်ဆိုင်ရှိလေသည်။

ကျင်းတုံးက ထိုအရက်ဆိုင်လေးသို့ ထိုလူငယ်အား ခေါ်သွားခြင်းဖြစ်သည်။

ဆိုင်ထဲ၌ လူရှင်းနေ၏။

ကျင်းတုံးက အရက်နှင့်စားသောက်စရာအချို့ မှာကြားလိုက်လေသည်။

"ရော့ ... သောက်လိုက်ဦး"

ကျင်းတုံးက အရက်တစ်ခွက်ငှဲ့ပေးလိုက်သောအခါ လူငယ်က ကောက်သောက်လိုက်လေသည်။

ကျင်းတုံးက

"ကဲ ... စန့်ကွမ်းဖုံးဘယ်မှာလဲ ပြောပါဦး"



"ဗျာ"

"စန့်ကွမ်းဖုံးကို မေးတာလေ"

"ကျုပ် မသိဘူး"

"ဘာကွ"

ကျင်းတုံးက လူငယ်အား စိုက်ကြည့်လိုက်၏။

သူ၏မျက်ဝန်းအစုံ၌ လူသတ်လိုသော အငွေ့အယောင်များဖြစ်ပေါ်လာလေသည်။

ထိုအရိပ်အယောင်များသည် ချက်ချင်းပြန်လည်ကွယ်ပျောက်သွားလေသည်။

သူက ပြုံးလိုက်သည်။

"ညီလေး၊ မင်းက ကျုပ်ကိုကြောက်နေတာလား၊ ကိုယ့်အချင်းချင်းတွေပဲ ဘာမှ ကြောက်မနေပါနဲ့ကွာ"

လူငယ် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မကြောက်ပါဘူး"

"ကောင်းတယ်၊ ဘာမှ ကြောက်စရာမလိုဘူး"

ကျင်းတုံးက ရွှေဒင်္ဂါးလေးအားထုတ်ယူကာ စားပွဲပေါ်၌ ချင်ခနဲမြည်အောင် လှည့်လိုက်လေသည်။

လူငယ်က ရွှေဒင်္ဂါးလေးကို စိုက်ကြည့်လိုက်၏။

ကျင်းတုံး ပြုံးလိုက်သည်။

www.burmeseclassic.com



"သည် ရွှေဒင်္ဂါးလေးကို စန့်ကွမ်းဖုံးဆီက မင်းရလာခဲ့တာ မဟုတ်လား"

"မဟုတ်ဘူး"

"မဟုတ်ဘူး၊ ဒါဖြင့် ဘယ်ကရလာတာလဲ ပြောပါဦး"

"ကျုပ်..."

လူငယ်သည် တစ်စုံတစ်ခုပြောရန် ဟန်ပြင်ပြီးမှ ခေါင်းခါယမ်းလိုက်လေသည်။

"ကျုပ် မသိဘူး"

"ဟ... မင်းဆီမှာ ရှိနေတဲ့ဝတ္ထုသည်း ဘယ်ကရလာသလဲဆိုတာတောင် မင်းမသိဘူးလား"

"ကျုပ်... တကယ်မသိဘူး"

"ဟား... ဟား... ဟား"

ကျင်းတုံး ရယ်မောလိုက်သည်။

"ငါ့ညီ ကိုယ့်အချင်းချင်းတွေပဲ၊ ဘာကြောင့်မပြောရဲရတာလဲ၊ ဒါထက် ငါ့ညီနာမည် ဘယ်လိုခေါ်သလဲဆိုတာ ပြောစမ်းပါဦး"

"ကျုပ်..... မသိဘူး"

"ဟင်"

ကျင်းတုံး မရယ်နိုင်တော့ပါ။

လူငယ်ကို စိုက်ကြည့်လိုက်၏။



"မင်းရဲ့နာမည် ဘယ်သူလဲဆိုတာတောင် မင်းမသိဘူး ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

"မင်း..."

လူငယ်ကား ပကတိတည်ကြည်သော အသွင်ရှိနေ၏။

လိမ်ညာကာ၊ ဟန်ဆောင်ကာ ပြောဆိုနေသည့်အသွင်မျိုး ရှိမနေပါချေ။

ကျင်းတုံး အခက်ကြုံသွား၏။

"မင်းရဲ့ နာမည်ကိုတောင် မင်းမသိဘူး ဆိုတော့"

"တကယ်ပြောတာပါဗျာ၊ ကျုပ် ဘယ်သူဆိုတာ ကျုပ်ကိုယ်တိုင်သိချင်ပါတယ်"

"မင်း..."

"နောင်ကြီးက ကျုပ်ကိုသိလို့လား၊ စန့်ကွမ်းဖုံးဆိုတာကော ဘယ်သူလဲ၊ ကျုပ်နဲ့ဘယ်လိုများပတ်သက်နေလို့လဲ"

ကျင်းတုံး ခေါင်းကုတ်လိုက်သည်။

"ခက်တာပဲ၊ ငါက စန့်ကွမ်းဖုံးအကြောင်း မင်းကို မေးမလို့ မင်းက ငါ့ကိုပြန်မေးနေတယ်"

"စန့်ကွမ်းဖုံးကို ကျုပ်မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မင်းမသိရင်လဲ ပြောပြရတာပေါ့"

ကျင်းတုံးက အရက်တစ်ခွက်သောက်ပြီးမှ ပြောလာလေသည်။

"လွန်ခဲ့တဲ့ ခြောက်နှစ်လောက် နေပြည်တော်ကို ပို့ရမယ့် ဘဏ္ဍာတော်ရွှေဒင်္ဂါးတွေကို လူတစ်စုက လမ်းခရီးမှာ ကြားဖြတ်လုယက်ခဲ့ကြတယ်၊ ရွှေဒင်္ဂါးပြားတစ်သောင်းလောက်ပါသွားတယ်"

လူငယ်က မျက်မှောင်ကြုတ်ကာ နားထောင်နေ၏။

ကျင်းတုံးက ဆက်ပြောသည်။

"လုယက်ခဲ့တဲ့လူစုကို စန့်ကွမ်းဖုံးဆိုတဲ့လူက ဦးဆောင်ခဲ့တယ်၊ သူ့ရဲ့လက်အောက်မှာ လူငါးယောက်ရှိတယ်၊ ဘဏ္ဍာတော်တွေကို စားပြတိုက်ရင်း သူတို့အဖွဲ့သားထဲက တစ်ယောက်ကျဆုံးခဲ့တယ်၊ စန့်ကွမ်းဖုံးအပါအဝင် တပည့်လေးယောက်ဟာ လုယက်လို့ရတဲ့ရွှေဒင်္ဂါးတွေကို နောင်တစ်ချိန်မှာ ခွဲဝေယူကြဖို့တိုင်ပင်ပြီး လူစုခွဲခဲ့ကြတယ်၊ အဲဒီနောက်တော့ စန့်ကွမ်းဖုံးဟာ ရွှေဒင်္ဂါးတွေနဲ့အတူ အစရှာမရအောင် ပျောက်ဆုံးသွားခဲ့တာပဲ"

လူငယ်က မေး၏။

"သူ့ရဲ့တပည့်တွေကကော"

"သူ့တပည့် လေးယောက်ဟာ အသုံးစရိတ်အဖြစ်ရတဲ့ ရွှေဒင်္ဂါး အနည်းငယ်နဲ့အတူ ရပ်ဝေးကို ရှောင်တိမ်းသွားခဲ့ကြတယ်၊



နေပြည်တော်က အာဏာသားတွေကလဲ သဲကြီး မဲကြီးလိုက်ရှာပြီး ဖမ်းဆီးတဲ့အခါ ခုခံရင်း သေဆုံးသွားခဲ့တယ်"

"လေးယောက်စလုံး သေဆုံးသွားခဲ့ကြတာပဲလား"

"သုံးယောက်သေသွားတာ၊ တစ်ယောက်ကတော့ အခုအချိန်အထိ လွတ်မြောက်နေသေးတယ်"

"အဲဒီလူဟာ"

"ကျင်းတုံးဆိုတဲ့ ကျုပ်ပဲပေါ့"

ကျင်းတုံးက ရင်ဘတ်ကို လက်ဝါးဖြင့်ပုတ်ကာ ပြော၏။

"ဩော် ..."

လူငယ်က ကျင်းတုံးအား အံ့ဩသလိုကြည့်လိုက်လေသည်။

ကျင်းတုံး၏မျက်နှာတွင် ခံပြင်းသည့် အရိပ်အယောင်များ ပေါ်ပေါက်လာလေသည်။

"တပည့်လေးယောက်ဟာ ရှောင်တိမ်းထွက်ပြေးခဲ့ကြပေမယ့် စန့်ကွမ်းဖုံးနဲ့ အဆက်အသွယ်ပြတ်ခဲ့တာမဟုတ်ဘူး၊ ဒါကြောင့်လဲ သူတို့လုပ်ကြံခံလိုက်ကြရတာပဲ"

လူငယ် ကြောင်အမ်းအမ်းဖြစ်သွား၏။

ကျင်းတုံး မဲ့ပြုံးပြုံးလိုက်သည်။

"ဘာလဲ၊ မင်းနားရှုပ်သွားတာလား"

"ဟုတ်ပါတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ ရှုပ်စရာမရှိပါဘူးကွာ၊ စန်းကွမ်းဖုံးက သစ္စာဖောက်ပြီး သူ့တပည့်တွေပုန်းအောင်းနေတဲ့နေရာကို သတင်းပေးခဲ့လို့ပေါ့"

လူငယ်ကမေးသည်။

"သူဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"ရွှေဒင်္ဂါးတွေကို တစ်ယောက်တည်း အပိုင်စီးချင်လို့ပေါ့ကွာ"

"ဩော် ..."

ကျင်းတုံးက ရွှေဒင်္ဂါးပြားလေးကို စားပွဲပေါ်သို့ ချင်ခနဲမြည်အောင် ခေါက်လိုက်လေသည်။

"ဒီရွှေဒင်္ဂါးလေး တစ်ပြားဟာ ငွေတစ်သောင်းမက တန်ဖိုးရှိတယ်၊ ဒီလို ရွှေဒင်္ဂါးပြားစာတစ်သောင်းဆိုတော့ ဘယ်လောက်ကျမလဲဆိုတာ တွေးကြည့်ပေါ့"

လူငယ်က ကျင်းတုံးအား အကဲခတ်လိုက်၏။

"နောင်ကြီးက ရွှေဒင်္ဂါးကိစ္စကြောင့် စန်းကွမ်းဖုံးကို လိုက်ရှာနေတာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ သူနဲ့စာရင်းရှင်းရမယ်၊ သူဟာ ကျုပ်ကိုရှောင်နေတယ်၊ သူဘယ်မှာရှိနေတယ်ဆိုတာ မင်းကိုမေးမလို့"

လူငယ် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်လဲ မသိဘူးဗျ"



"မင်း ..."

"ကျုပ်က စန်းကွမ်းဖုံးကိုလဲ မသိဘူး၊ ရွှေဒင်္ဂါးတွေအကြောင်းလဲ မသိဘူး"

"ဒါဖြင့် ဒီရွှေဒင်္ဂါးလေးကို မင်းဘယ်ကရလာတာလဲ"

လူငယ်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်မသိဘူး၊ ရှင်းရှင်းပြောရရင် ကျုပ်ဘယ်သူဘယ်ဝါဆိုတာတောင် မသိပါဘူးဗျာ"

ကျင်းတုံးက မကျေမနပ် ဖြစ်သွား၏။

"မင်းမသိပေမယ့် ငါသိတယ်ကွ"

"ဗျာ"

"မင်းဟာ စန်းကွမ်းဖုံးနဲ့ ကျိန်းသေပတ်သက်နေရမယ်"

လူငယ် စိတ်ပျက်သွားလေသည်။

"ခက်တာပဲ၊ ကျုပ်က ..."

"ဟော့ မင်းရူးချင်ဟန်ဆောင်မနေနဲ့၊ စန်းကွမ်းဖုံးဘယ်မှာလဲဆိုတာ ပြောစမ်း"

"ဟာ ... ကျုပ်ဘယ်လိုလုပ် သိနိုင်မှာလဲဗျာ"

ထိုစဉ် ဆိုင်ထဲသို့လူတစ်ယောက် ဝင်ရောက်လာလေသည်။

ထိုလူမှာ သိုးမွေးအနွေးထည်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူရွှယ်က ခါး၌စားရှည်တစ်လက်ချိတ်ဆွဲထားပြီး သိုင်းသမား တစ်ယောက်အသွင်မျိုး ရှိလေသည်။

လူရွှယ်သည် ဆိုင်ထဲသို့ရောက်လာလျှင် ...

"အရက်တစ်အိုး မြန်မြန်ယူလာခဲ့"

ကျယ်လောင်သောအသံဖြင့် အော်ပြောလိုက်လေသည်။

ဆိုင်လုလင်များ ပျာပျာသလဲ ဖြစ်သွားလေသည်။

ချက်ချင်းပင် အရက်တစ်အိုးယူကာ သွားပေးကြ၏။

လူရွှယ်က စားပွဲတစ်လုံး၌ နေရာယူရာ အရက်အိုးကိုမော့သောက်လိုက်၏။

တစ်ဖန် ...

"ဟူး ..."

အရက်များကို ထွေးထုတ်ပစ်ပြီး ကျယ်လောင်သောအသံဖြင့် အော်ပြောလိုက်ပြန်လေသည်။

"ဒီလောက်ညံ့တဲ့ အရက်ကို ဆိုင်ပေါ်တင်ပြီး ရောင်းနေရသလားကွ၊ ဒီထက်ကောင်းတဲ့အရက် မရှိတော့ဘူးလား"

ပြောရင်းဒေါသဖြစ်လာဟန်ဖြင့် အရက်အိုးကို ကြမ်းပြင်ပေါ်သို့ပေါက်ခွဲ လိုက်လေသည်။

"ခွမ်း ..."



အရက်အိုးအစိတ်စိတ်အမြွှာမြွှာ ကွဲကြေ ပွားသကဲ့သို့ အရက်များလည်း ဖိတ်စဉ်သွားလေသည်။

အရက်အချို့က လူငယ်နှင့် ကျင်းတုံး ကို ကိုပင် လာ၍စင်သွားလေသည်။

ကျင်းတုံးက ဝုန်းခနဲ ထရပ်လိုက်သည်၊

"ဟေ့ မင်း ဘယ်လိုလုပ်လိုက်တာလဲ ကွ"

"မင်း ..."

ကျင်းတုံး ပို၍ဒေါသထွက်သွားလေသည်။

ချက်ချင်းပင် လူရွှယ်ထံသို့ပြေးသွားရ ဟန်ပြင်လိုက်လေသည်။

လူရွှယ်က နှာခေါင်းရှုံ့လိုက်၏။

"ကျုပ်က ခင်ဗျားကိုကြောက်နေရမှာလား"

ပြန်လည်တိုက်ခိုက်ရန်ဟန်ပြင်ရင်း ကျင်းတုံးနှင့်အတူထိုင်နေသည့် လူငယ်အား တွေ့လိုက်ရသည့်အခါ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဟင် ... မင်းစင်ပါလား"

ကျင်းတုံး တုံ့ခနဲရပ်သွားသည်။

"မင်းက သူ့ကိုသိလို့လား"

"ကျုပ်က ဘာကြောင့်မသိရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်သူလဲ"

"သူက မင်းစင်ပေါ့"

"ဒါဖြင့် မင်းကကော"

"ကျုပ်လား"

လူရွယ်က မခိုးမခန့် ရယ်မောပြီးမှ အဖြေပေးလိုက်သည်။

"ကျုပ်က ဝမ်းရီပေါ့ဗျာ"

ကျင်းတုံးက ထပ်မေးသည်။

"မင်းတို့နှစ်ယောက် ဘယ်လိုပတ်သက်နေကြတာယ်ဆိုတာ ပြောစမ်းပါဦး"

ဝမ်းရီဆိုသော လူရွယ်က ...

"ကျုပ်တို့ဟာ ညီအစ်ကိုဆိုလဲ မမှားဘူး၊ လုပ်ဖော်ကိုင်ဖက်ဆိုရင်လဲ မမှားဘူး၊ နေပါဦး ခင်ဗျားကကော ဘယ်သူလဲပြောစမ်းပါဦး"

ကျင်းတုံး ခေါင်းညိတ်လိုက်သည်။

"ကျုပ်ဟာ စန့်ကွမ်းဖုံးရဲ့အဖွဲ့က ကျင်းတုံးပဲ"

သူက ငေးငိုင်နေသော လူငယ်ဘက်သို့ လှည့်လိုက်လေသည်။

"မင်းနာမည့် မင်းစင်လို့ ပြောနေပါလားကွ"

လူငယ် သက်ပြင်းချလိုက်သည်။



"တော်ပါသေးရဲ့ဗျား ကျုပ်နာမည် မင်း[illegible]ဆိုတာ သိလိုက်ရလို့"

သူက ဝမ်းရီအား ဦးညွှတ်လိုက်သည်

"အခုလို ပြောပြတဲ့အတွက် ကျေးဇူး[illegible]ပါတယ်ဗျာ"

ဝမ်းရီ ကြောင်အမ်းအမ်းဖြစ်သွား၏။

"မင်းစင်၊ မင်းဘယ်လို ဖြစ်နေတာလဲကွ"

လူငယ်(ဝါ)မင်းစင်ခေါင်းကုပ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်ဘယ်လိုဖြစ်နေမှန်းကို မသိတော့ပါဘူးဗျာ"

"မင်းက ..."

"ကျုပ်နာမည် မင်းစင်ဆိုတာကို ခင်ဗျားပြောမှ သိရတော့တယ်"

"ဟား ... ဟား ... ဟား"

ဝမ်းရီ ရယ်မောလိုက်လေသည်။

ကျင်းတုံးက မျက်မှောင်ကြုတ်ကာ သူတို့နှစ်ယောက်အား အကဲခတ်ကြည့်နေ၏။

ဝမ်းရီက ...

"မင်းစင် ဒီမှာ အရက်မကောင်းဘူးကွ တခြားဆိုင်မှာ သွားသောက်ရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖိတ်ခေါ်လိုက်လေသည်။

မင်းစင်က မငြင်းဘဲ သဘောတူလိုက်သည်။

"ကောင်းပြီလေ၊ သွားကြတာပေါ့"

သူကထိုင်ရာမှ ထလိုက်သောအခါ ကျင်းတုံးက ဟန့်တားလိုက်သည်။

"နေဦး"

မင်းစင်က လှည့်ကြည့်လိုက်လေသည်။

ကျင်းတုံးက မေးလိုက်သည်။

"မင်းက သူ့ကိုသိလို့လား"

မင်းစင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"နေပါဦး၊ မင်းရဲ့နာမည်ကိုတောင် မသိဘူးလို့ ပြောခဲ့တယ်၊ ခုတော့သူ့ကို မင်း ဘယ်လိုလုပ်ပြီးသိနေတာလဲကွ"

မင်းစင် ခေါင်းညိတ်လိုက်ပြန်သည်။

"မပြောတတ်ဘူးဗျ၊ ကျုပ်ရဲ့စိတ်ထဲမှာ အလိုလိုသိနေတာပဲ"

"မင်း ..."

ဝမ်းရီက ဟားတိုက်ရယ်မောလိုက်လေသည်။

"ခင်ဗျား ဘာမှရှင်းပြမနေနဲ့၊ ကျုပ်နဲ့မင်းစင်က ငယ်သူငယ်ချင်းတွေ"



"အေး ... မင်းတို့ဘယ်သူတွေပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ ငါ သိချင်တဲ့ကိစ္စကို ဖြေရှင်းပြီးတာပဲ"

ဝမ်းရီက

"ခင်ဗျားက ဘာသိချင်လို့လဲ ပြောစမ်းပါဦး"

ကျင်းတုံးက ...

"စန့်ကွမ်းဖုံး ဘယ်မှာလဲ"

"ဘယ်က စန့်ကွမ်းဖုံးလဲ ပြောစမ်းပါဦး"

"စန်းတုံးက ဓားပြကြီး စန့်ကွမ်းဖုံးကိုပြောတာ"

"ဪ ..."

ဝမ်းရီ ဦးခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"စန်းတုံးက ဓားပြကြီး စန့်ကွမ်းဖုံးကို"

"မင်းတို့ သိတယ်မဟုတ်လား"

"သိတာပေါ့ဗျာ၊ နာမည်ကျော်ဓားပြကြီး တစ်ယောက်ကို မသိရင် ကျုပ်တို့ ညံ့ရာကျမှာပေါ့"

ကျင်းတုံး မဲ့ပြုံးပြုံးလိုက်သည်။

"စန့်ကွမ်းဖုံး ဘယ်မှာလဲပြောပါ"

ဝမ်းရီ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်သိပါ့မလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



"စန့်ကွမ်းဖုံးကို သိတယ်ဆိုရင် သူဘယ်မှာရှိတယ်ဆိုတာ မင်းတို့သိရမှာပေါ့"

"ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲဗျ"

"မင်းတို့ငြင်းလို့မရဘူး၊ ကျုပ်မှာသက်သေအထောက်အထား ရှိနေပြီ"

ကျင်းတုံးက ရွှေဒင်္ဂါးလေးကို ထုတ်ပြလိုက်လေသည်။

ဝမ်းရီ မျက်မှောင်ကြုတ်သွား၏။

မင်းစင်ကို မေးလိုက်သည်။

"မင်းစင်၊ ဒါ အစ်မကြီး ရှမ်းကျဲကျဲပေးထားတဲ့ ရွှေဒင်္ဂါး လေး မဟုတ်လား"

မင်းစင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မမှတ်မိဘူး"

"မင်းစင်၊ မင်းဘယ်လိုဖြစ်နေတာလဲ၊ ကြည့်စမ်း၊ ငါ့ဆီမှာ တောင်ရှိသေးတယ်"

ဝမ်းရီက သိမ်းဆည်းထားသော ရွှေဒင်္ဂါးပြားလေးကို ထုတ်ပြ လိုက်လေသည်။

ရွှေဒင်္ဂါးလေးနှစ်ပြားမှာ တစ်ပုံစံတည်း ဖြစ်နေသည်။

ထူးခြားသည်ကား ထိုရွှေဒင်္ဂါးပြားလေးများပေါ်၌ ကြက်ခြေ ခတ်အမှတ်အသား ပြုလုပ်ထားခြင်းဖြစ်လေသည်။



ကျင်းတုံး မျက်မှောင်ကြုတ်သွားလေသည်။

"မင်းတို့ သည်ရွှေဒင်္ဂါးပြားလေးတွေကို စန့်ကွမ်းဖုံးဆီက ရခဲ့ကြတာမဟုတ်လား"

ဝမ်းရီ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

"ဒါဖြင့်"

"အစ်မကြီး ကျင်းဆီကရလာခဲ့တာ၊ ခင်ဗျား ဘာလုပ်မလဲ ပြောပါ"

"စန့်ကွမ်းဖုံး ဘယ်မှာလဲ"

"ကျုပ်မှ မသိတာပဲဗျာ"

ကျင်းတုံး လက်မခံပါချေ။

"မင်းတို့ မသိလို့မရဘူး၊ ရွှေဒင်္ဂါးလေးကို ရထားပြီးတဲ့ နောက် စန့်ကွမ်းဖုံးကို မင်းတို့သိနေရမှာပေါ့"

ဝမ်းရီ မကျေမနပ် ဖြစ်သွားလေသည်။

"မသိလို့ မသိဘူးပြောတာပေါ့ဗျာ"

"မလိုချင်ဘူး၊ မင်းတို့ သိကိုသိရမယ်"

ကျင်းတုံးက အတင်းအကျပ်ပြောနေခြင်းကြောင့် ဝမ်းရီ စိတ်ပျက်သွားလေသည်။

မင်းစင်ဘက်သို့ လှည့်ကာ မေးလိုက်၏၊

www.burmeseclassic.com

www.burmeseclassic.com



"မင်းစင် ... မင်းလူက ဘယ်လိုလဲကွ"

မင်းစင် ပခုံးတွန့်လိုက်သည်။

"ကျုပ်လဲ မသိဘူး"

ဝမ်းရီ သက်ပြင်းချလိုက်သည်။

ကျင်းတုံးအား စေ့စေ့ကြည့်ကာ ပြောလိုက်၏။

"ကောင်းပြီလေ၊ စန့်ကွမ်းဖုံးကို ကျုပ်တို့သိနေတယ်လို့ ထင်ရင် ကျုပ်တို့နောက်ကို လိုက်ခဲ့ပါ"

ကျင်းတုံးကလည်း ခေါင်းမာသည်။

"ကျုပ် ဘာကြောင့် မလိုက်ခဲ့ရမှာလဲ"

"ဒါဖြင့် သွားစို့"

ဝမ်းရီက မင်းစင်ကိုခေါ်ကာ ထွက်သွားလေသည်။

ကျင်းတုံးကလည်း ချက်ချင်းလိုက်သွားလေတော့သည်။

* * *

# အဝကောင်းပို့

နေမြင့်လာလေလေ၊ နှင်းကပိုကျလာလေလေပင်။

အေးစိမ့်မှုက အရိုးများပင်ကွဲအက်သွားတော့မည် ထင်ရလေသည်။

သို့သော် ကျင်းတုံးက အအေးဒဏ်ကိုပင် အမှုမထားနိုင်ပါတော့ချေ။

ဝမ်းရီနှင့် မင်းစင်တို့နောက်သို့ လိုက်သွားလေသည်။

ဝမ်းရီက မင်းစင်ကိုခေါ်ကာ ရှေ့မှနေ၍ ခြေလှမ်းကျဲကျဲဖြင့်သွားနေ၏။

မြို့ပြင်သို့ ဦးတည်ကာသွားနေခြင်းဖြစ်လေသည်.

မြို့ပြင်တွင် လူသူကင်းရှင်းနေ၏။

နှင်းဖုံးနေသော သချိုင်းမြေရှိသည်။

ဝမ်းရီက သချိုင်းမြေသို့ရောက်လျှင် ခြေလှမ်းရပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းစင်၊ ရွှေဒင်္ဂါးလေးကို ဘယ်ကရလာတာလဲဆိုတာ မင်းမှတ်မိတယ် မဟုတ်လား"

မင်းစင်ကို မေးလိုက်လေသည်။

မင်းစင် အူကြောင်ကြောင် ဖြစ်သွားလေသည်။

ကျင်းတုံး လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

"မင်းတို့ စန့်ကွမ်းဖုံးဆီကရခဲ့တာ မဟုတ်လား"

ဝမ်းရီ ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူးဗျ"

"မင်း လိမ်ပြောတာ"

"ကျုပ်က အစ်မကြီးကျင်းဆီက ရခဲ့တာဗျ"

"အစ်မကြီးကျင်းဟာ စန့်ကွမ်းဖုံးနဲ့ ပတ်သက်နေလိမ့်မယ်"

ကျင်းတုံးက အလျှော့မပေးဘဲ ပြောလေသည်။

ဝမ်းရီ သက်ပြင်းချလိုက်သည်။

"သူဘယ်လိုပတ်သက်နေသလဲ မသိဘူး၊ တစ်နေ့အစ်မကြီးကျင်းက လူတစ်ယောက်ကိုလုပ်ကြံဖို့ အစ်ကိုရှက်ယုကိုခိုင်းလိုက်တယ်၊ အစ်ကိုရှက်ယု ပြန်လာတော့ ရွှေဒင်္ဂါးတွေပါလာတာပဲ ကျုပ်သိတယ်"

ကျင်းတုံး စိတ်မရှည်တော့ပါ။



"ကဲ … အပိုတွေဘေးဖယ်ထားလိုက်၊ စန့်ကွမ်းဖုံးအကြောင်းကိုပဲ ပြောပါ"

ဝမ်းရီ ပြုံးလိုက်သည်။

"သူ့အကြောင်းကိုပြောစေချင်ရင် ဒီအတိုင်းတော့ မရဘူးဗျ"

"မင်းက ဘာသဘောလဲ"

"ရှင်းပါတယ်၊ ကျုပ်ကို ငွေမပေးရင် ကျုပ်က ဘာမှမလုပ်ပါဘူးဗျာ"

"ဪ …"

ကျင်းတုံး၏မျက်နှာ ခက်ထန်သွား၏။

"ကျုပ်က ဒီလောက်လိုက်လျောနေတာ၊ မင်းကို့ကအကျပ်ကိုင်ချင်တယ်ဆိုရင် …

စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ခါးမှဓားကို ချွမ်းခနဲမြည်အောင် ဆွဲထုတ်လိုက်လေသည်။

ဝမ်းရီ ရယ်မောလိုက်သည်။

"ခင်ဗျားရဲ့ဓားက အတော်ကောင်းတာပဲ"

သူက အင်္ကျီရင်ဘတ်ကြားမှ ဓားမြောင်တစ်လက်ကို ဆွဲထုတ်လိုက်လေသည်။

သူ၏ဓားမြောင်က အရောင်တဖိတ်ဖိတ် ဝင်းလက်တောက်ပနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့ဓားက ပိုကောင်းမယ်ထင်တယ်"

"ဪ ... မင်းက ဒီလိုလား၊ ငါ့အကြောင်းသိစေရမယ်"

ကျင်းတုံးက ချက်ချင်းပင် ဓားဝှေ့ယမ်းကာတိုက်ခိုက်လိုက်လေသည်။

"ဝှစ် ... ဝှစ် ... ဝှစ်"

ဝင်းလက်တောက်ပသော ဓားရောင်များထွက်ပေါ်လာပြီး ဓားရိပ်များသည် ဝမ်းရီ၏တစ်ကိုယ်လုံး လွှမ်းခြုံသွား၏။

ဝမ်းရီက ရှောင်တိမ်းခြင်း၊ ခုခံတိုက်ခိုက်ခြင်းမပြုဘဲ မလှုပ်မယှက်ရပ်နေ၏။

မင်းစင် ရင်ထိတ်သွား၏။

"ခင်ဗျား ဘာကြောင့် သည်လောက် ရက်ရက်စက်စက် တိုက်ခိုက်ရတာလဲ"

ကျယ်လောင်စွာ အော်ပြောလိုက်လေသည်။

"ဟား ... ဟား ... ဟား"

ဝမ်းရီက ဟားတိုက် ရယ်မောလိုက်လေသည်။

"ကျုပ်က ကြောက်နေရမှာလား"

စကားဆုံးလျှင် လက်ထဲတွင်ကိုင်ထားသော ဓားမြှောင်ဖြင့် ပစ်လွှတ်လိုက်လေသည်။

"ဝှစ် ..."



ဓားမြှောင်က ရိပ်ခနဲ ပစ်လွှင့်သွားကာ ကျ...င်တုံး၏ ရင်ဝသို့ စိုက်ဝင်သွားလေသည်။

"ဒုတ် ..."

"အင့် ..."

ကျင်းတုံး မသဲမကွဲ ညည်းတွားလာပြီး နော...ပက်သွား၏။ သူ၏ရင်ဝ၌ သွေးချင်းချင်း နီရဲသွားသည်။

"မင်း ... မင်း"

ဝမ်းရီ ရယ်မောလိုက်လေသည်။

"အစ်မကြီးကျဲ ဘယ်လိုလူစားလဲဆိုတာကို ...င်ဗျားမသိတာ ...က်တာပဲ"

ကျင်းတုံး အံကြိတ်လိုက်သည်။

"မင်းပြောတာ ရှမ်းကျဲကျဲလား"

"ဪ ... ခင်ဗျားက အစ်မကြီးကို သိ...တာကိုး"

ကျင်းတုံး မျက်နှာပျက်သွားလေသည်။

"လက်စသတ်တော့ မင်းတို့ဟာ ရှမ်းကျဲ...၏ ကြေး...စား ...သတ်သမားလေးတွေကိုး"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျား အသိနောက်ကျ သွားတာ ...မ်...ည်းစရာပါပဲ"

"တောက် ... ကျုပ်"

www.burmeseclassic.com



ကျင်းတုံးသည့် ဒေါသထွက်လာကာ တိုက်ခိုက်ရန် ကြိုးစားလိုက်လေသည်။

သို့သော် ဒဏ်ရာပြင်းထန်စွာရထားပြီးဖြစ်ရကား သူ၏ လှုပ်ရှားမှုများ နှေးကွေးလေးလံသွား၏။

ဝမ်းရီထံသို့ ချဉ်းကပ်မလာနိုင်တော့ဘဲ လမ်းတစ်ဝက်မှပင် ...

"ဝုန်း ..."

နှင်းမြေပေါ်သို့ကျကာ အသက်ပျောက်သွားလေတော့သည်။

မင်းစင် ကြောင်အမ်းအမ်း ဖြစ်နေသည်။

ဝမ်းရီ ရယ်မောလိုက်၏။

"သူက အစ်မကြီးကျဲရဲ့နာမည်ကို ကြားဖူးထားတာ သင်ထားဖို့လိုတာပေါ့ မဟုတ်ဘူးလား"

မင်းစင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့"

"နေပါဦး ... မင်းကိုကြည့်ရတာ မရွှင်မလန်းနဲ့၊ မင်း နေမကောင်းဘူးလား"

မင်းစင် ခေါင်းကုတ်လိုက်၏။



"ဟုတ်တယ်၊ နေမကောင်းဘူးလို့ ထင်ရတာပဲ"

"မင်းကိုကြည့်ရတာ ဟာစ်မျိုးပဲ"

"ဟုတ်တယ်"

ဝမ်းရီက မင်းစင်အား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး ခေါင်းခါယမ်းလိုက်လေသည်။

"မဖြစ်ဘူး၊ မင်းကို အစ်မကြီးကျဲဆီက ခေါ်သွားမှပဲ"

မင်းစင် ခေါင်းညိတ်လိုက်ပြန်သည်။

"ဟုတ်တယ်၊ ငါလဲတွေ့ချင်တယ်"

"ဒါဖြင့် သွားကြမယ်"

"ကောင်းပြီ"

ဝမ်းရီက ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွား၏။

မင်းစင်လည်း လိုက်ပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မှတ္တာ

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားပြီဖြစ်ပါသည်။

အိမ်ကလေးထဲ၌ မီးအိမ်တစ်လုံးထွန်းညှိထားသဖြင့် ဝါကျင့်ကျင့် အလင်းရောင်ကလေးကျနေ၏။

မင်းစင်က အိမ်ကလေးထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်၏။

အိမ်ထောင်ပရိဘောဂပစ္စည်းများ မယ်မယ်ရရမရှိသော်လည်း သန့်ရှင်းသပ်ရပ်ကာ နေချင့်စဖွယ်ပြင်ဆင်ထားသည်ကို တွေ့ရ၏။

အမျိုးသမီးတစ်ယောက် နေထိုင်သည့်အိမ်ကလေးဖြစ်ကြောင်း အသုံးအဆောင်အပြင်အဆင်ကို ကြည့်ရုံဖြင့်သိနေ၏။

"အစ်မကြီးကျဲ"



သူကာကီးတိုးရေရွတ်လိုက်မိသည်။

သူနှင့်ကပ်လျက်လိုက်ပါလာသော ဝမ်း ပြောင်းညိုတ်လိုက်လေသည်။

"ဟုတ်တယ်၊ ဒါအစ်မကြီးကျဲရဲ့ ဂေ( ) )"

မင်းစင် ပြုံးလိုက်သည်။

"အစ်မကြီးကျဲဟာ ဒီလိုရိုးရိုးလေးပဲ နေ ါင်တတ်တယ်တဲ့လား"

"သိပ်သေချာတာပေါ့၊ သူ့ကို ဘယ်သူ ဂမ အလေးမထားကြတော့ဘူးလေ၊ ဒါကြောင့် နောက်ကွယ်ကနေ ဘြ်းကိုင်ဆောင်ရွက်ရတာ လွယ်ကူသွားတာပေါ့"

"ကျုပ်က အစ်မကြီးကျဲကို တွေ့ချင်တယ်"

"ဒီနေရာကို ရောက်လာပြီပဲ၊ တွေ့မှာပေါ့ကွာ"

ဝမ်းရီက တံခါးနဘေးရှိ ကြိုးဖြင့်ဆွဲ ထား သော ခြူကလေးကို လှုပ်ယမ်းလိုက်လေသည်။

တချွင်ချွင်မြည်သံများ ချိုလွင်သာယာစွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် ...

"ဝမ်းရီ၊ မင်းရောက်လာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဘက်မှ အမျိုးသမီးတစ်ယောက်၏ အသံထွက်ပေါ်လာလေသည်။

အသံသည် ကြည်လင်နေပြီး သြဇာရှိသော အသံမျိုးဖြစ်လေသည်။

"ဧည့်သည်ပါလာတယ် ဟုတ်လား"

ဝမ်းရီ ပြုံးလိုက်သည်။

"ပါလာတဲ့သူ ဘယ်သူလဲဆိုတာသိရင် အစ်မကြီးအတော့်ကို အံ့သြသွားပါလိမ့်မယ်"

"လောကပေါ်မှာ ငါ့ကို အံ့သြသွားအောင် လုပ်နိုင်တဲ့သူရှိသေးလို့လား"

"သိပ်ရှိတာပေါ့ဗျာ"

"အဲဒီလူ ဘယ်သူလဲဆိုတာ ပြောစမ်းပါဦး"

"မင်းစင်"

"ဘာ ..."

အစ်မကြီးကျဲ၏ အသံကိုက အလွန်အမင်းအံ့သြသွားသည့် အသွင်ဆောင်လေသည်။

"မင်းစင် ဟုတ်လား"

ရုတ်တရက် အတွင်းဘက်အခန်း၌ ကာရံထားသော ခန်းဆီးပိတ်စလှပ်ယမ်းသွားပြီး အမျိုးသမီးတစ်ယော က်ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအမျိုးသမီးသည် အသက်လေးဆ ပါး တိကျပြတ်သားသောသူတစ်ယောက်၏ အသွင်မျိုးဖြစ် သည်။

ဝမ်းရီက ချက်ချင်းဦးညွှတ်လိုက်သ ၏။

"အစ်မကြီး"

မင်းစင်က မလှုပ်မယှက် ရပ်နေသ ၏။

အမျိုးသမီးက ဝမ်းရီကို အမှုမထား ဲ မင်းစင်အား စိုက်ကြည့်လိုက်၏။

"မင်းစင်"

"ဗျာ ..."

မင်းစင်က လွတ်ခနဲ ထူးလိုက်သည်။

အမျိုးသမီး၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

"မင်းစင်၊ မင်းပြန်ရောက်လာပြီနော် "

"ကျွန်တော် ..."

"အို ... သိပ်အံ့သြဖို့ ကောင်းပါလား ၊ မင်းစင်တစ်ယောက် လောကပေါ်မှာ အသက်ရှင်နေသေးတာပဲ"

မင်းစင် ကြောင်အမ်းအမ်းဖြစ်နေ၏ ။

"ကျွန်တော် ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း သေသွားပြီလို့ လူတွေကပြောနေကြတာ"

"ဟင့်အင်း၊ ကျွန်တော် ဘာမှမဖြစ်ပါဘူး"

"ကောင်းတယ် ... ကောင်းတယ်၊ မင်းဟာ ငါ့အတွက် အသက်ရှင်နေရဦးမယ်၊ ကဲ လာ ... ထိုင်ကြ"

အမျိုးသမီးကြီးကား မင်းစင်တို့အား လက်သပ်မွေးမြူခဲ့သည့် ကြေးစားခေါင်းဆောင် ရှမ်းကျဲကျဲ ဖြစ်ပါသည်။

ရှမ်းကျဲကျဲက မင်းစင်တို့အား နေရာထိုင်ခင်းပေး၏။

စားသောက်စရာနှင့် အရက်ကိုလည်း စီစဉ်ပေးသည်။

"ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

ဝမ်းရီက အားရပါးရ စားသောက်လိုက်လေသည်။

မင်းစင်ကား စားသောက်နိုင်ခြင်း မရှိပါ။

ရှမ်းကျဲကျဲကို ငေးကြည့်နေ၏။

ရှမ်းကျဲကျဲကလည်း မင်းစင်ကို စိုက်ကြည့်နေ၏။

အိမ်ကလေးထဲ၌ အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ဝမ်းရီသည် တစ်ယောက်တည်း စားသောက်နေရသဖြင့် ကြာသော် ကြောင်အမ်းအမ်းဖြစ်လာလေသည်။

စားသောက်ခြင်းကို ရပ်တန့်လိုက်လေသည်။



သူက မင်းစင်နှင့် ရှမ်းကျဲကျဲတို့အား အကဲခတ်ကြည့်လိုက်၏။

တစ်ဖန် ...

"အစ်မကြီးတို့ ဘယ်လိုဖြစ်နေကြတာလဲ"

ဟူ၍ မေးလိုက်လေသည်။

ရှမ်းကျဲကျဲ ခေါင်းခါယမ်းလိုက်၏။

"ဘာမှမဖြစ်ပါဘူးကွယ်"

ဝမ်းရီ အားမလို အားမရ ဖြစ်သွားလေသည်။

"အစ်မကြီး တစ်ခုခုတော့ဖြစ်နေပါပြီ၊ ခါတိုင်းသည်လို မဟုတ်ပါဘူး"

ရှမ်းကျဲကျဲ ပြုံးလိုက်သည်။

"မောင်လေး၊ မင်းစင်ကို မမျှော်လင့်ဘဲပြန်တွေ့လိုက်ရလို့ ဝမ်းသာပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားတာပါ၊ ကဲ ... စားလိုက်ကြဦး"

"ဟုတ်ကဲ့ အစ်မကြီး"

ဝမ်းရီက ဆက်လက်စားသောက်လိုက်၏။

မင်းစင်လည်း စားသောက်လိုက်လေသည်။

ရှမ်းကျဲကျဲသည် သူတို့နှစ်ယောက်အတွက် လိုလေသေးမရှိ ပြင်ဆင်ပေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်သောအခါ အိပ်စက်အနားယူရန် အခန်းပြင်ပေးသည်။

မင်းစင်နှင့် ဝမ်းရီတို့လည်း ခရီးပန်းလာကြသည့်အလျောက် အနားယူလိုက်ကြလေတော့သည်။

★ ★ ★

ညဉ့်နက်ပြီ ဖြစ်သည်။

ဝမ်းရီသည် မေးခန့်အိပ်ပျော်သွားပြီး ညဉ့်နက်သောအခါ ပြန်နိုးလာလေသည်။

ကြေးစားပိပိ ထူးခြားမှုတစ်ခုရှိနေပြီဟူသော အသိက ဖျတ်ခနဲလန့်နိုးလာစေခြင်းဖြစ်သည်။

အခန်းထဲ၌ မီးရောင်ကင်းမဲ့ကာ အမှောင်ထုလွှမ်းခြုံထား၏။

အေးမြသော ညလေအေးများတိုက်ခတ်တိုးဝင်နေသဖြင့် ဝမ်းရီ ချမ်းစိမ့်စိမ့်ဖြစ်သွားသည်။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ရာ ပြတင်းတံခါးပွင့်နေသည်ကို တွေ့လိုက်ရလေသည်။

"ညက ပြတင်းပေါက်ကို သေသေချာချာပိတ်ထားတာပါ၊ ဘာကြောင့် တံခါးပွင့်နေရတာလဲ"

ချက်ချင်းပင် ပြတင်းပေါက်အနီးသို့ လှမ်းသွားလိုက်သည်။



ပြတင်းပေါက်မှ အပြင်ဘက်သို့ကြည့်လို ... လျှင် ပန်းကျင်တစ်ခုလုံး မှောင်မည်းနေကာ ဘာဆိုဘာမှ သဲသ ... ကွဲ မတွေ့မမြင်ရပါချေ။

သို့တိုင် ကြယ်ရောင်လရောင်ဖြင့် မလှ ... ကမ်း၌ လူရိပ်တစ်ခုရှိနေသည်ကို တွေ့မြင်လိုက်ရလေသည်

ဝမ်းရီ ရင်ထိတ်သွား၏။

ဘယ်သူလဲဟူ အော်မေးရန်ဟန်ပြင်လိုက် ... ကပင် ထိုလူရိပ်က အပြင်ဘက်သို့ထွက်လာရင်း သူ့အားလှတ် ... ခါနေ သည်ကို တွေ့လိုက်ရလေသည်။

ဝမ်းရီ ခေါင်းနပန်းကြီးသွား၏။

ထိုလူရိပ်၏ ပုံပန်းသဏ္ဌာန်ကို အကဲခတ် ... း လူတစ်ယောက်ကို သတိရလာ၏။

ရှမ်းကျဲကျဲ ဖြစ်ပါသည်။

"အစ်မကြီးပါလား၊ ညဉ့်နက်သန်းခေါ် ... ဘယ်လိုဖြစ်တာပါလိမ့်"

နှစ်ပေါင်းများစွာ ရင်းနှီးခဲ့ရသည့်ဖြစ်ရကာ ... ပန်းသဏ္ဌာန်ကို ကြည့်ရုံဖြင့် ရှမ်းကျဲကျဲဖြစ်ကြောင်း သိနိုင်ခဲ့ ... င်း ဖြစ်လေသည်။

မင်းစင်ကို ခေါ်လာပြီးနောက် ရှမ်းကျဲက ... ၏ အသွင်က ထူးခြားနေကြောင်း သတိပြုမိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတစ်ခုခု ရှိရမည်ဟု တွေးတောပြီး ပြတင်းပေါက် အပြင်သို့ ခုန်ထွက်လိုက်လေသည်။

"ဟူး ..."

ဝမ်းရီအပြင်ဘက်သို့ ရောက်လျှင် သစ်ပင်တစ်ပင်အောက်၌ မလှုပ်မယှက်ရပ်နေသော ရှမ်းကျဲကျဲကိုတွေ့လိုက်ရ၏။

"အစ်မကြီး ..."

ဝမ်းရီ လွှတ်ခနဲခေါ်လိုက်သည်။

ရှမ်းကျဲကျဲ ခေါင်းညိတ်လိုက်သည်။

"ဝမ်းရီ၊ မင်းသတိထားမှ ဖြစ်တော့မယ်"

"ဗျာ ..."

"သူဟာ မင်းစင်မဟုတ်ဘူး"

ရှမ်းကျဲကျဲက ထပ်ပြောလေသည်။

ဝမ်းရီ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"အစ်မကြီး ဘယ်လိုပြောလိုက်တာလဲ၊ သူဟာ မင်းစင် မဟုတ်ဘူး ဟုတ်လား"

ရှမ်းကျဲကျဲက ပြတ်သားသောလေသံဖြင့်ပြော၏။

"သူ့ကို ငါကယေစဉ်ကတည်းက ထိန်းသိမ်းစောင့်ရှောက် လာခဲ့တာပါ၊ ဒါကြောင့် မင်းစင် ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ငါပြောနိုင်ကာပေါ့"



ဝမ်းရီ ငိုင်သွားလေသည်။

သူခေါ်လာသူက မင်းစင် ဖြစ်ပါသည်၊

ရှမ်းကျဲကျဲက မင်းစင်မဟုတ်ဟု ပြော...သည်။

အဘယ်ကြောင့်ပါလိမ့်။

"ကျွန်တော်လဲ ငယ်စဉ်ကတည်းက မင်း...နဲ့ ပေါင်းသင်းလာ ခဲ့တာပါ၊ သူဟာ ..."

"သူက ဟန်ဆောင်နေတာ"

"ဟာ ... ဖြစ်နိုင်ပါ့မလား အစ်မကြီး ရယ်၊ မင်းစင်ကို ကြည့်ရတာ နေထိုင်မကောင်း ဖြစ်နေပုံရတ...ယ်၊ ပြီးတော့ ..."

ရှမ်းကျဲကျဲက ဝမ်းရီအား စိုက်ကြည့်...က်သည်။

"မင်းက သူ့အပေါ် ဘယ်လိုမြင်နေ...လဲပြောပါ"

ဝမ်းရီ ခေါင်းညိတ်လိုက်သည်။

မင်းစင်နှင့် တွေ့ဆုံခဲ့ရပုံကို ပြောပြလိုက်၏။

"သူဟာ နေမကောင်းဖြစ်နေပုံ ရတယ်၊ ကိုယ့်နာမည်ကို တောင် မမှတ်မိတဲ့ပုံပဲ"

"မင်းစင်က ဘယ်လိုဖြစ်ပြီး အရှေ့န...်ဘက်ကိုရောက် သွားခဲ့တာလဲ"

"ဒါတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းက အရှေ့နယ်ကိုမသွားခင်၊ မင်းစင်ဟာ စုကျူးမြို့စားကို လုပ်ကြံဖို့တာဝန်ယူခဲ့ရတယ်ဆိုတာကို သိထားမယ်ထင်တယ်"

ဝမ်းရီ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့၊ သိထားပါတယ် အစ်မကြီး"

"စုကျူးမြို့စားကို မင်းစင်က လုပ်ကြံနိုင်ပါ့မလား"

ရှမ်းကျဲကျဲက ထပ်မေးလိုက်သောအခါ ဝမ်းရီအဖြေမပေးနိုင်အောင်ဖြစ်သွားလေသည်။

ရှမ်းကျဲကျဲက ဆက်ပြောလိုက်သည်။

"မင်းစင်က ဘယ်တော့မှ လုပ်ကြံနိုင်မှာမဟုတ်ဘူး"

"ဟင် ..."

ဝမ်းရီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ရှမ်းကျဲကျဲအား မျက်လုံးပြူးကာ ကြည့်လိုက်၏။

"ဒါ ... ဒါဆိုရင် ..."

ရှမ်းကျဲကျဲက ခေါင်းညိတ်လိုက်သည်။

"သူ့ကိုလွှတ်လိုက်တာ သွားသေခိုင်းတာနဲ့ အတူတူပဲ"

ဝမ်းရီ မကျေမနပ်ဖြစ်သွားလေသည်။

"ဒါတော့ အစ်မကြီး ဘယ်တရားပါမလဲ"

ရှမ်းကျဲကျဲ လက်ကာပြလိုက်သည်။

"ငါ့စကား မဆုံးသေးဘူးလေ"



ဝမ်းရီ ပါးစပ်ပိတ်ထားလိုက်လေသည်။

ရှမ်းကျဲကျဲက ဆက်ပြောသည်။

"စုကျူးမြို့စားကို လုပ်ကြံဖို့ ဘယ်သူ( ) ဘာလုပ်ခဲ့သလဲ ဆိုတာကော မင်းသိသလား"

"ကျွန်တော် မသိပါဘူး"

သူတို့သည် ကြေးစားများဖြစ်ကြသည်။

ထို့ကြောင့် ငွေရလျှင် သူတို့အတွက် ပြည့်စုံပြီဖြစ်သည်။

ကြေးစားအလုပ်ကို ရှမ်းကျဲကျဲကပင် တာဝန်ယူကာ အလုပ်လက်ခံသည်၊ ငွေလက်ခံသည်။

ရှမ်းကျဲကျဲ၏အမိန့်အတိုင်း သူတို့လုပ်ကိုင်ဆောင်ရွက်ကြဖို့သာရှိလေသည်။

ငွေဘယ်လောက်ရသည်၊ အလုပ်ရှင် မည်သူမည်ဝါဖြစ်သည်ကို တွေးတောစဉ်းစားနေစရာမလိုပါ။ သိစရာလည်းမလိုပါ။

ရှမ်းကျဲကျဲ တာဝန်ပေးလျှင် ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ဖို့သာလိုပေသည်။

ရှမ်းကျဲကျဲ၏ စကားသံထွက်ပေါ်လာသည်။

"ဒီတစ်ခါတော့ လျှို့ဝှက်ချက်ကို ဖောက်ဖျက်ပြီး အလုပ်ရှင် ဘယ်သူလဲဆိုတာပြောပြမယ်၊ စုကျူးမြို့စားကို လုပ်ကြံဖို့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်အပ်တဲ့လူဟာ စုကျူးမြို့စားရဲ့လူယုံတော် ရှင်းစွမ်း ကိုယ်တိုင်ပါပဲ"

"ဟာ..."

ဝမ်းရှီ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ရှင်းစွမ်းသည် စုကျူးမြို့စား၏ လူယုံတော်ဖြစ်ကြောင်း အားလုံးသိထားကြသည် မဟုတ်ပါလား။

"မင်းဟာ အရှေ့ဘက်နယ်ကိုရောက်နေတာ နှစ်ပေါင်း အတော်ကြာပြီဆိုတော့ ဒီမှာဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေကို ဘယ်သိနိုင်ပါ့မလဲ၊ ရှင်းစွမ်းဟာ အတော်ကို ကောက်ကျစ်တဲ့လူတစ်ယောက်ပဲ၊ တိုင်းတစ်ပါးသားတွေနဲ့ ပူးပေါင်းပြီး သွေးလက်ဝါးအဖွဲ့ကို ထူထောင်တယ်၊ စုကျူးမြို့စားနဲ့ သိမ်းငှက်မြို့စားတို့ကို ရန်တိုက်ပေးတယ်၊ ပြီးရင် သည်နယ်မြေမှာ သူ့ရဲ့သြဇာထူထောင်ဖို့ကြံစည်ထားခဲ့တာပဲ"

ဝမ်းရှီသည် ရှင်းစွမ်းဆိုသူအား တွေ့လိုစိတ်များဖြစ်ပေါ်လာလေတော့သည်။

ရှမ်းကျဲကျဲ၏ လက်ရွေးစင်ကြေးစား လေးယောက်တွင် မင်းစင်က အသက်အငယ်ဆုံးဖြစ်ပြီး ဝမ်းရှီက ရှောက်ဟိုနှင့် ရှုက်ယုတို့ပြီးလျှင် တတိယနေရာရယူထားသူ ဖြစ်လေသည်။



စန့်ကွမ်းဖုံးအား သုတ်သင်ရန် အရှေ့နယ်သို့သွားရောက်နေခဲ့သည်မှာ ခုနစ်နှစ်ခန့်ရှိပြီဖြစ်သည်။

ထို့ကြောင့်လည်း မင်းစင်၏လှုပ်ရှားမှုများနှင့်အဆက်ပြတ်နေခဲ့ခြင်းဖြစ်လေသည်။

ရှမ်းကျဲကျဲက ရှင်းပြလိုက်၏။

"ရှင်းစွမ်းဟာ သူ့အကြံအစည်နဲ့ တစ်စိတ်တစ်ဒေသအဖြစ် စုကျူးမြို့စားကို လုပ်ကြံနိုင်အောင် ငါ့ကိုဆက်သွယ်လာခဲ့တယ်၊ ဒါကြောင့် မင်းစင် ပါဝင်ပတ်သက်လာခဲ့ရတာ"

ဝမ်းရှီက မေးလိုက်သည်။

"မင်းစင်က စုကျူးမြို့စားကိုလုပ်ကြံဖို့ တာဝန်ယူထားပြီး ဘာကြောင့် အရှေ့နယ်ဘက်ကို ရောက်လာတာလဲ"

ရှမ်းကျဲကျဲက သက်ပြင်းချလိုက်သည်၊

"သူက စုကျူးမြို့စားကိုလုပ်ကြံဖို့တာဝန် ယူခဲ့ပေမယ့် နောက်ပိုင်းကျတော့ သဘောထားပြောင်းလဲသွားတယ်၊ စုကျူးမြို့စားရဲ့လူတစ်ယောက် ဖြစ်သွားခဲ့တယ်"

"ဟာ..."

ဝမ်းရှီ လွှတ်ခနဲအော်လိုက်လေသည်။

"မင်းစင်ဟာ စုကျူးမြို့စားရဲ့သမီး ရှောင်တိကို ချွဲလမ်းပြီး

www.burmeseclassic.com



သဘောထားတွေပြောင်းလဲသွားခဲ့တာပဲ၊ ကြေးစားလုပ်ငန်းကိုတောင် သူက စွန့်လွှတ်လိုက်တယ်၊ ငါ့ကိုတောင် အတွေ့မခံတော့ဘူး"

"ဒါဖြင့် ရှင်းစွမ်းရဲ့အကြံအစည်လဲ ပျက်စီးသွားခဲ့ရတာပေါ့ ဟုတ်လား အစ်မကြီး"

"ဒါပေါ့၊ မင်းစင်ဟာ စုကျူးမြို့စားဘက်က ရပ်တည်ပြီး ရှင်းစွမ်းကို ရင်ဆိုင်ခဲ့တယ်"

နောက်ဆုံးတွင် ထွက်ပြေသွားသော ရှင်းစွမ်းကို မင်းစင်က ဟန့်တားရင်း နှစ်ယောက်စလုံး ချောက်ထဲကျသွားသည့်အကြောင်းကို ပြောပြလိုက်လေသည်။

"ဒါဖြင့် မင်းစင်ကော ရှင်းစွမ်းကော သေဆုံးသွားကြတာပေါ့"

"မဟုတ်ဘူး"

"ဘယ်လိုဖြစ်ရတာလဲ အစ်မကြီးရဲ့"

"ချောက်ထဲမှာ အလောင်းတစ်လောင်းပဲပြန်ရတယ်၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေလို့၊ မင်းစင်ရဲ့အလောင်းလား၊ ရှင်းစွမ်းရဲ့အလောင်းလားဆိုတာ ခွဲခြားလို့မရတော့ဘူး"

ဝမ်းရီ တွေဝေသွားလေသည်။

"အလောင်းတစ်လောင်းပဲ ပြန်ရတယ်ဆိုတော့ မင်းစင်နဲ့



ရှင်းစွမ်း တစ်ယောက်သေပြီး တစ်ယောက်လွတ်မြောက်သွားတာပေါ့"

"ဒါပေါ့ ..."

"ဘယ်သူက လွတ်ပြီး ဘယ်သူကသေသွားတာလဲ"

ရှမ်းကျဲကျဲ၏ မျက်နှာ တည်ကြည်လေးနက်သွား၏။

"စုကျူးမြို့စားကတော့ မင်းစင်သေသွားပြီ ရှင်းစွမ်းလွတ်မြောက်သွားတယ်လို့ ပြောတာပဲ"

"ဗျာ ..."

ရှမ်းကျဲကျဲ သက်ပြင်းချလိုက်လေသည်

"စုကျူးမြို့စားကတော့ မင်းစင်ဟာ အသက်ရှင်နေသေးရင် ထွက်သွားမှာမဟုတ်ဘူး၊ သူ့ဆီကိုပြန်လာလိမ့်မယ်၊ မင်းစင်သေသွားပြီး ရှင်းစွမ်းကျန်ရစ်ခဲ့လို့သာ သူ့ဆီကိုမလာဘဲ ထွက်သွားတာလို့ ဆုံးဖြတ်ခဲ့တာ"

ဝမ်းရီကမေးသည်။

"ဒါဖြင့် အခုကျွန်တော်နဲ့ တွေ့ခဲ့တဲ့ မင်းစင်ကကော"

"သူဟာ မင်းစင်ပါလို့ မင်းပြောနိုင်လို့လား"

"သူက ..."

"ဘာလဲ၊ သူ့ကိုမင်းစင်လို့ပဲ မင်းထင်နေတယ်ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရီ ခေါင်းကုတ်လိုက်လေသည်။

"အရှေ့နယ်မှာတော့ သူဟာ မင်းစင်ဆိုတာ ကျွန်တော်တွေ့ခဲ့ရတာပဲ"

"မင်းကဘာယ်လိုအထောက်အထားနဲ့ပြောတာလဲ"

"သူ့ရဲ့ သိုင်းကွက်ပါ"

"သြော်"

"သူက ထုံးစံအတိုင်း ဓားကွက်တွေကိုတစ်ဖက်ပဲအသုံးပြုပြီး ရန်သူကိုလှည့်စားအနိုင်ယူခဲ့တာ"

ရှမ်းကျဲကျဲ မျက်မှောင်ကြုတ်သွား၏။

"ဒါ တကယ်ပဲလား"

"ကျွန်တော်ကိုယ်တိုင်မြင်တွေ့ခဲ့ရတာပဲ၊ တွေ့ကာစက ငှငှိုင်ငိုင်နဲ့ ကိုယ့်နာမည်တောင်မမှတ်မိဘူး၊ တစ်ခုခုထူးခြားနေတယ်လို့ကျွန်တော်ထင်မိသေးတယ်၊ နောက်ပိုင်းကျမှသာ မင်းစင်လို့ စိတ်ချလက်ချယုံကြည်လိုက်တာ၊ ပြီးတော့သူ့မှာ အစ်မကြီး အမှတ်တရပေးထားတဲ့ ကြက်ခြေခတ်အမှတ်အသားပါတဲ့ ရွှေဒင်္ဂါးပြားလေးရှိနေသေးတယ်"

"ဟင် .."

ရှမ်းကျဲကျဲ အံ့သြသွားလေသည်။



"ဒါဖြင့် မင်းစင်ဆိုတဲ့ အထောက်အထားတွေ သူ့ဆီမှာ အကုန်ရှိနေတာပေါ့"

"ဟုတ်ပါတယ် အစ်မကြီး"

"ဒါဖြင့် သူကဘာကြောင့် စကျူးနန်းကြီးဆီကို ပြန်မသွားရတာလဲ"

"ဒါတော့ ကျွန်တော်လဲ မပြောတတ်ဘူး"

ရှမ်းကျဲကျဲက ကောင်းကင်ပေါ် မော့ကြည့်လိုက်၏။ တစ်ဖန် တွေးဆသော လေသံဖြင့်မေးလေသည်။

"သူ့ကိုဘာကြောင့် မင်းစင်လို့ ငါကမယုံကြည်နိုင်ရတာလဲ"

ထိုစဉ် မလှမ်းမကမ်းမှ သက်ပြင်းရှည်ထွက်ပေါ်လာ၏။ တစ်ဆက်တည်းမှာပင်

"ကျွန်တော်လဲ မင်းစင် မဖြစ်ချင်ပါဘူးဗျာ"

မင်းစင်၏ စကားသံ ထွက်ပေါ်လာလေတော့သည်။

✱ ✱ ✱

ညဉ့်နက်ပြီဖြစ်၍အမှောင်ထုကပို၍အား ကောင်းလာသည်။ မသဲမကွဲကြယ်ရောင် လရောင်အောက်တွင် မင်းစင်ကို မိုးတဝါးတွေ့လိုက်ရလေသည်။

ဝမ်းရီ ရင်ထိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူခေါ်လာသော မင်းစင်ကသာ မင်းစင်မဟုတ်ဘဲ ရှင်းစွမ်း ဖြစ်နေမည်ဆိုပါလျှင် . . .

* * *

သူ၏လက်တစ်ဖက် အင်္ကျီရင်ဘတ်ကြားသို့ ရောက်ရှိသွားလေသည်။

သူ၏လက်စွဲတော် ဓားမြှောင်ကို ဆုပ်ကိုင်ထားလိုက်ခြင်း ဖြစ်ပါသည်။

ရှမ်းကျဲကျဲက မလှုပ်မယှက်ရပ်နေ၏။

သူမ၏မျက်နှာ တည်ကြည်လေးနက်နေသည်။

မင်းစင်နှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားမှုမရှိတော့သည့် အသွင်မျိုး ဖြစ်သည်။

မင်းစင်က ရှေ့တိုးလာသည်။

"ကျွန်တော် ဘယ်သူလဲဆိုတာ ပြောပြပါလားဗျာ"

ဟူ၍ မေးလာလေသည်။

ရှမ်းကျဲကျဲ ခေါင်းခါယမ်းလိုက်သည်။

"မင်းကိုယ်မင်း သိရမှာပေါ့"

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်ဘယ်သူလဲဆိုတာကို တကယ်ပဲ သိချင်ပါတယ်၊ ခင်ဗျားတို့ ပြောတဲ့စကားတွေကို ကြားပြီးပါပြီ၊



မင်းစင်ပဲဖြစ်ဖြစ်၊ ရှင်းစွမ်းပဲဖြစ်ဖြစ် ဟာစ် ေ ကြ်ယောက် ဖြပ် လိုက်တာ ကောင်းပါလိမ့်မယ်၊ ဘာကြောင့် ဲ ဆိုတော့ ဘယ်သူ ဘယ်ဝါမှန်းမသိတဲ့ ဘဝမှာ မနေချင်တော့ ဒ ါ"

ရှမ်းကျဲကျဲက အနည်းငယ်စဉ်းစားပြီး ခ ် ာင်းညိတ်လိုက်၏။

"ကောင်းပြီ၊ မင်းဘယ်သူလဲဆိုတာ ဖ ် ထုတ်နိုင်တဲ့နည်း လမ်းရှိပါတယ်၊ ကဲ . . . သတိသာထားပေ ေ ာ"

စကားဆုံးလျှင် လက်ဝါးနှစ်ဖက်အ ေ ြကာ စတင်တိုက် ခိုက်လိုက်လေသည်။

ဝမ်းရိက ဘေးသို့ ခုန်ထွက်ကာ ရှောင် ခွက်လိုက်သည်။

မင်းစင်သည် ရှောင်လွှဲ၍မရသဖြင့် ရှမ် ကျဲကျဲနှင့်ရင်ဆိုင် လိုက်ရလေတော့သည်။

* * *

"ဟူး . . . ဟူး "

လေတိုးသံများထွက်ပေါ်လာ၏။

ပြင်းထန်သော လက်ဝါးရိုက်ချက်မျ သည် မင်းစင်ထံသို့ တိုးဝင်သွားလေသည်။

မင်းစင်ကလည်း လက်ဝါးနှစ်ဖက်၌အ ား ြင်းအား စုစည်းကာ ပြန်လည် တိုက်ခိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တိုက်ခိုက်မှုမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။

မဟာရန်သူတော်ကြီးများ သူသေကိုယ်သေ တိုက်ခိုက်နေကြပုံများဖြစ်လေသည်။

ဓားချက်ကလေး မှားသွားလိုက်သည်နှင့် အသက်ပေးလိုက်ရမည်ဖြစ်ပါသည်။

ဝမ်းရီ ကြောင်အမ်းအမ်းဖြစ်နေ၏။

အဘယ်ကြောင့် ထိုသို့ပြင်းထန်စွာ တိုက်ခိုက်နေကြသည်ကို နားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။

"ဟူး ... ဟူး"

"ဗိုး"

ရှမ်းကျဲကျဲသည် လက်ဝါးကို အသုံးပြုနေရာမှ ခါးစည်းကြိုးကို ဖြုတ်ယူကာ လက်နက်သဖွယ် အသုံးပြုလိုက်၏။

ခါးစည်းကြိုး သူမလက်ထဲ ရောက်သွားသည်နှင့် မင်းစင်နောက်ဆုတ်လိုက်ရလေသည်။

"ဗိုး ..."

ရှမ်းကျဲကျဲ၏ ခါးစည်းကြိုးသည် မင်းစင်၏ ယာဘက်လက်ကောက်ဝတ်ကိုရစ်ပတ်သွားပြီး တအားဆောင့်ဆွဲလိုက်လျှင် ...

"ဝုန်း ..."



မင်းစင်မှာ အရှိန်လွန်ကာ မြေပေါ်မှောက်လျက်လဲကျသွားလေတော့သည်။

ရှမ်းကျဲကျဲသည် မင်းစင်၏အနီးသို့ ချဉ်းကပ်သွားပြီး လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

"မလုပ်ပါနဲ့ ..."

ဝမ်းရီက လှမ်းတားအော်လိုက်လေသည်။

မင်းစင်က မော့ကြည့်လာ၏။

ရှမ်းကျဲကျဲက လက်ဝါးဖြင့်ရိုက်ချရန် အသင့်ပြင်ထားဆဲ၊ သူမ သေစေလိုလျှင် မင်းစင်အချိန်မရွေး သေဆုံးသွားရလိမ့်မည်ဖြစ်လေသည်။

ရှမ်းကျဲကျဲ အံကြိတ်လိုက်သည်။

"မင်း ဘယ်သူလဲ ပြောစမ်း"

မင်းစင် ခေါင်းခါယမ်းလိုက်သည်။

"တောက် ... ငါ့ကို လိမ်လို့ရမယ်ထင်သလား"

"ကျုပ်က ဘာ့ကြောင့် လိမ်ပြောရမှာလဲ"

ထိုစဉ်

"အစ်မကြီး သူဟာ မင်းစင်းပါ"

ဝမ်းရီက ကြားဝင်ပြောလိုက်လေသည်။

ရှမ်းကျဲကျဲ မဲ့ပြုံးပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူက မင်းစင်ဆိုရင် သိပ်ကောင်းတာပေါ့"

"ဟုတ်ပါတယ်အစ်မကြီး၊ သူဟာမင်းစင်ပါ၊ သူအသုံးပြုလိုက်တဲ့ သိုင်းကွက်ကို ကြည့်ပါလား"

မှန်ပေသည်။ မင်းစင် အသုံးပြုခဲ့သော သိုင်းကွက်သည် ရှမ်းကျဲကျဲ ကိုယ်တိုင်သင်ကြားပေးခဲ့သော သိုင်းကွက်များဖြစ်လေသည်။

ထို့ကြောင့်လည်း သိုင်းကွက်အနေအထားကို သိရှိနေသည့် ရှမ်းကျဲကျဲက အနိုင်ယူနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ရှမ်းကျဲကျဲက မင်းစင်အား စိုက်ကြည့်လိုက်သည်။

"မင်းဟာ မင်းစင်ပဲ၊ ဒါကြောင့် မင်းကိုငါဆုံးမရလိမ့်မယ်"

မင်းစင်က ရှမ်းကျဲကျဲကို ငေးကြည့်နေ၏။

ရှမ်းကျဲကျဲက ဆက်ပြောလိုက်သည်။

"ငါ့စကားကို နားမထောင်ရင် သေဒဏ်အပြစ်ပေးခံရမယ်ဆိုတာ အားလုံးသိကြတယ်"

"ကျုပ်က..."

"စုကျူးမြို့စားကို သုတ်သင်ဖို့ မင်းကိုတာဝန်ပေးလိုက်တယ်၊ ဒါပေမယ့် မင်းကငါ့စကားကို နားမထောင်ဘူး၊ ကြေးစားဘဝကို တောင်စွန့်လွှတ်လိုက်မယ်ပြောတယ်၊ စုကျူးမြို့စားဘက်ကို ကူးပြောင်းသွားခဲ့တယ်၊ မင်းကို ငါက ချမ်းသာမပေးနိုင်တော့ဘူး"



မင်းစင်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်ကအပြစ်ရှိတယ်ဆိုရင် ကျုပ်ကိုသတ်ပစ်လိုက်ပါ"

"စိတ်ချ၊ မင်းကို ချမ်းသာမပေးနိုင်တော့ဘူး"

ရှမ်းကျဲကျဲက လက်ဝါးဖြင့်ရိုက်ချရန် ပြန်ပြင်လိုက်၏။

ဝမ်းရီက...

"အစ်မကြီး မလုပ်ပါနဲ့"

ကပျာကယာ ကြားဝင် ဟန့်တားလိုက်လေသည်။

ရှမ်းကျဲကျဲ ဒေါပွသွား၏။

"မင်း ဘေးဖယ်လိုက်စမ်း"

"မလုပ်ပါနဲ့ အစ်မကြီး"

"မင်း..."

ဝမ်းရီ ရင်ကော့လိုက်သည်။

"အစ်မကြီးက မင်းစင်ဟာ ဝေဒနာတင် ခံစားနေရမှုရှိပါတယ်၊ သူ့ကိုချမ်းသာပေးစေချင်ပါတယ်ခင်ဗျာ၊ အစ်မကြီးမကျေနပ်ရင် သူနေကောင်းသွားတဲ့အခါ..."

"မင်း ပါးစပ်ပိတ်ထားလိုက်စမ်း"

ရှမ်းကျဲကျဲက ဟောက်လိုက်သော်လည်း လက်ဝါးကို ရုပ်သိမ်းကာ နောက်ဆုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရီ ဝမ်းသာသွား၏။

မင်းစင်အား ချမ်းသာပေးလိုက်ပြီ မဟုတ်ပါလား။

"မင်းစင်"

ဝမ်းရီက မင်းစင်အား ပြေး၍ ဖေးမလိုက်လေသည်။

မင်းစင် လူးလိမ့်ထလိုက်သည်။

ဝမ်းရီက ရှမ်းကျဲကျဲအား ခွင့်တောင်းလိုက်၏။

"အစ်မကြီး မင်းစင်ကို သမားတော်တစ်ယောက်နဲ့ ပြပေးရင် ကောင်းမယ်၊ သမားတော် ကျွန်တော်သွားခေါ်လိုက်မယ်"

"နေဦး"

ရှမ်းကျဲကျဲ လက်ကာပြလိုက်သည်။

သူမသည် မင်းစင်အား စေ့စေ့ကြည့်ကာ မေးလိုက်၏။

"မင်း ဘယ်လိုဖြစ်နေတာလဲ မင်းစင်"

"ကျွန်...ကျွန်တော်..."

"ငါ့ကို အမှန်အတိုင်းပြောစမ်း"

ရှမ်းကျဲကျဲ၏ အသံ ခက်ထန်တင်းမာသွားလေသည်။

မင်းစင်က တွေးဆသောလေသံဖြင့် ပြော၏။

"ကျွန်တော် ဘယ်လိုဖြစ်နေမှန်း မသိဘူး"

"ဘာပြောတယ်"



"ကျွန်တော့်ကိုယ် ကျွန်တော် ဘာပြဿနာလဲဆိုတာ မသိဘူး။ ကျွန်တော်သိတာက လမ်းပေါ်မှာလျှောက်သွားနေမိတာပဲ"

ရှမ်းကျဲကျဲ မျက်မှောင်ကြုတ်သွားလေသည်။

"ဒါဖြင့် မင်းက ဘာကိုမှ မမှတ်မိဘူး ဆိုပါတော့"

"ဟုတ်ပါတယ်"

"ငါ့ကိုကော"

မင်းစင် ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း"

ရှမ်းကျဲကျဲ ကောက်ကာငင်ကာ ရယ်ချလိုက်၏။

"ကောင်းရောပေါ့၊ မင်းကို ငါက လမ်းပေါ်ကခေါ်လာပြီး တစ်သက်လုံးပြုစုစောင့်ရှောက်ထားခဲ့ရတာ၊ မင်းကို သိုင်းပညာ သင်ပေးခဲ့တာလဲငါပဲ၊ ငါ့ကိုတောင် မမှတ်မိတော့ဘူးဆိုတော့ ကောင်းတာပေါ့"

မင်းစင် ဦးညွတ်လိုက်သည်။

"ကျွန်တော် ဘာကိုမှ မမှတ်မိနိုင်အောင်ဖြစ်နေတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်ဗျာ"

"မင်း တကယ်ပဲ မမှတ်မိဘူးနော်"

"ကျွန်တော်..."

www.burmeseclassic.com

www.burmeseclassic.com



မင်းစင် ဘာဆက်ပြောရမှန်းမသိဘဲ ပါးစပ်ပိတ်ထားလိုက်လေတော့သည်။

ရှမ်းကျဲကျဲ ခေါင်းခါယမ်းလိုက်သည်။

"မင်းစင် မင်းဘာတွေဖြစ်နေတာလဲဆိုတာကို ငါသိချင်လိုက်တာ"

သူမသည် ဝမ်းရီဘက်သို့လှည့်ကာ ပြောလိုက်၏။

"ဝမ်းရီ၊ သမားတော်ပိန်ကို သွားခေါ်စမ်း"

"ဟုတ်ကဲ့ အစ်မကြီး"

ဝမ်းရီက ချက်ချင်းပင်ပြေးထွက်သွားလေတော့သည်။

## ကြေးစားဆိုသည်မှာ

ညသန်းခေါင်အချိန်ကို ကျော်လွန်လာခဲ့ပြီဖြစ်သည်။

အိမ်ဂေဟာလေးအတွင်း၌ မီးရောင်များထွက်ပေါ်နေဆဲ။

မင်းစင်နှင့် ရှမ်းကျဲကျဲက အရက်တစ်ခွက်စီငှဲ့ သောက်လိုက်သည်။

သူမသည် မင်းစင်ငယ်စဉ်က လမ်းပေါ်တွင် လေလွင့်နေခဲ့သည့်ဘဝမှစ၍ သူမထံသို့ရောက်ရှိလာပြီး အရွယ်ရောက်ပြီး ကြီးပြင်းသည်အထိ ပြောင်းလဲခဲ့ပုံအဆင့်ဆင့်ကို ပြန်ပြောင်းပြောပြခဲ့ပြီဖြစ်သည်။

မင်းစင်မှာ စုကျူးမြို့စားအတွက် ရှင်းစွမ် ကို ရင်ဆိုင်ရင်းချောက်ထဲကျသွားပြီးနောက် အတိတ်မေ့သွားသည်ဟု တွေးမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သမားတော်ပိန်အား ခေါ်ခိုင်းခြင်းဖြစ်သည်။

သမားတော်ပိန်မှာ နာမည်ရှိသော်လည်း ငါးဖောင်ရိုးခြောက်ပမာ ပိန်လှီလွန်းသဖြင့် သူ့အား သမားတော်ပိန်ဟု ခေါ်ကြရင်း နာမည်တွင်သွားခြင်း ဖြစ်လေသည်။

သမားတော်ပိန်သည် အနက်ရောင်သိုင်းသမားများ၊ လူဆိုး ဓားပြများကို ဦးစားပေးကာ ဆေးကုပေးတတ်သောသမားဆိုးတစ်ယောက်ဖြစ်သည်။

သူ၏ခံယူချက်မှာ ဒုစရိုက်သမားများထံမှ ငွေပိုရနိုင်သည် ဟူ၍ ဖြစ်လေသည်။

ငွေရမည်ဆိုလျှင် ညအချိန်မတော် လာနှိုးလည်း အိပ်ရာထကာ လိုက်လံကုသပေးမည့်လူစားမျိုး ဖြစ်လေသည်။

ရှမ်းကျဲကျဲ ကြာကြာမစောင့်လိုက်ရပါ။

အပြင်ဘက်မှ ခြေသံများထွက်ပေါ်လာကာ ဝမ်းရိုက အရိုးပေါ်အရေတင် ပိန်လှီလွန်းလှသော အဘိုးအိုတစ်ယောက်အား ခေါ်ဆောင်ကာ ရောက်ရှိလာလေသည်။

"အစ်မကြီး သမားတော်ပိန်ကို ခေါ်လာပါပြီ"

ဝမ်းရိုက ဦးညွှတ်ကာ ပြောလေသည်။

ရှမ်းကျဲကျဲ ခေါင်းညိတ်လိုက်သည်။

သမားတော်ပိန်အား ပြုံးပြလိုက်၏။



"သမားတော်ပိန် အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်ပေါက်လာလို့ ညကြီးအချိန်မတော် ခေါ်ခိုင်းလိုက်ရတာ အားတော့နာပါတယ်ရှင်"

သမားတော်ပိန် ရယ်မောလိုက်၏။

"ကိစ္စမရှိပါဘူးလေ၊ အရေးကြီးတဲ့လူနာဆိုတော့ ကျုပ်အတွက် ငွေပိုရမှာပဲ၊ လာမခေါ်ရင်တောင် ကျုပ် ဝင်တိုးဦးမှာပါ"

ရှမ်းကျဲ့ကျဲ့ကလည်း ရယ်မောလိုက်၏။

"ဒါကြောင့် သမားတော်ပိန်ကို အားကိုးနေရတာ၊ ကျွန်မ ဆိုက်ဆိုက်တန်တန်ပေးပါမယ်၊ လူနာကိုသာ သက်သာပျောက်ကင်းအောင်ကုသပေးပါရှင်"

"ဟဲ ဟဲ ... ကျုပ်နဲ့တွေ့လို့ ဝေဒနာပျောက်ကင်းမသွားတဲ့လူ ဘယ်နှစ်ယောက် ရှိဖူးလို့လဲ"

"သမားတော်ပိန်ကို စိတ်ချပါတယ်ရှင်"

သမားတော်ပိန်က လက်ကာပြလိုက်၏။

"သိပ်လဲ ချီးကျူးမနေပါနဲ့ဦး၊ လူမမာ ဘယ်မှာလဲဆိုတာ ပြပါဦး"

"သွားပါရှင်"

သမားတော်ပိန်ကမေးလျှင် ရှမ်းကျဲ့ကျဲ့က မင်းမင်းကိုညွှန်ပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမားတော်ပိန် ကြောင်အမ်းအမ်းဖြစ်သွား၏။

"သူက လူမမာဟုတ်လား"

"ဟုတ်ပါတယ်ရှင့်"

"အံ့သြစရာပါပဲ၊ ကျုပ်ကြည့်ရတာ လူကောင်းတစ်ယောက်လိုပါပဲလား"

ရှမ်းကျဲ့ကျဲ့က ရှင်းပြလိုက်၏။

"သူဟာ လူကောင်းပါပဲ၊ စိတ်ကသာ မကောင်းတာပါ၊ ကိုယ့်ကိုကိုယ် ဘယ်သူဘယ်ဝါလဲဆိုတာတောင် မမှတ်မိ နိုင်အောင်ဖြစ်နေတာပါ"

"ဟင် ..."

သမားတော်ပိန်သည် မင်းစင် အနီးသို့ ချဉ်းကပ်သွားပြီး မင်းစင်၏ လက်ကောက်ဝတ်မှ သွေးကြောများကိုစမ်းသပ်ကြည့်လိုက်လေသည်။

မင်းစင်က ငြိမ်နေလိုက်၏။

သမားတော်ပိန် မျက်မှောင်ကြုတ်ထား၏။

မင်းစင်၏ ကျောရိုးတစ်လျှောက်ကို နှိပ်နယ်ကာ စမ်းသပ်ကြည့်လိုက်ပြန်လေ၏။

ရှမ်းကျဲ့ကျဲ့နှင့် ဝမ်းရိတို့က အခြေအနေစောင့်ကြည့်နေလိုက်ကြ၏။



အတော်ကြာလေးကြာလျှင် သမားတော်ပိန် သက်ပြင်းချလိုက်လေသည်။

"သူ့မှာ ဘာရောဂါမှ မရှိပါဘူး"

ရှမ်းကျဲ့ကျဲ့နှင့် ဝမ်းရိတို့ အချင်းချင်း ကြည့်လိုက်ကြ၏။

ရှမ်းကျဲ့ကျဲ့က သက်ပြင်းချလိုက်သည်၊

"သူဟာ စိတ်ဝေဒနာခံစားနေရတာ မဟုတ်လားရှင့်"

သမားတော်ပိန် ခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်တယ်၊ ခဏနေဦး"

ရှမ်းကျဲ့ကျဲ့အား လက်ကာပြပြီး မင်းနော်ကိုမေးလိုက်၏။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

မင်းစင်က တွေဝေနေပြီးမှ ...

"မင်းစင်ပါ"

ဟူ၍ အဖြေပေးလိုက်လေသည်။

သမားတော်ပိန်က ထပ်မေးလိုက်သည်၊

"မင်းမှာ ဘာတွေဖြစ်နေသလဲ ပြောပါ"

မင်းစင် ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် မသိပါဘူးဗျာ"

"မင်း မသိဘူး ဟုတ်လား""

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ကောင်းကွာ၊ မင်းက သူတို့ကိုကောသိသလား"

ရှမ်းကျဲ့ကျဲ့တို့အား ညွှန်ပြကာ ပြောလိုက်သည်။

မင်းစင်ခေါင်းညိတ်လိုက်သည်။

"သိပါတယ်၊ အစ်မကြီးရှမ်းကျဲ့ကျဲ့နဲ့ ဝမ်းရီပါ"

"မင်းသိနေတာပဲ၊ ဒါဆို မင်းလူကောင်းပဲ"

"ဟုတ်ပါတယ်ဗျာ"

သမားတော်ပိန် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ရာမှ ထလိုက်လေသည်။

ရှမ်းကျဲ့ကျဲ့အား လှမ်းပြောလိုက်သည်။

"သူဟာ လူကောင်းတစ်ယောက်ပဲ၊သူ့မှာ ဘာရောဂါဝေဒနာမှ မရှိဘူး"

"ဟုတ်ရဲ့လားရှင်"

"ကျုပ်က သမားတော်တစ်ယောက်ပါ၊ မသေချာဘဲ ပြောပါ့မလား"

"ဒါဖြင့် သူက ကိုယ့်နာမည်ကိုတောင် မမှတ်မိနိုင်အောင် ဖြစ်နေရတာလဲ"

"ဒါတော့ ကျုပ်လဲ မပြောတတ်ဘူး"



ရှမ်းကျဲ့ကျဲ့ မဲ့ပြုံးပြုံးလိုက်၏။

"ရှင်မသိပေမယ့် ကျွန်မသိတယ်၊ သူဟာ အတိတ်မေ့နေတဲ့ဝေဒနာ ခံစားနေရတာရှင့်"

သမားတော်ပိန် ခေါသထွက်သွားလေသည်။

"ဒါဖြင့် မင်းပဲ ဆေးကုပေးလိုက်ပေါ့"

စကားဆုံးလျှင် ခြေဆောင့်နင်းကာ အိမ်ထဲမှထွက်သွားလေတော့သည်။

* * *

သမားတော်ပိန် ထွက်သွားလေပြီ ဖြစ်လေသည်။

ရှမ်းကျဲ့ကျဲ့ သက်ပြင်းချလိုက်သည်။

"မင်းစင်၊ မင်းဟာလူကောင်းတစ်ယောက်လို့ သမားတော်ပိန်ကပြောသွားတယ်"

မင်းစင် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဒါဖြင့် မင်း ဘယ်လိုဖြစ်နေတာလဲ"

"ကျွန်တော်... "

မင်းစင် ရှေ့ဘာဆက်ပြောရမှန်းမသိ ဖြစ်သွား၏။

ဝမ်းရီက ကြားဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီး သူ့ကို စုကျူးမြို့စားဆီကို ပို့ပေးလိုက်ရင် ကောင်းမယ်၊ ဒါဆိုရင် သူမြန်မြန်ပြီးသတိရချင့်ရလာမှာ"

ရှမ်းကျဲ့ကျဲ့ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"စုကျူးမြို့စားဆီကို ပို့ပေးရမယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါဆို..."

"တိတ်စမ်း"

ရှမ်းကျဲ့ကျဲ့က ငေါက်လိုက်သည်။ ဝမ်းရီ ပါးစပ်ပိတ်ထား လိုက်ရလေသည်။

ရှမ်းကျဲ့ကျဲ့ အံကြိတ်ထိုက်သည်။

"ဝမ်းရီ ငါကအလုပ်တစ်ခုကို လက်ခံပြီးရင် ဖြစ်မြောက် အောင်လုပ်ကိုင်ဆောင်ရွက်တတ်တယ်ဆိုတာ မင်းသိတယ်မဟုတ် လား"

ဝမ်းရီ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ သိပါတယ်အစ်မကြီး"

"အေး ... စုကျူးမြို့စားကို လုပ်ကြံဖို့ ငါကငွေယူထားပြီးပြီ၊ ဒါကြောင့် အလုပ်ပြီးအောင် လုပ်ပေးရလိမ့်မယ်"

ဝမ်းရီ စိတ်လှုပ်ရှားသွား၏။

မင်းစင်က တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခြင်းမရှိ ပါ။



ထို့ကြောင့်မင်းစင်၏တာဝန်ကို သူ ... ထမ်းဆောင်နိုင် လိမ့်မည်ဟု တွေးမိလိုက်လေသည်။

သို့သော် ...

ရှမ်းကျဲ့ကျဲ့ဆက်ပြောလိုက်သည့်စ... ကို ကြားလိုက်ရ သောအခါ ဝမ်းရီပါးစပ်အဟောင်းသား ဖြ... လေတော့သည်၊

"မင်းစင် အတိတ်မေ့နေတာပဲကော... ယ်၊ စုကျူးမြို့စား ကို သူမမှတ်မိတော့ဘူး၊ ဒါကြောင့်သူ့ ... ဝန်ကို ဆက်ပြီး ထမ်းဆောင်ခိုင်းရမယ်"

စုကျူးမြို့စားမှာ နာမည်ကျော်သိုင်း ... ကြီးတစ်ယောက် ဖြစ်နေပါသည်။

အတိတ်မေ့နေသော မင်းစင်က သွား ... ရင်ဆိုင်မည်ဆို ပါလျှင်

"ဒါဆိုရင် မင်းစင်ကို သေတွင်းထဲ ... နဲ့အတူတူဖြစ်နေ မှာပေါ့"

ဝမ်းရီ လွှတ်ခနဲ ပြောလိုက်လေသည်။

ရှမ်းကျဲ့ကျဲ့ မဲ့ပြုံးပြုံးလိုက်၏။

"ဒါက သူ့တာဝန်ပဲလေ"

"အစ်မကြီးရယ် စဉ်းစားပါဦး၊ မင်းစင်ဟာ လူကောင်း မကတော့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကျဲ့ကျဲ့က ချက်ချင်းအော်လိုက်သည်။

"သူလူကောင်းဖြစ်ခဲ့ရင်တော့ကော ငါ့စကားနားထောင်လို့လား၊ ငါ့ကိုအာခံပြီး စုကျူးမြို့စားဘက်ကိုကူးပြောင်းသွားခဲ့တာပဲ မဟုတ်လား"

ဝမ်းရီက ရင်ကော့လိုက်သည်။

"အစ်မကြီး ကျွန်တော် တစ်ခုပြောပါရစေ၊ မင်းစင်ရဲ့တာဝန်ကို ကျွန်တော်ထမ်းဆောင်ပါရစေ"

"ဩော် ... မင်းက သူ့ကိုယ်စား စုကျူးမြို့စားနဲ့ သွားပြီး ရင်ဆိုင်မယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် အစ်မကြီး"

ရှမ်းကျဲ့ကျဲ့ ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်သည်။

"မင်းဟာ မင်းစင်အပေါ်မှာ တော်တော်သစ္စာရှိနေတာပဲ မဟုတ်လား၊ စုကျူးမြို့စားကို ရင်ဆိုင်ဖို့ ခက်ခဲတယ်ဆိုတာ မင်း မသိဘူးလား"

ဝမ်းရီ ဦးညွှတ်လိုက်သည်။

"သည်တာဝန်ကို ကျွန်တော်ထမ်းဆောင်နိုင်မှာ သေချာပါတယ်"

"မင်း ဆုံးဖြတ်ပြီးပြီလား"



"ဟုတ်ကဲ့"

ရှမ်းကျဲ့ကျဲ့ သက်ပြင်းချလိုက်သည်။

"ကောင်းပြီ၊ မင်းတာဝန်ဆက်ယူမယ်ဆိုရင် မနက်မိုးလင်းတာနဲ့ စုကျူးမြို့စားဆီကို သွားပေတော့"

"ကျေးဇူးတင်ပါတယ် အစ်မကြီး"

ဝမ်းရီက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်လေသည်။

* * *

အရှေ့ဘက်တွင် ရောင်နီများထွက်ပေါ်လာပြီဖြစ်သည်။

မင်းစင်က ယခုတိုင် အိပ်မပျော်နိုင်ပါသေးချေ။

သစ်ပင်တစ်ပင်အောက်၌ထိုင်ကာ အဝေးသို့ငေးမျှော်ကြည့်နေ၏။ သူ၏နံဘေး၌ ဝမ်းရီရှိနေသည်။

ဝမ်းရီက အနက်ရောင်ကိုယ်ကျပ် အင်္ကျီ ဝတ်ဆင်ထား၏။

ခါး၌ ဓားတစ်လက် ချိတ်ဆွဲထားလေသည်။

တိုက်ပွဲဝင်တော့မည့် အသွင်သဏ္ဌာန်မျိုးဖြစ်ပါသည်။

ဝမ်းရီကလည်း အရှေ့ဘက်သို့ ငေးကြည့်နေ၏။

နှစ်ယောက်သား အတန်ကြာတိတ်ဆိတ်နေပြီးမှ ဝမ်ရီက စကားစလိုက်လေသည်။

www.burmeseclassic.com



"မင်းစင်၊ မင်းကလူကောင်းတစ်ယောက်ဖြစ်ဖို့ ကြိုးစားခဲ့တာမှန်ကန်တဲ့လုပ်ရပ်ပဲကွ"

မင်းစင်ကသူ့အား မော့ကြည့်လိုက်လေသည်။

ဝမ်းရှိက ဆက်ပြောလိုက်၏။

ကြေးစားဘဝဟာ အင်မတန်စက်ဆုပ်ရွံရှာဖို့ကောင်းတာပဲဆိုတာ သည်ညမှာ ငါတွေးမိလိုက်တယ်၊ ချစ်ခြင်း၊ မုန်းခြင်းဆိုတဲ့ ဘယ်လိုသံယောဇဉ်မျိုးမှမပါဘဲလူ့အသက်ကိုသတ်ဖြတ်နေရတဲ့အလုပ်ဆိုတာ တွေးကြည့်လို့တောင်မကောင်းဘူး"

သူက မင်းစင်အားမေးလိုက်သည်။

"ငါတို့ဘာကြောင့် ကြေးစားတွေအဖြစ်နဲ့ အသက်ရှင်နေကြတာလဲ"

မင်းစင် သက်ပြင်းချလိုက်သည်။

"ကျုပ်တို့ လမ်းပေါ်မှာ အစာငတ်ရေငတ်နဲ့ သေမသွားရအောင် ကယ်တင်ထားခဲ့တဲ့ အစ်မကြီးရဲ့ကျေးဇူးတွေရှိနေတယ်လေ"

ဝမ်းရှိက ရယ်ချလိုက်လေသည်။

"ဟား ... ဟား ... ဟား"

သူ၏ရယ်သံကျယ်လောင်စွာ ဟိန်းထွက်လာသည်။

မင်းစင် ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ခင်ဗျားက ..."



"မင်းကအစ်မကြီးကို ကျေးဇူးတင်နေ ...ကို ငါအံ့ဩလို့ ...ကွာ"

"ဗျာ .."

"အစ်မကြီးက သူ့ရဲ့ကိုယ်ကျိုးမပါ ... ကျုပ်တို့ကိုအပင်ပန်းခံ၊ ဒုက္ခခံပြီး ပြုစုပျိုးထောင်ခဲ့ပါ့မလား"

မင်းစင် တွေဝေသွားလေသည်။

ဝမ်းရှိက ဆက်ပြောလိုက်သည်။

"အရှေ့နယ်မှာ စန့်ကွမ်းဖုံးနဲ့တွေ့ ... ပြီးပြီ မဟုတ်လား၊ သူပြောသွားတဲ့စကားတွေဟာ အစော်ကို ...ဝင်စားစရာကောင်းတာပဲ"

မင်းစင် ငြိမ်နေလိုက်လေသည်။

ဝမ်းရှိက ဆက်ပြောလိုက်၏။

"အစ်မကြီးဟာ သူ့ရဲ့အကျိုးအတွက် ကျုပ်တို့ကိုအသုံးချခဲ့တာပဲ၊ ကျုပ်က စုကျူးမြို့စားနဲ့သွားပြီးရင် ဆုံမယ်၊ စုကျူးမြို့စားကို သုတ်သင်ပြီးရင် ကျုပ်သွားချင်ရာသွား ... လွတ်လပ်ခွင့်တောင်းမယ်"

မင်းစင်က မေးလိုက်သည်။

"ခင်ဗျားရဲ့ သဘောက ..."

"ကြေးစားဘဝကို ကျော်ခိုင်းလိုက် ...ဟာ့မယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ..."

မင်းစင်က ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်စဉ် ...

"တကယ်တော့ ကြေးစားဘဝဟာ မကောင်းပါဘူးဗျာ"

ဟုလည်း မပွင့်တပွင့်ပြောလိုက်၏။ ဝမ်းရီပြုံးလိုက်သည်။

"မင်းက ကျုပ်ထက် သည်လိုနားလည်ခဲ့တာပဲမဟုတ်လား၊ ကဲ ... မိုးလင်းတော့မယ်၊ ကျုပ်သွားတော့မယ်"

စကားဆုံးလျှင် ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေသည်။

မင်းစင်ကငေးကြည့်နေ၏။ ဝမ်းရီတဖြည်းဖြည်းဝေးသွား၏။ မင်းစင် သက်ပြင်းချလိုက်သည်။ ဝမ်းရီအား နောက်နောင်ပြန်လည်တွေ့ဆုံရတော့မည်မဟုတ်ဟု ယုံကြည်ထားလေတော့သည်။

■ ■ ■

# မဆုံးသေးသော အန္တရာယ်များ

လေပြေလေညင်း ဖေ့ယမ်းတိုက်ခတ်လိုက်လျှင် ရောင်စုံ ပန်းပင်ကလေးများ ယိမ်းသမလေးများသဖွယ် ယိမ်းနွဲ့လှုပ်ရှား သွားလေသည်။

မွှေးကြိုင်သော ပန်းရနံ့များလည်း ကြိုင်လှိုင်သင်းပျံ့နေ၏။

ပျားပိတုန်း လိပ်ပြာလေးများက ပန်းဝတ်ရည် စုပ်ယူရန် ပျံဝဲနေကြလေသည်။

ပန်းခင်းထဲတွင် မိန်းမချောလေးတစ်ယောက် ရှိနေပါ၏။

စုကျုံးမြို့စား၏ သမီးချော လိပ်ပြာလေး(ဝါ) ရောင်တိ ဖြစ်လေသည်။

ရောင်တိက ပန်းပွင့်ကလေးများ ကိုင်ကြည့်နေသည်။

တစ်ဖန် ပျံဝဲနေသော လိပ်ပြာကလေးများကို ငေးကြည့်နေ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ မျက်ဝန်းအစုံသို့ မျက်ရည်များ ရစ်ဝဲနေ၏။

ပန်းပွင့်ကလေးများအစား လိပ်ပြာကလေးများအစား လူနှစ်ယောက်၏မျက်နှာကို မြင်ယောင်နေမိ၏။

ရွှက်ယုနှင့် မင်းစင်တို့ ဖြစ်ပါသည်။

ရွှက်ယုကော မင်းစင်ပါ သူမနှင့်ပတ်သက်ခဲ့ကြသည်။

သူတို့နှစ်ဦးစလုံး ကံဆိုးသွားခဲ့ကြသည်။

"ရှင်တို့ဟာ ကျွန်မနဲ့ပတ်သက်မိလို့ ကံဆိုးသွားကြတာပဲ"

ရောင်တိက လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ရွှက်ယုနှင့် လမ်းခွဲခဲ့ရပြီးသည့်နောက်တွင် မမျှော်လင့်ပဲ မင်းစင်နှင့် ဆုံတွေ့ခဲ့ရသည်။

ယခုတော့...

ရောင်တိ တွေးတောနေစဉ် ညင်သာပေါ့ပါးသောခြေသံတစ်ချက်ထွက်ပေါ်လာလေသည်။

သိုင်းသမားတစ်ယောက် တိတ်တဆိတ်ချဉ်းကပ်လာသည့် အသွင်မျိုး ဖြစ်လေသည်။

ရောင်တိ ရင်ထိတ်သွား၏။

ကပျာကယာ နောက်လှည့်ကာ အော်မေးလိုက်လေသည်။

"ဘယ်သူလဲ"



လေတိုက်ခတ်နေခြင်းကြောင့် ပန်းပင်များယိမ်းနွဲ့လှုပ်ရှားနေသော်လည်း လူရိပ်လူယောင် မတွေ့ရပါ။

ရောင်တိ မကျေမနပ်ဖြစ်သွားသည်။

"ဘယ်သူလဲ ထွက်လာခဲ့ပါ"

ထပ်မံအော်ပြောလိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး လူရိပ်လူရောင်ပင် မတွေ့ရသေးပါချေ။

ရောင်တိမျက်မှောင်ကြုတ်သွား၏။

"ငါ့ နားကြားမှားတာများလား"

သူမ ရှေ့တိုးသွားလိုက်၏။

ထိုစဉ် နောက်ကျောဘက်မှ လှုပ်ရှားသံသဲ့သဲ့ ထွက်ပေါ်လာလေသည်။

ရောင်တိက ပျာကယာ နောက်ကျောဘက်သို့ ရောက်ရှိလာလေသည်။

"မလှုပ်နဲ့"

ခပ်အုပ်အုပ်အော်ငေါက်သံ တစ်ချက်ထွက်လာ၏။

စူးရှသော အရာဝတ္ထုတစ်ခုက ကျောပြင်သို့ ထောက်လာသဖြင့် ရောင်တိ မလှုပ်ရဲတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူမ ကြောက်ရွံ့ထိတ်လန့်သွား၏။

"ရှင် ...ရှင်ဘယ်သူလဲ"

"မင်းဘာမှ မကြောက်နဲ့၊ မင်းကို အန္တရာယ်မပြုဘူး၊ ဒါပေမယ့် အော်လား ဟစ်လားလုပ်ရင်တော့ အသေပဲဆိုတာ မှတ်ထား"

"ကောင်းပါပြီရှင်"

ရှောင်တီက ကတိပေးလိုက်သည်နှင့် ထိုလူက လွှတ်ပေးလိုက်လေသည်။

ရှောင်တီ ကပျာကယာလှည့်ကြည့်လိုက်သောအခါ မျက်နှာစိမ်းလူရွယ်တစ်ယောက်အား တွေ့လိုက်ရ၏။

"ရှင်ဘယ်သူလဲ"

ရှောင်တီလွှတ်ခနဲ မေးလိုက်မိလေသည်။

ထိုလူ ပြုံးလိုက်သည်။

"ကျုပ်နာမည်ကို သိလို့လဲ မင်းအတွက် အကြောင်းထူးမှာ မဟုတ်ဘူး၊ ဒါပေမယ့် မင်း ခင်ချင်တယ်ဆိုရင် ပြောပြမယ်၊ ကျုပ်နာမည် ဝမ်းရီလို့ခေါ်တယ် မှတ်ထားပါ"

"ဝမ်းရီ..."

ရှောင်တီက သံယောင်လိုက်ကာ ရေရွတ်လိုက်လေသည်။



ထိုလူမှာ ဝမ်းရီဖြစ်ပါသည်။

ဝမ်းရီက အေးတိအေးစက် ဖြေလိုက်သည်။

"ကျုပ်က မင်းရဲ့အဖေနဲ့တွေ့ချင်တယ်"

"ရှင် ..."

"စုကျူးမြို့စားကြီးကို မင်း သွားခေါ်ပေးမယ်"

"ရှင် ...ရှင် ဘာလုပ်မလို့လဲ"

ရှောင်တီက အထိတ်တလန့်မေးလိုက်သည်။

ဝမ်းရီ ပြုံးလိုက်သည်။

"ကျုပ်က မင်းအဖေနဲ့အရေးကြီးတဲ့စကားပြောစရာရှိနေတယ်"

"ရှင် ဘယ်သူလဲ"

"ကျုပ်က ဝမ်းရီလို့ ပြောပြီးပါပြီလေ"

"မဟုတ်သေးဘူး .... ရှင်က"

သူမ၏စကားမဆုံးမီ ဝမ်းရီက လက်ကာပြကာ

"မင်းရဲ့အဖေကို သွားခေါ်လိုက်ပါ"

ရှောင်တီ ခေါင်းခါယမ်းလိုက်သည်။

"မခေါ်နိုင်ဘူး၊ ရှင်က ကျွန်မအဖေရဲ့ မိတ်ဆွေမဟုတ်ဘူးဆိုတာ ကျွန်မသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား"

ဝမ်းရိက ဟားတိုက်ရယ်မောလိုက်လေသည်။

"ကျုပ့်ကမင်းအဖေရဲ့ သိုင်းပညာကိုစမ်းသပ်ဖို့ လာခဲ့တာပါ ပဲ"

"ရှင် အခုထွက်သွားပါ"

"ဝမ်းနည်းပါတယ် မိန်းကလေး၊ ကျုပ် မသွားနိုင်ပါဘူး"

"ရှင် ... ရှင်"

ဝမ်းရိက ရှောင်တိအား စိုက်ကြည့်လိုက်သည်။

"မိန်းကလေး မင်းကို ဝမ်းသာစရာသတင်း ပြောရဦးမယ်"

"ရှင် ... ရှင်"

"မင်းကို ခွဲလမ်းချစ်ခင်နေတဲ့ မင်းစင်တစ်ယောက် အသက် ရှင်နေသေးတယ်ဆိုတာပဲ"

"ဟင် ..."

မမျှော်လင့်ဘဲ ကြားလိုက်ရသည့်စကားကြောင့် ရှောင်တိ ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ဝမ်းရိကို မယုံကြည်နိုင်စွာ ကြည့်လိုက်သည်။

"ရှင် ... ရှင် ဘယ်လိုပြောလိုက်တာလဲ"

"မင်းစင်က အသက်ရှင်လျက်ရှိနေသေးတယ်လေ၊ ခင်းမယုံ ဘူးလား"



"ဟင့်အင်း သူသေသွားပြီရှင့်"

ဝမ်းရိ ခေါင်းခါယမ်းလိုက်သည်။

"သူသေသေးပါဘူး၊ အသက်ရှင်နေပါ ... ဘယ်၊ မကြာခင် မင်းဆီကို ရောက်လာပါလိမ့်မယ်"

"ရှင် တကယ်ပြောနေတာလား"

ရှောင်တိက မဝံ့မရဲမေးလိုက်လေသည်။

ဝမ်းရိ ပြုံးလိုက်သည်။

"ကျုပ်က လိမ်ပြောစရာ အကြောင်း ... ပါဘူး"

"အို ... ဝမ်းသာလိုက်တာရှင်၊ သူ ... ဘယ်မှာလဲဟင် ... ကျွန်မ သူ့ကို သွားတွေ့လို့ရမလား"

ဝမ်းရိ လက်ကာပြလိုက်ပြန်သည်။

"မလောပါနဲ့လေ၊ အချိန်တန်ရင် သူ ... လာပါလိမ့်မယ်၊ စောင့်နေလိုက်ပါ"

"ကောင်းပါပြီရှင်"

ရှောင်တိက ဝမ်းရိကိုကျေးဇူးတင်စွာ ... ညွတ်လိုက်၏။

ဝမ်းရိ သက်ပြင်းချလိုက်သည်။

"ကဲ ... မင်းရဲ့ အဖေကို သွားခေါ် ... ပေတော့"

ရှောင်တိ၏ ခန္ဓာကိုယ်ဆတ်ခနဲ တု... သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ..."

"ကျုပ် သူနဲ့တွေ့ရမှ ဖြစ်မယ်"

ရှောင်တိ၏ ဦးခေါင်းထဲ၌ အတွေးတစ်ခုဝင်ရောက်လာ၏။

ဝမ်းရိကို စိုက်ကြည့်ကာ ပြောလိုက်သည်။

"ရှင်က အစ်ကို မင်းစင်နဲ့ ရင်းနှီးတယ် ဟုတ်လား"

ဝမ်းရိ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ဘာဖြစ်လို့လဲ"

"ဒါဖြင့် ရှင်ဟာကြေးစားတစ်ယောက်ပဲ ဖြစ်မယ်"

ဝမ်းရိက ပြုံးလိုက်သော်လည်း သူ၏အပြုံးများ ပီပြင်ခြင်း မရှိပါချေ။

"ဟုတ်တယ်"

မကွယ်မဝှက်ဘဲ အမှန်အတိုင်းဝန်ခံလိုက်လေသည်။

ရှောင်တိ၏ မျက်နှာညှိုးကျသွား၏။

"ရှင်တို့က ဘာကြောင့်များ ဖေဖေ့ကို သည်လောက်တောင် သဲကြီးမဲကြီး ဖြစ်နေကြတာလဲရှင့်"

ဝမ်းရိ ခေါင်းခါယမ်းလိုက်သည်။

"သဲကြီးမဲကြီးဖြစ်တာ မဟုတ်ပါဘူး၊ တာဝန်ကျေအောင် လုပ်ချင်တဲ့ သဘောပါ"



"ဘာတာဝန်မို့လဲရှင်"

ဝမ်းရိက ရှင်းပြလိုက်သည်။

"ကျုပ်တို့ခေါင်းဆောင် အစ်မကြီးရှမ်းသွဲ့ကျွဲ့က အခကြေးငွေယူပြီးရင် အဲသည်လူ အသက်ရှင်နေတာကို မသိလားတော့ဘူးလေ"

"ဖေဖေ့ကို လုပ်ကြံဖို့ ရှင်တို့ အခကြေးငွေယူထားကြတာကိုး"

"ဟုတ်တယ်"

ဝမ်းရိ ပွင့်ပွင့်လင်းလင်းပင် ဝန်ခံလိုက်သည်။

ရှောင်တိ သက်ပြင်းချလိုက်သည်။

"ဖေဖေ့ကို လုပ်ကြံဖို့ ဆိုတာ အတော်ကိုခက်ခဲတဲ့ ကိစ္စပါရှင်"

ဝမ်းရိက ရယ်မောလိုက်လေသည်။

ရှောင်တိက ဆက်ပြောသည်။

"လူတော်တော်များများက ဖေဖေ့ကို ဒုက္ခပေးဖို့ ကြိုးစားခဲ့ကြတယ်၊ ဒါပေမယ့် နောက်ဆုံးတော့ သူတို့ပဲ ဒုက္ခရောက်သွားခဲ့ကြတာရှင့်"

"ဟုတ်တယ် ကျုပ်ကလဲ ဒုက္ခရောက်ချင်လို့ လာခဲ့တာပါပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ကဲ ... မင်းရဲ့ အဖေကို သွားခေါ်လိုက်ပါ"

"ကျွန်မက သွားမခေါ်ဘူး ဆိုရင်ကော"

ရှောင်တိက မေးလိုက်သည်။

ဝမ်းရီ မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်ရဲ့စကားကို နားမထောင်ဘူးဆိုရင် မင်းပဲ အရင်ဆုံး ဒုက္ခရောက်သွားလိမ့်မယ်"

"ကောင်းသားပဲရှင်"

"ဘာ ..."

ရှောင်တိက တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြ၏။

"ကျွန်မကြောင့် ဖေဖေစိတ်ဆင်းရဲခဲ့ရပေါင်း များလှပါပြီရှင်၊ ဒါကြောင့် တစ်ကြိမ်တစ်ခါဖြစ်ဖြစ် ဖေဖေ့အတွက် ကျွန်မဒုက္ခရောက်ချင်ပါသေးတယ်"

"မင်း ..."

ဝမ်းရီမှာ ရှောင်တိ၏စကားကြောင့်မည်သို့ပြောရမှန်းမသိဖြစ်သွားလေတော့သည်။

ရှောင်တိက ...

"ဖေဖေ့ကို ဒုက္ခပေးမယ့်အစား ကျွန်မကို ဒုက္ခပေးသွားပါလားရှင်"



ဟု၍ ပြုံးကာပြောလေသည်။

ဝမ်းရီ လက်မခံပါ။

"ဘယ်ဖြစ်ပါ့မလဲ၊ မင်းစင်က ဘယ်လို ... ပြီး သဘောကျမှာလဲ"

"ဒါဆိုရင်လဲ ရှင် လက်လျှော့ပြီးပြန် ... ပါလား"

"ဒါလဲမဖြစ်ဘူး၊ ကျုပ်ပြန်သွားရင် အစ်...ကြီးက မင်းစင်ကို လွှတ်လိုက်လိမ့်မယ်"

ရှောင်တိ မျက်နှာပျက်သွား၏။

"လက်စသတ်တော့ အစ်ကိုမင်းစင် ... ကိုယ်စားလှယ် လာခဲ့တာကိုး"

"ဟုတ်တယ်၊ ကျုပ်ကတာဝန်ကျေအော... ဆောင်ရွက်နိုင်မယ်ဆိုရင် မင်းစင် သက်သာလိမ့်မယ်"

"မဖြစ်နိုင်ပါဘူးရှင်၊ ဖေဖေလုပ်ကြံခံရ...ဟော့ သူလဲ ဘယ်လိုလုပ် သက်သာနိုင်မှာလဲ"

ဝမ်းရီ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် အားလုံး ရှင်းရှင်းလင်း... ဖြစ်သွားအောင် မြို့စားကြီးကို သွားခေါ်လိုက်တာ ကောင်းမ...် "

"ကျွန်မ မခေါ်ဘူးဆိုရင်ကော"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းရီ မျက်နှာခက်ထန်သွားလေသည်။

"အိမ်ထဲမှာ ကလေးလေးတစ်ယောက် အိပ်ပျော်နေတာကို တွေ့ခဲ့ရတယ်၊ သည်ကလေး တစ်စုံခုဖြစ်သွားရင် မင်းစင်နဲ့ ဘာမှ မဆိုင်ဘူးထင်တယ်"

"ရှင် … ရှင်"

ရှောင်တီ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်၊

ဝမ်းရီက ခပ်ပြတ်ပြတ်ပြောလိုက်၏။

"မြို့စားကြီးကို သွားခေါ်လိုက်ပါ"

ရှောင်တီ ငိုင်သွား၏။

သူမ မည်သို့ဆုံးဖြတ်မည်နည်း။

ထိုစဉ် …

"ကျုပ်ကို ဒုက္ခခံပြီး ခေါ်နေစရာ မလိုပါဘူးလေ"

အောင်မြင်ခန့်ညားသော စကားသံ ထွက်ပေါ်လာ၏။

ဝမ်းရီက လှည့်ကြည့်လိုက်သောအခါ မြို့စားကြီးက တစ်လှမ်းချင်း လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

❖ ❖ ❖

ဝန်းကျင်တစ်ခုလုံး အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားသည်ဟု ထင်ရလေသည်။



ရှောင်တီက နောက်ဆုတ်လိုက်၏။

ဝမ်းရီ၏ လက်တစ်ဘက်က အကျီရင်ဘတ်ကြားသို့ ရောက်ရှိသွားလေသည်။

စုကျူးမြို့စားက ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာရင်း …

ဝမ်းရီနှင့် မလှမ်းမကမ်းတွင် ရပ်တန့်လိုက်သည်။

"ဖေဖေ"

ရှောင်တီ လွတ်ခနဲ ခေါ်လိုက်လေသည်၊

စုကျူးမြို့စား လက်ဝှေ့ယမ်းပြလိုက်သည်။

"သမီး အိမ်ထဲဝင်နေလိုက်ပါ"

ရှောင်တီက ခေါင်းကလေးငုံ့ကာ မြေးငှက်သွားလေသည်၊

ဝမ်းရီက ဟန့်တားခြင်း မပြုပါချေ။

ရှောင်တီ ပျောက်ကွယ်သွားတော့မှ စုကျူးမြို့စားက မေးလိုက်သည်။

"မင်းက ကျုပ်ကို ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ ပြောစမ်းပါဦး"

ဝမ်းရီ ပြုံးလိုက်သည်။

"ကျုပ်တွေ့ချင်တဲ့ ကိစ္စက"

သူ၏စကားတာပိုင်းတစ်ဖြင့် ရပ်သွား၏ ။

www.burmeseclassic.com

www.burmeseclassic.com



သူ၏လက်ဖဝါးစ်ဖက်အပေါ်မြှောက်တက်သွားပြီး ဝင်းလက်သော အလင်းရောင်ထွက်ပေါ်လာလေသည်။

"ဝှစ် ..."

ဓားမြှောင်ကလေးများ ရိပ်ခနဲ ပျောက်ကွယ်သွား၏။

ဝမ်းရီ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

စုကျူးမြို့စား သက်ပြင်းချလိုက်သည်။

"မင်းရဲ့ ဓားပေါက်ပညာမဆိုးပါဘူး၊ ဒါပေမယ့်ကျုပ်ကို လုပ်ကြံနိုင်ဖို့ မလွယ်သေးဘူး"

"ခင်ဗျား"

"မင်းထက်အရင် ကျုပ်ဆီကိုရောက်လာကြတဲ့ ရွက်ယုနဲ့ ရှောက်ဟိုတို့လည်း မဆိုးကြပါဘူး၊ ဒါပေမယ့် သူတို့ဟာ မင်းတို့ အစ်မကြီးဆီကို ရောက်အောင်ပြန်မသွားနိုင်ခဲ့ကြဘူး"

ဝမ်းရီခေါင်း ညိတ်လိုက်သည်။

"ကျုပ်လဲပြန်သွားနိုင်မယ်လို့ မမျှော်လင့်ပါဘူး၊ ဒါပေမယ့် မြို့စားကြီးလဲ သက်သာလိမ့်မယ် မထင်ပါနဲ့ဗျာ"

စုကျူးမြို့စား သက်ပြင်းချလိုက်သည်။

"ကျုပ်က မင်းကိုလွှတ်ပေးလိုက်ချင်တယ်"

ဝမ်းရီက ...



"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ် ပြန်သွားမှာ မဟုတ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်ရဲ့အသက်ကို နှမြောနေမယ်ဆိုရင် သည်နေရာကို တောင် လာခဲ့မှာမဟုတ်ပါဘူး"

စုကျူးမြို့စား စိတ်ပျက်သွားလေသည်။

ဝမ်းရီအား ဟန့်တား၍ရတော့မည်မဟုတ်ကြောင်း နားလည်လိုက်ခြင်းကြောင့်ဖြစ်သည်။

ဝမ်းရီက ဓားမြှောင်နှစ်လက် ထုတ်ယူလိုက်သည်။

"မြို့စားကြီး သတိထားပါဗျာ"

သတိပေးစကားပြောပြီးလျှင် ဓားမြှောင်နှစ်လက်ဖြင့် ပစ်ခတ်လိုက်လေတော့သည်။

"ဝှစ် ... ဝှစ်"

စူးရှသော လေတိုးသံနှင့်အတူ ဓားမြှောင်နှစ်လက်သည် လေထုကို တိုးခွဲကာ စုကျူးမြို့စားထံသို့ ပျံဝဲသွား၏။

စုကျူးမြို့စား မလှုပ်မယှက် ရပ်နေ၏။

ဓားမြှောင်နှစ်လက်အနီးသို့ ရောက်လာသောအခါမှ လက်ဆန့်ထုတ်ကာ ဖမ်းယူထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားမြှောင်နှစ်လက်စလုံး စုကျူးမြို့စား၏ လက်ထဲသို့ ရောက်ရှိသွား၏။

ဝမ်းရှီ မကျေမနပ် ဖြစ်သွားလေသည်။

"ခင်ဗျား ရှောင်နိုင်ရင် ရှောင်ပါဦး"

နောက်ထပ်ဓားမြှောင်လေးချောင်းထုတ်ယူကာ ပစ်ခတ်လိုက်၏။

ဓားပစ်ပညာတွင် တဖက်ကမ်းခတ်ကျွမ်းကျင်သော ဝမ်းရှီမှာ စုကျူးမြို့စားနှင့်တွေ့သောအခါ ဘာမျှမတတ်နိုင်အောင် ဖြစ်နေရပါတော့သည်။

"ဝှစ် ... ဝှစ် ... ဝှစ် ... ဝှစ်"

ဓားမြှောင်လေးချောင်းသည် စုကျူးမြို့စား၏ ခန္ဓာကိုယ်ထက်အောက်ခွဲကာ တိုးဝင်သွားလေသည်။

စုကျူးမြို့စားက လက်ဝှေ့ယမ်းလိုက်လျှင် ဓားမြှောင်လေးချောင်းကို ဖမ်းယူထားပြီး ဖြစ်သွားပြန်၏။

ဝမ်းရှီအပါ်ပွကာ နောက်ထပ်ဓားမြှောင်ရှစ်ချောင်းဖြင့် ပစ်ခတ်လိုက်ပြန်သည်။

စုကျူးမြို့စားက ဓားမြှောင်ရှစ်ချောင်းစလုံးကို ဖမ်းယူထားလိုက်ပြန်လေသည်။



"တောက် ..."

ဝမ်းရှီ ဖွေ့ဖွေ့ခုန်သွားလေသည်။

"သိကြသေးတာပေါ့"

ကြုံးဝါးရင်း စုကျူးမြို့စားထံသို့ တဟုန်ထိုး ပြေးဝင်ကာ လက်ဝါးနှစ်ဖက်ဖြင့် တိုက်ခိုက်လိုက်လေသည်။

သူသေကိုယ်သေ တိုက်ကွက်ဖြစ်ရကား ကြောက်ခမန်းလိလိ ပြင်းထန်နေပါတော့သည်။

စုကျူးမြို့စား သက်ပြင်းချလိုက်သည်။

"မင်းကို မတိုက်ခိုက်လို့မဖြစ်တော့လို့ ကျုပ်ကိုခွင့်လွှတ်စေချင်တယ်"

စကားဆုံးလျှင် လက်ဝါးတစ်ဖက်ဆန့်ထုတ်ကာ ရိုက်ချပစ်လိုက်လေသည်။

"ဝုန်း ..."

ကျယ်လောင်သော အသံထွက်ပေါ်လာပြီ ဝမ်းရှီမှာအဝေးသို့လွင့်စင်သွားလေတော့သည်။

* * *

ဝမ်းရှီ မရှုမလှ အရေးနိမ့်သွားပြီ ဖြစ်လေသည်။

မြေပေါ်လဲကျသွားရာမှ ကပျာကယာ လူးလိမ့်ထလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခန္ဓာကိုယ် တဆတ်ဆတ်တုန်ယင်နေပြီး ...

"ဝေါ ..."

ပါးစပ်ထဲမှ သွေးများအန်ထုတ်လိုက်လေသည်။

ဝမ်းရီ ဒဏ်ရာပြင်းစွာ ရရှိသွားပြီဖြစ်သည်။

စုကျူးမြို့စား လက်ဝှေ့ယမ်းပြလိုက်သည်။

"မင်း သွားပါတော့"

ဝမ်းရီ အံကြိတ်လိုက်သည်။

"ကျုပ် မသွားဘူး"

မြို့စားကြီး စိတ်ပျက်သွား၏။

"မင်းဘာကြောင့် ခေါင်းမာနေရတာလဲ"

ဝမ်းရီ ပြုံးလိုက်သည်။

"အစ်မကြီးက သူခိုင်းလိုက်ရင် ဖြစ်အောင်လုပ်မှ ကြိုက်တယ်ဗျ"

စုကျူးမြို့စား မဲ့ပြုံးပြုံးလိုက်သည်။

"သည်လိုဆိုရင် သူကိုယ်တိုင်လာဖို့ ကောင်းတာပေါ့"

"မလိုပါဘူးဗျာ၊ ကျုပ်က ခင်ဗျားကို တတ်နိုင်ပါသေးတယ်"

ဝမ်းရီက အံတင်းတင်းကြိတ်ကာ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။



စုကျူးမြို့စား၏ မျက်နှာတွင် ထူးခြားသော အရိပ်အရောင်များ ဖြစ်ပေါ်လာလေသည်။

ဝမ်းရီအား မျက်တောင်မခတ်စိုက်ကြည့်ရင်း အနီးသို့ ရောက်လာသည်နှင့် လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဝုန်း ..."

ဝမ်းရီ အဝေးသို့ လွင့်စင်သွားတော့သည်။

ထိုစဉ် ...

"တော်တော် သနားစရာကောင်းတဲ့ မိန်းမပါလား"

ချိုလွင်သောစကားသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

မြို့စားကြီး လှည့်ကြည့်လိုက်လျှင် လှပစွာဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက် လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

ထိုအမျိုးသမီး၏ နောက်မှ လူတစ်ယောက်က နုန်းကွေးလေးလံသော ခြေလှမ်းများဖြင့် လိုက်ပါလာလေသည်။

ထိုလူကား ...

"မင်းစင်"

မြို့စားကြီး လွှတ်ခနဲ ရေရွတ်လိုက်လေသည်။

ထိုလူမှာ ပျောက်ဆုံးနေသော သေဆုံးသွားပြီဟု ထင်ရသော မင်းစင်ပင် ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီး မယုံနိုင်အောင် ဖြစ်သွားလေသည်။

"မင်းစင် ... မင်း ... မင်း အသက်ရှင်နေသေးတယ်နော်"

မြို့စားကြီး တအံ့တသြဖြစ်နေသည်ကိုကြည့်ကာ လှပစွာ ဝတ်ဆင်ထားသည့် အမျိုးသမီး(ဝါ)အစ်မကြီး ရှမ်းကျဲ့ကျဲ့က ရယ်မောလိုက်လေသည်။

"ဟုတ်ပါတယ်ရှင်၊ မင်းစင်က ရှင့်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ ရှင်းစွမ်းကို သုတ်သင်လိုက်တယ်လေ၊ ရှင်းစွမ်းက သေတာမှမဟုတ်ဘဲ၊ ဒါကြောင့် သူလဲ ဘယ်သက်သာပါ့မလဲရှင်၊ ပြီးတော့ ကျွန်မရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိနေသေးတယ်လေ"

"သြော် ..."

မြို့စားကြီး သက်ပြင်းချလိုက်သည်။

မင်းစင်မှာ ရှမ်းကျဲကျဲ စေလွှတ်လိုက်သော ကြေးစား တစ်ယောက် ဖြစ်ပါသည်။

ရှောင်တီနှင့် တွေ့မှ စိတ်ပြောင်းကာ လူကောင်းတစ်ယောက် ဖြစ်လာခဲ့ခြင်းပင် ...

ယခုတော့

မင်းစင်းသည် ရှမ်းကျဲ့ကျဲ့၏ လက်တွင်းသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ပါသည်။



စုကျူးမြို့စား မဲ့ပြုံးပြုံးလိုက်သည်။

"သူက မင်းရဲ့စကားကို နားထောင်မယ်ဆိုတာ သေချာရဲ့လား"

"သိပ်သေချာတာပေါ့ရှင်"

မြို့စားကြီး ပခုံးတွန့်လိုက်၏။

"ကျုပ်ကတော့ သိပ်မယုံချင်သေးဘူး"

"စိတ်ချ ကျွန်မ လက်တွေ့ပြနိုင်ပါတယ်"

ရှမ်းကျဲ့ကျဲ့က မင်းစင်ဘက်သို့ လှည့်လိုက်၏။

"မင်းစင်"

မင်းစင် ဦးညွှတ်လိုက်သည်။

"အမိန့်ရှိပါ အစ်မကြီး"

"မင်းဟာ ငါ့စကားနားထောင်မယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ကောင်းပြီ စုကျူးမြို့စားကို မင်း [illegible]သင်ရှင်းလင်းပစ်ရမယ်"

"ဟုတ်ကဲ့"

မင်းစင်က မြို့စားကြီးဘက်သို့ လှည့်လိုက်လေသည်။

မြို့စားကြီး သက်ပြင်းချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းစင် မင်း ဘယ်လိုဖြစ်နေတာလဲ"

ရှမ်းကျဲ့ကျဲ့ ရယ်မောလိုက်သည်။

"သူဟာ ကြေးစားဘဝကလာတာလေ။ အခုဆိုရင် ကြေးစားတစ်ယောက် ပြန်ဖြစ်သွားပြီပေါ့ရှင်"

"ဩော် ..."

မြို့စားကြီးက ရှမ်းကျဲ့ကျဲ့အား စိုက်ကြည့်လိုက်၏။

"မင်းက ဘာကြောင့်များ ကျုပ်ကို သည်လောက်တောင် သဲကြီးမဲကြီး ဖြစ်နေရတာလဲ"

ရှမ်းကျဲ့ကျဲ့ ခေါင်းညိတ်လိုက်၏။

"ကျွန်မရဲ့ဘဝမှာ ရှင့်ဟာ မလိုလားအမုန်းဆုံး လူတစ်ယောက် ဖြစ်နေလို့ပေါ့ရှင်"

"ကျုပ်က မင်းရဲ့ရန်သူလား"

"ဟုတ်တယ်လေ၊ ကျွန်မက ကြေးစားလုပ်ငန်းကိုလုပ်ကိုင်တယ်၊ မြို့စားကြီးဟာ ကျွန်မတို့ကိုချေမှုန်းပစ်ဖို့ အမြဲတန်း ကြိုးစားနေခဲ့တယ်၊ သည်တော့ ရန်သူတွေ ဖြစ်မနေကြဘူးလားရှင်"

"မင်းတို့လို ဒုစရိုက်သမားတွေကို ချေမှုန်းသုတ်သင်ပစ်ဖို့က ကျုပ်ရဲ့တာဝန်ပဲ"

"ကျွန်မတို့ကလဲ ကိုယ်သွားရမယ့်လမ်းခရီးမှာ အတားအဆီး အနှောင့်အယှက်တွေ ရှိလာရင် သုတ်သင်ဖယ်ရှားပစ်ရမှာပဲရှင်"



မြို့စားကြီး သက်ပြင်းချလိုက်လေသည်။

"ကောင်းပြီလေ ... ကျုပ်ကိုသုတ်သင်ဖို့ မင်းတို့ရောက်လာပြီ မဟုတ်လား၊ ဘာကြောင့် အချိန်ဖြုန်းနေကြတာလဲ"

ရှမ်းကျဲ့ကျဲ့ ပြုံးလိုက်သည်။

"စိတ်ချပါရှင်"

သူမသည် မင်းစင်ဘက်သို့ လှည့်ကာ အမိန့်ပေးလိုက်၏။

"မင်းစင် မြို့စားကြီးကို ရှင်းပစ်လိုက်စမ်း"

"ဟုတ်ကဲ့ အစ်မကြီး"

မင်းစင်က ရှေ့သို့ လှမ်းထွက်လိုက်လေသည်။

မြို့စားကြီး ဒေါပွသွား၏။

"မင်းစင် မင်းက ငါ့ကိုသုတ်သင်ဖို့ ကြိုးစားတယ် ဟုတ်လား"

မင်းစင် ဘာမှမပြောပါ။

"မင်း ငါ့ရှေ့မှာ ရှောက်ဟိုနဲ့ ရွက်ယုတို့ ဘာဖြစ်သွားကြသလဲဆိုတာ မင်းတွေ့တယ်မဟုတ်လား"

မင်းစင် ငြိမ်နေဆဲ ...

ရှမ်းကျဲ့ကျဲ့က အော်ပြောလိုက်သည်။

"မင်းစင် ဘာမှ ကြောက်စရာမလိုဘူး၊ မြို့စားကြီးကို သုတ်သင်ပစ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မင်းစင်က ရှေ့တိုးရန် ဟန်ပြင်လိုက်ပြီးမှ ရုတ်တရက် နောက်သို့ လှည့်ကာ ရှမ်းကျဲ့ကျဲ့အား လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

"ဟင် ..."

မမျှော်လင့်သော ဖြစ်ရပ်ကြောင့် ရှမ်းကျဲ့ကျဲ့ ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"မင်း ...ဘယ်လိုလုပ်လိုက်တာလဲ"

အော်ပြောရင်း ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

သို့သော်

"ဟူး ... ဟူး ... ဟူး"

မင်းစင်က ပြင်းပြင်းထန်ထန် လိုက်လံတိုက်ခိုက်လိုက်လေသည်။

ရှမ်းကျဲ့ကျဲ့၏ပညာမှာ မင်းစင်ထက် သာလွန်နေပါ၏။

သို့သော် အလစ်အငိုက်ဖမ်းကာ တိုက်ခိုက်ခြင်းခံလိုက်ရသဖြင့် ရှောင်တိမ်းဖို့ ခက်ခဲသွားခြင်းဖြစ်လေသည်။

မြို့စားကြီး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

မင်းစင်၏ လုပ်ရပ်ကိုနားမလည်နိုင်အောင် ဖြစ်နေပါတော့သည်။



ရှမ်းကျဲ့ကျဲ့က အလူးအလဲ ရှောင်တိမ်းလိုက်သည့်အပြင် မင်းစင်၏ တိုက်ခိုက်မှုမှ လွတ်မြောက်နိုင်ခြင်း မရှိတော့ပါချေ။

ပြန်လည်ခုခံနေသည့်ကြားမှ မင်းစင်၏လက်ဝါး ရိုက်ချက် တစ်ချက်ကို ခံလိုက်ရလေတော့သည်။

"ဝုန်း ..."

"အမလေး"

ရှမ်းကျဲ့ကျဲ့ မသဲမကွဲ ညည်းညူရင်း အဝေးသို့လွင့်စင်သွား လေတော့သည်။

★ ★ ★

ရှမ်းကျဲ့ကျဲ့ မြေပေါ်သို့ လဲကျသွားလေသည်။

မင်းစင်က ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ပါ။

တိုက်ခိုက်စရာလည်း မလိုအပ်တော့ပါဘူး။

ရှမ်းကျဲ့ကျဲ့ လူးလိမ့်ထရင်း ...

"ဝေါ့"

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်လေသည်။

မင်းစင်ကို မျက်လုံးပြူးကာ ကြည့်လိုက်၏။

"မင်းစင် ... မင်း"

မင်းစင်က မလှုပ်မယှက် ရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းကျဲ့ကျဲ့ ဒေါသတကြီးအော်လိုက်သည်။

"မင်းစင် ငါ့ကိုကျေးဇူးဆပ်လိုက်တာပေါ့လေ၊ မင်း မင်း"

သူမသည် လက်နှစ်ဘက်ဆန့်တန်းကာ မင်းစင်အား တိုက်ခိုက်ရန် ကြိုးစားလိုက်လေသည်။

သို့သော် ဒဏ်ရာမြင်းစွာ ရသွားပြီးရကား ကိုယ့်ကိုကိုယ် မဟာန်နိုင်တော့ပါချေ။

ဒယိမ်းဒယိုင်ဖြင့် ရှေ့သို့လှမ်းလာရင်း ...

"ဝုန်း"မြေပေါ်သို့ ပုံလျက်သားလဲကျသွား၏။

ထို့နောက် ပြန်ထမလာနိုင်တော့ပဲ မလှုပ်မယှက်ငြိမ်သက်သွားလေတော့သည်။

* * *

## အငြိမ်းကြီးစားရ

ရှမ်းကျဲ့ကျဲ့ မလှုပ်မယှက်ဖြစ်နေ၏။

ကြေးစားလောက၏ထိပ်သီးတစ်ယေ ကဲ့ဖြစ်ခဲ့သော ရှမ်းကျဲ့ကျဲ့မှာ မင်းစင်၏လက်ချက်ဖြင့် လေ က ကြီးကိုကျော်ခိုင်းသွားခဲ့ရပြီ ဖြစ်လေသည်။

မြို့စားကြီး သက်ပြင်းချလိုက်သည်။

"မင်းစင်, ကျုပ်က ယုံတောင်မယုံနို ော့ဘူး"

မင်းစင်က ဦးညွှတ်လိုက်သည်။

"မြို့စားကြီးကို ကျွန်တော် တောင်း နံပါတယ်ခင်ဗျာ"

မြို့စားကြီး ပြုံးလိုက်သည်။

"မင်းမှာ ပြောစရာစကားတွေ ရှိနေ ပ်ထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောစမ်းပါဦး"

မင်းစင်က ရှင်းပြလိုက်လေသည်။

"ကျွန်တော်ဟာ ရှင်းစွမ်းကို ဟန့်တားတိုက်ခိုက်ရင်း နှစ်ယောက်စလုံး ချောက်ထဲကျသွားခဲ့ပါတယ်၊ ရှင်းစွမ်း သေဆုံးသွားခဲ့ပါပြီ"

မြို့စားကြီးက ...

"မင်းက အသက်ရှင်နေပါလျက် ဘာကြောင့်ကျုပ်ဆီကို ပြန်မလာခဲ့တာလဲ"

"ရှမ်းကျဲ့ကျဲ့နဲ့ ကြေးစားဝမ်းရီတို့ ကျန်နေသေးလို့ပါ၊ သူတို့ဟာ မြို့စားကြီးကို အကောက်ကြံဖို့ ဆက်ပြီး ကြံစည်နေဦးမှာမို့ပါ"

မြို့စားကြီး မျက်မှောင်ကြုတ်သွား၏။

"မင်းက သူတို့ကိုရှင်းပစ်ဖို့ ကျုပ်ဆီကို ပြန်မလာသေးပဲ ကြိုးစားခဲ့တာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ခုတော့ အန္တရာယ်အားလုံးကို ဖယ်ရှားပြီးခဲ့ပါပြီ"

မြို့စားကြီး ပြုံးလိုက်သည်။

"မင်းစင် မင်းသိပ်တော်တယ်"



မင်းစင်က ဦးညွှတ်လိုက်သည်။

"မြို့စားကြီးကိုကျေးဇူးတင်ပါတယ်ခ ဗျာ"

မြို့စားကြီး လက်ဝှေ့ယမ်းပြလိုက်၏။

"တို့တွေ နောက်မှအေးအေးဆေးဆေး စ ားပြောကြတာပေါ့၊ ရှောင်တီဆီကို သွားတွေ့လိုက်ပါဦး"

"ဟုတ်ကဲ့"

မင်းစင်က ထွက်သွားရန်ဟန့် ပြင်ပြီ ခ နောက်လှည့်ကာ မြို့စားကြီး၏ရင်ဝကို ဓားမြှောင်တစ်လက်ြ င့် ထိုးစိုက်ချလိုက်လေသည်။

သို့သော် မြို့စားကြီး၏လှုပ်ရှားမှုက ျွေ့ယက်ပို၍မြန်ဆန်နေပါသည်။

မင်းစင်၏ ဓားကိုင်ထားသော လက်ေ ာက်ဝတ်ကို ဆုပ်ကိုင်ကာ ဆောင့်တွန်းလိုက်လျှင် ဓားမြှောင်သ ည်မင်းစင်၏ရင်ဝနှ ပြန်စိုက်ဝင်သွားလေတော့သည်။

"အား ..."

မင်းစင် စူးရှစွာ အော်ဟစ်လိုက်၏။

ဒယီးဒယိုင်ဖြင့် နောက်ဆုတ်ရင်း ...

"ခင် ... ခင်ဗျား"

www.burmeseclassic.com

www.burmeseclassic.com



ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

မြို့စားကြီး ပြုံးလိုက်သည်။

"ရှင်းစွမ်း မင်းညာဏ်များတယ်ဆိုတာ ငါမသိဘဲနေပါ့မလား"

"ခင် ... ခင်ဗျား"

"မင်းစင်သာ အသက်ရှင်နေခဲ့ရင် ရှောင်တီဆီကို ချက်ချင်း ပြန်လာမယ်ဆိုတာ ငါယုံကြည်ထားတယ်"

"တောက် ..."

မင်းစင်က တက်ခေါက်လိုက်၏။

အမှန်တော့ ထိုလူမှာ မင်းစင်မဟုတ်ဘဲ ရှင်းစွမ်းဖြစ်နေ၏။

ရှင်းစွမ်းသည် မင်းစင်နှင့်တိုက်ခိုက်ရင်း ချောက်ထဲကျသွားပြီးနောက် ကံကောင်းထောက်မပြီး အသက်ရှင်ခဲ့၏။

သူက ထွက်ပြေးရှောင်တိမ်းသော်လည်း သူ၏အကြံအစည်များ ပျက်စီးသွားရသည့်အဖြစ်ကို မလိုလားပါ။

ထို့ကြောင့် မင်းစင်ဟန်ဆောင်ကာ တစ်ဖန်ပြန်လည်လှုပ်ရှားလာခဲ့ခြင်း ဖြစ်သည်။

စုကျူးမြို့စားအနီးသို့ အလွယ်တကူ ချဉ်းကပ်နိုင်ရန်၏။

ရှမ်းကျဲ့ကျဲ့တို့အား ခုတုံးလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

မြို့စားကြီးမှာလည်း ထူးခြားသူတစ်ယောက် ဖြစ်သည်။



သူက မင်းစင်သေဆုံးသွားပြီး ရှင်းစွ ... လွတ်မြောက်သွား သည်ဟု အခိုင်အမာယုံကြည်ထားသည်။

ထို့ကြောင့်လည်း ရှင်းစွမ်း၏လှည့် ... ဒ်မ လွတ်မြောက် သွားခဲ့ခြင်း ဖြစ်လေသည်။

"မင်းစင်သာ အသက်ရှင်လျက် ချော ... က လွတ်မြောက် လာမယ်ဆိုရင် ငါ့ဆီကို အရင်ဆုံးလာတွေ့ မှာပဲ"

ထိုစကားကို သူအမြဲပြောခဲ့သည် မ ... ပါလား။

မြို့စားကြီး၏ ခိုင်မာသော ယုံကြည် ... ကြောင့် ရှင်းစွမ်း အား ဆုံးမနိုင်ခဲ့ခြင်း ဖြစ်လေသည်။

"ဝုန်း ..."

မင်းစင် ဟန်ဆောင်ထားသော ရှင်းစွ ... မြေပေါ် လဲကျသွား ၏။

ထိုစဉ် ...

"ဖေဖေ"

စိုးရိမ်တကြီးခေါ်သံနှင့်အတူ ရှောင်ငေ ... ပြေးလွှားလာလေ သည်။

မြို့စားကြီး စိတ်မကောင်းဖြစ်သွား၏။

ယခု တစ်ကြိမ် ...

www.burmeseclassic.com

www.burmeseclassic.com



မင်းစင် သေဆုံးသွားပြီဖြစ်ကြောင်း ရှောင်တိအား နိုင်နိုင်မှာမှာ ပြောဆိုရတော့မည် မဟုတ်ပါလား။

မြို့စားကြီးမှာ သမီးဖြစ်သူအား ဖျောင်းဖျနှစ်သိမ့်ရန် အားမွေးထားလိုက်ရလေတော့သည်။

ဒုတိယစာတွဲသိမ်းပိုင်း ပြီး၏။

တက္ကသိုလ်သိပ္ပံအောင်

BURMESE CLASSIC

www.burmeseclassic.com